# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday, 1 January 2021 ၁၀၂၄၄


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)



# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၂၀၂၁ ခုနှစ်၊ နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကား

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူ နိုင်ငံသား မိဘပြည်သူများခင်ဗျား-**

၂၀၂၁ ခုနှစ်၊ နှစ်သစ်အခါသမယမှာ နိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြီးခဲ့တဲ့နှစ်များအတွင်း မိမိတို့အစိုးရဟာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားများ ပြည့်ဝကောင်းမွန်ရေး၊ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကဏ္ဍကြီး (၁၁) ရပ် သတ်မှတ်ပြီးတော့ ရေတို၊ ရေရှည်စီမံကိန်းတွေ ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပြီးမြောက် အောင်မြင်ခဲ့တဲ့ လုပ်ငန်းအများအပြားရှိသလို ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေလည်း ကျန်ရှိပါတယ်။ လာမယ့်နှစ်များအတွင်းမှာ ဆောင်ရွက်ဆဲလုပ်ငန်းတွေ ပြီးစီးရုံသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ကဏ္ဍနယ်ပယ်အသီးသီးမှာ နိုင်ငံသူ နိုင်ငံသားတို့အတွက် ပိုမိုကောင်းမွန်တဲ့ အနေအထားများနဲ့ အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်ဖို့ ပြည်သူများနဲ့လက်တွဲပြီး ဆက်လက်အားထုတ် ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

**နိုင်ငံသူ နိုင်ငံသား မိဘပြည်သူများခင်ဗျား-**

နိုင်ငံတစ်ခု တိုးတက်အောင်မြင်ရေးအတွက် အရေးကြီးဆုံး အခြေခံအချက်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးရေးဖြစ်ပါတယ်။ ဒီအတွက် ဆောင်ရွက်ရာမှာ ပြည်သူတို့ရဲ့

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

**နိုင်ငံတော်အစိုးရနဲ့ ပြည်သူလူထုရဲ့ ညီညွတ်မှုစွမ်းအားနဲ့ ကိုဗစ်ကပ်ရောဂါဘေးကြောင့် ဖြစ်လာတဲ့ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကျော်လွှားအောင်မြင်နိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။**

## ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကား

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ၂၀၂၁ ခုနှစ် နှစ်သစ်အခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

**နှစ်သစ်မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး**

- စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်သူများ ဖြစ်ကြပါစေ။
- လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကြပါစေ။
- COVID – 19 ကပ်ရောဂါဘေးမှလည်း အမြန်ဆုံးကင်းဝေးပြီး ကျန်းမာခြင်းသုခများနဲ့ ပြည့်စုံကြပါစေ။
- တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ **"ငြိမ်းချမ်းရေး"** ကို အမြန်ဆုံးရရှိနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကား

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား –**



၂၀၂၁ ခုနှစ်ရဲ့ နှစ်သစ်ကူးအခါသမယမှာ နိုင်ငံသူ/နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

နှစ်သစ်တို့မည်သည် စိန်ခေါ်မှုအသစ်များနဲ့အတူ အခွင့်အလမ်းသစ်များကို ခေါ်ဆောင်လာတတ်ကြပါတယ်။ ယခုနှစ်သစ်မှာလည်း ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအတွက် အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများနဲ့အတူ ကျွန်တော်တို့အားလုံး လိုလားတောင့်တတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် အခွင့်အလမ်းသစ်တွေ ရှိနေမယ်လို့ ယုံကြည်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


**နှစ်သစ်ကူးမင်္ဂလာ ဆုတောင်းလွှာ**

မင်္ဂလာရှိသော ၂၀၂၁ခုနှစ် နှစ်သစ်ချိန်ခါသမယမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း ကိုဗစ် – ၁၉ ကပ်ရောဂါဘေးမှ ကင်းဝေးပြီး မိမိတို့၏ လုပ်ငန်းဆောင်တာများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်ပြည့်စုံကာ စီးပွားလာဘ်လာဘများ ဒီရေအလားကြီးပွားတိုးတက်ပါစေကြောင်း ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစုက နှစ်သစ်ကူးဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# ကြေးမုံ

## နှစ်သစ်မှာ ကျက်သရေတက်နေအလား

ယနေ့သည် ခရစ်နှစ် ၂၀၂၀ ပြည့်နှစ်ကိုလွန်မြောက်၍ ၂၀၂၁ ခုနှစ်သို့ စတင်ကူးပြောင်းရောက်ရှိသောနေ့ ဖြစ်သည်။ တစ်နှစ်မှတစ်နှစ်သို့ ကူးပြောင်းခြင်းသည် လောကသဘာဝဖြစ်သော်လည်း ယခုနှစ်သစ်သည် မိမိတို့နိုင်ငံကို အသစ်တစ်ဖန် စတင်သန့်စင်မည့် ထူးခြားသည့်နှစ်တစ်နှစ်ဖြစ်၍ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နှစ်သစ်ဖြစ်စေရန် ပြည်သူပြည်သားအားလုံး လက်တွဲညီညာ ပူးပေါင်းပါဝင်ကြရမည် ဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးနှင့်အတူ ကိုဗစ်-၁၉ ရောဂါဆိုးကြီးကို ကြုံတွေ့ခံစားကြရပြီး ယင်းရောဂါကြောင့် နိုင်ငံတော်၏ စီးပွားရေးသာမက ပြည်သူလူထု၏ လူမှုစီးပွားဘဝများပါ တုံ့ဆိုင်းနှေးကွေးယိုင်နဲ့ခဲ့ရသည်။ ယခု ၂၀၂၁ ခုနှစ် နှစ်သစ်တွင် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူလူထု လူမှုစီးပွား ပြန်လည်ဦးမော့လာရေးအတွက် ရရှိထားသော အလားအလာကောင်းများကို ထပ်မံအရှိန်အဟုန်မြှင့်တင်၍ တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်မည်ဟု မျှော်မှန်းထားသဖြင့် အဓိကလိုအပ်ချက်ဖြစ်သည့် ယုံမှားသံသယကင်းပြီး အချင်းချင်းနားလည်မှုရှိရေးကို မဖြစ်မနေတည်ဆောက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်လျားစွာ တိုင်းရင်းသားပြည်သူအချင်းချင်းကြား သံသယများ၊ မယုံကြည်မှုများကြောင့် ယနေ့ကာလအထိ သူတစ်ပါး၏နောက်တွင် ရှန်းကန်နေကြရသည်ကို အားလုံးအသိပင်ဖြစ်သည်။

ထို့ကြောင့် ယခု နှစ်သစ်မှစ၍ ပြည်ထောင်စုနိုင်ငံတော်ကြီး တိုးတက်သစ်လွင်လာအောင် ကြိုးပမ်းအားထုတ်ရမည် ဖြစ်သည်။ ကောင်းသောယဉ်ကျေးမှုသစ်များ ထွန်းကားလာစေရန်အတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုများ အားကောင်းတိုးတက်လာရန် အစီအမံအမျိုးမျိုး၊ မဟာဗျူဟာအမျိုးမျိုးဖြင့် တည်ဆောက်ကြရမည် ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာတွင် ပညာပြည့်ဝပြီး အမြင်ကျယ်၊ သဘောထားကြီးသည့် မေတ္တာတရားထွန်းကားသော လူ့အသိုင်းအဝိုင်းဖြစ်ပေါ်လာအောင် ကျင့်ကြံအားထုတ်ရမည်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာတွင် ဖွံ့ဖြိုးမှုမှအစ ခေတ်မီတိုးတက်ရေးအပိုင်းတွင်လည်း တိုင်းရင်းသားပြည်သူများ လက်တွေ့အသုံးချနိုင်စေရန် ဖန်တီးပေးရမည် ဖြစ်သည်။

ယင်းအစီအမံများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အခါမလပ်လမ်းမှန်ညွှန်ပြမှုများရှိပြီး ယင်းတို့ကို မှတ်သားနာယူ၍ တွေးခေါ်မြော်မြင်မှုတရားနှင့် ဆင်ခြင်ဉာဏ်သတိအားကောင်းလာအောင် ပျိုးထောင်မွေးမြူအားထုတ်ကြမည် ဖြစ်သည်။ ပတ်ဝန်းကျင်၏ဖြစ်ပေါ်နေသည့် အနေအထားသည် လူ့စိတ်နှလုံးအပေါ်သို့ တိုက်ရိုက်သက်ရောက်မှုရှိသဖြင့် နိုင်ငံတော်အစိုးရက ဝန်းကျင်ကောင်းများဖန်တီးပေးနေမှုများကို သတိမူပါဝင်ဆောင်ရွက်သင့်သည်။ သာဓကအားဖြင့် တိုးတက်သောနိုင်ငံများ၏ ပတ်ဝန်းကျင်သည် စည်းကမ်းလိုက်နာသန့်ရှင်းသန့်ပြန့်ပြီး မတိုးတက်သော နိုင်ငံများ၏ ပတ်ဝန်းကျင်သည် ညစ်နွမ်းပြီးစည်းကမ်းမဲ့သည်တို့ကို တွေ့ရမည် ဖြစ်သည်။

နှစ်ဟောင်းတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကြောင့် ပြည်သူများအနေဖြင့် မည်သည်တို့ကို ရှောင်ကြဉ်၊ မည်သည်တို့ကို လိုက်နာရမည်ကို နားလည်လာကြပြီ ဖြစ်သည်။ ပြည်သူသည်သာ အဓိကဖြစ်၍ စည်းကမ်းလိုက်နာခြင်းဖြင့် ရရှိသောအကျိုးရလဒ်များနှင့် စည်းကမ်းမလိုက်နာ၍ ကြုံတွေ့ရသည့်ဆိုးကျိုးများကို သိရှိနားလည်လာကြပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအကျိုးစီးပွားအတွက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်မထားဘဲ တန်းတူညီမျှဆောင်ရွက်ပေးနိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ်သလို လက်တွေ့လည်း ဆောင်ရွက်ပေးနေသည်။

ယခုနှစ်သစ်သည် အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်ဖြတ်လာခဲ့ပြီး ကျန်ရှိနေသေးသော စိန်ခေါ်မှုအခက်အခဲများကို ပြည်သူများ၏စည်းလုံးညီညွတ်မှုအားဖြင့် အပြီးတိုင်လက်တွဲကျော်လွှားကြမည် ဖြစ်သည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံမည့် ယခုနှစ်သစ်သည် ပြည်သူများ၏ ညီညွတ်သောအားမာန်များကို မြှင့်တင်၍ ဆက်လက်ကြိုးပမ်းအားထုတ်ကြပါလျှင် ရည်ရွယ်ထားသည့် လိုလားချက်များ၊ မျှော်မှန်းထားသည့်ပန်းတိုင်များသို့ မလွဲမသွေရောက်ရှိမည်မှာ သေချာပါသည်။

သို့ဖြစ်ရာ ခရစ်နှစ် ၂၀၂၁ ခုနှစ် မင်္ဂလာရှိသော နှစ်သစ်ကာလတွင် ကျက်သရေတက်နေအလား တိုင်းပြည်နှင့်ပြည်သူလူထု၏ အကျိုးစီးပွားများ ဒီရေအလားတိုးပွားစေရန်အတွက် နိုးကြားထက်သန်သည့် အားမာန်များနှင့် စည်းလုံးညီညွတ်သောခွန်အားများဖြင့် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါသည်။ မြန်မာပြည်ကြီး ဘေးဘယာဝေးကွာ၍ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် ကြေးမုံက နှစ်သစ်တွင် တောင်းဆုပြုလိုက်ပါသည်။ ။

## ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊

## နှစ်သစ်အခါသမယ ဆုတောင်းမေတ္တာပို့သ

ယနေ့သည် ၂၀၂၀ ပြည့်နှစ်ကုန်ဆုံး၍ ၂၀၂၁ ခုနှစ်သို့ စတင်ကူးပြောင်းရောက်ရှိသည့် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပေသည်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ စတင်ကူးပြောင်းရောက်ရှိသော အခါသမယတွင် နှစ်ဟောင်းမှ အတွေးအခေါ်၊ အယူအဆဟောင်းများကို စွန့်ပစ်၍ နှစ်သစ်တွင် အတွေးသစ်အမြင်သစ်၊ အယူအဆသစ်၊ အလုပ်အကိုင်သစ်များဖြင့် မင်္ဂလာရှိသောနှစ်၊ တိုးတက်ကောင်းမွန်သောနှစ်သစ် ဖြစ်ပါစေ။ နိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြသည့် မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါဘေးမှ ကင်းဝေးကြပါစေကြောင်း ကြေးမုံမှ ဆုတောင်းမေတ္တာပို့သပါသည်။

ကြေးမုံသတင်းစာတိုက် မိသားစု

## သတိပေးနှိုးဆော်ချက်

(၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂.၁.၂၀၂၁ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄.၁.၂၀၂၁ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂၀၀) နာရီအချိန်မှ (၀၈၀၀) နာရီအချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရောဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## အများပြည်သူသို့ အသိပေး ကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ) အရ "မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍ မောင်းနှင်ကြပါရန်" အသိပေးအပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

## စာပေမြင့်မှ လူမျိုးတင့်မည်


ကြေးမုံ


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ နှစ်သစ်ကူးဆုတောင်း

နှစ်သစ်ကူးမင်္ဂလာအခါ၌ ဆုတောင်းမင်္ဂလာစကား ပြောကြားလိုသည်မှာ ရှေးနှစ်ပေါင်း ၂၅၀၀ ကျော် ဘုရားလက်ထက်က ဝေသာလီပြည်၌ ကပ်ကြီး ၃ ပါး ဆိုက်ရောက်ဖူးသည်။ (၁) ရောဂန္တရကပ်၊ (၂) ဘီလူးသူရဲကပ်၊ (၃) အစာငတ်မွတ်သည့် ဒုဗ္ဘိက္ခန္တရကပ် ဤကပ်ကြီး ၃ ပါးကြောင့် သတ္တဝါတွေ ဒုက္ခအကြီးအကျယ် ဆိုက်ရောက်နေခဲ့ပါသည်။ ထိုအခါ မြတ်စွာဘုရားရှင်က ညီတော်အာနန္ဒာထေရ်ကို ရတနသုတ်သင်ပြပေးပြီး နေရာအနှံ့ရွတ်စေပါသည်။ မကြာမီ ကပ်ကြီး ၃ ပါး ကင်းပျောက်ချမ်းသာသွားကြပါသည်။

ဒို့မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းလည်း ရတနသုတ်တရားကို နေ့ရောညပါ အခါခပ်သိမ်း ရွတ်ဖတ်ပူဇော်နိုင်ကြပါစေ၊ ဒါနသီလတို့ကိုလည်း ဆောက်တည်၍ နတ်ဗြဟ္မာအပေါင်းအား အမျှအမျှပေးဝေနိုင်ကြပါစေ၊ နတ်ဗြဟ္မာအပေါင်းအမျှရ၍ ကျန်းမာချမ်းသာဘုန်းတန်ခိုးကြီးကြပါစေ၊ နတ်ဗြဟ္မာအပေါင်းသူတော်ကောင်းတို့က ကျေးဇူးတုံ့ပြန်သောအားဖြင့် နိုင်ငံသူ နိုင်ငံသား ကမ္ဘာသူ ကမ္ဘာသားတို့အား ဆိုက်ရောက်နေသော ကိုဗစ် – ၁၉ ရောဂန္တရကပ်ဆိုးကြီးမှ အမြန်ကင်းဝေးအောင် စောင့်ရှောက်ကြပါစေကုန်သတည်း။

ဘဒ္ဒန္တကုမာရာဘိဝံသ၊ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ရန်ကုန်၊ ကမ္ဘာအေး။

# သီတဂူဆရာတော်၏ ၂၀၂၁ နှစ်သစ်ကူး အထူးစကားလက်ဆောင်



" ဘဝပင်လယ်ကို ဘယ်လို ကူးမလဲ"

ဘဝဆိုတာ ကျယ်ပြန့်တယ်၊ နက်ရှိုင်းတယ်၊ မုန်တိုင်းလည်း ထန်တယ်၊ လှိုင်းတံပိုးလည်းထူတယ်၊ ဝဲစုပ်၍လည်း မြုပ်တတ်တယ်၊ အကူးခက်တယ်၊ ပင်လယ်နဲ့တူတယ်။ ရပ်နေလျှင်သော်လည်းကောင်း၊ မကူးတတ်လျှင်သော်လည်းကောင်း မြုပ်လည်းမြုပ်နိုင်တယ်၊ မျောလည်း မျောနိုင်တယ်။

* ဟိုဘက်ကမ်း ရောက်လိုလျှင်တော့ ကူးခတ်နေရမှာပဲ။
* ကူးခတ်နည်း အမှန်သိဖို့ လိုတယ်။
* ကူးခတ်နည်း တတ်မြောက်ဖို့ လိုတယ်။
* ကူးခတ်နည်း ကျွမ်းကျင်ဖို့ လိုတယ်။

ရဲရင့်သော သတ္တိ၊ ခိုင်မာသော ယုံကြည်ချက်၊ ပြင်းထန်သော ဇွဲလုံ့လ၊ ထက်မြက်သော ပညာတို့ဖြင့် ငါး လိပ် မကာရ်း ဘေးအန္တရာယ်ပြွမ်းသော ဘဝပင်လယ်ခရီးကြမ်းကို ကူးသန်းရာ၌ တစ်ခုတည်းသော နည်းစနစ်မှာ အလွန်ရှေးကျသော စနစ်ဟောင်း နည်းဟောင်း ဖြစ်ပါတယ်။

အဲဒါကတော့ ရှစ်အင်္ဂါရှိသော အရိယာမဂ္ဂင် (Eightfold Noble Path) ဖြစ်ပါတယ်။

အတိတ်က အရိယာတွေ ဒီမဂ္ဂင်ဖောင်ကိုစီး၍ ကူးမြောက်တော်မူကြကုန်ပြီ။

အနာဂတ်၌ ပေါ်ပေါက်လာကြမည့် သူတော်ကောင်းများလည်း ဤမဂ္ဂင်ရှစ်ပါးဖြင့် ဘဝပင်လယ်ကို ဟိုဘက်ကမ်းရောက် ကူးမြောက်တော်မူကြပါလေဦးမည်။

ကျွန်ုပ်တို့၏ မျက်မှောက်ကမ္ဘာမှာလည်း အရိယာသူတော်ကောင်းတွေ ဤတစ်ခုတည်းသော ဧကာယန – Noble Path စနစ်ဖြင့် ဘဝပင်လယ်ကို ကူးဖြတ်နေကြပါပြီ။

အို… သူတော်ကောင်းတို့၊ လာရောက်ကြကုန်လော့ …, ကူးခတ်ကြကုန်လော့၊

နက်ရှိုင်းသော ကျယ်ပြန့်သော လှိုင်းတံပိုးထူသော မုန်တိုင်းထန်သော ဘေးရန်များသော ဘဝပင်လယ်ကို ဖြတ်ကျော်နိုင်သောစနစ် (OLOGY) မှာ တစ်ခုတည်းသာ ဖြစ်ပါသည်။

မဂ္ဂင်ရှစ်ပါးတည်းဟူသော တစ်ခုတည်းသော ရှေးဟောင်းနည်း ဖြစ်ပါသည်။

အရေးကြီးဆုံးကတော့ ရေကူးနည်း ဖြစ်ပါသည်။

Swimology is the most important.
The most important is the Swimology.
THIS IS THE EIGHTFOLD NOBLE PATH

သီတဂူဆရာတော်
စစ်ကိုင်းတောင်ရိုး
စစ်ကိုင်းမြို့

# ပါမောက္ခချုပ် ဆရာတော်၏ နှစ်သစ်ကူးဩဝါဒ



ကမ္ဘာ့နိုင်ငံ အနှံ့အပြားမှာ COVID–19 ကပ်ရောဂါဖြစ်ပွားလျက်ရှိသောကြောင့် လူတိုင်းလူတိုင်း ပူပန်ကြောင့်ကြ စိုးရိမ်သောကဖြင့် ၂၀၂၀ ပြည့်နှစ်သည် ကုန်ဆုံးခဲ့လေပြီ။ ၂၀၁၉ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ကမ္ဘာ့ကပ်ရောဂါကြီးသည် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှစ၍ မြန်မာနိုင်ငံသို့ ရောက်ရှိကူးစက်ခဲ့ပြီး ယနေ့တိုင် ပြန့်ပွားနေဆဲဖြစ်သည်။

၂၀၂၀ ပြည့်နှစ်အတွင်း ကပ်ရောဂါစွဲကပ်၍ ကျန်းမာရေးဆုံးရှုံးခဲ့ကြသော မြန်မာနိုင်ငံသား ထောင်ဂဏန်းအရေအတွက် ရှိခဲ့လေသည်။ ကျန်းမာရေးဆုံးရှုံးခြင်းသည် အရာခပ်သိမ်းကို ဆုံးရှုံးခြင်းပင်ဖြစ်သည်။ ကျန်းမာရေးထိခိုက်ပြီး အသက်ဆုံးရှုံးသွားကြသော ရဟန်းရှင်လူ ပြည်သူများအတွက် ကုသိုလ်အမျှဝေငှကြပါမည်။ ပျော်ရွှင်ချမ်းမြေ့သောဘဝကို ရရှိကြစေရန် ဆုမွန်ကောင်းတောင်းကြပါမည်။

နိုင်ငံတကာ နှစ်သစ်ကူး ၂၀၂၁–ခု၊ နှစ်ဦးမင်္ဂလာအခါသမယမှစ၍ ကမ္ဘာ့ကပ်ရောဂါကြီးနှင့်တကွ ဘေးဥပဒ်အန္တရာယ်ရန်စွယ်ဟူသမျှ ကမ္ဘာကြီးမှ ဆုတ်ခွာပျောက်ကွယ်သွားစေရန် ဆုမွန်ကောင်းတောင်းကြပါမည်။

ကပ်ရောဂါစွဲကပ်၍ ကျန်းမာရေးဆုံးရှုံးရခြင်း ရောဂဗျသန၊ ဆွေမျိုးများဆုံးရှုံးရခြင်း ဉာတိဗျသန၊ စီးပွားရေး ထိခိုက်ပျက်စီးဆုံးရှုံးရခြင်း ဘောဂဗျသနများနှင့် မလွဲသာမရှောင်သာ ကြုံတွေ့ကြရပါသည်။ ဗျသနတရားများမှ လွတ်ကင်းရန် ဆုတောင်းရုံသက်သက်ဖြင့် မရနိုင်သဖြင့် ကျန်းမာရေးစည်းကမ်းဥပဒေများအတိုင်း လိုက်နာကြပြီး ကျန်းမာအောင် ဂရုစိုက်ကြရန် လိုအပ်ပါသည်။

ကိုယ်ကျင့်သီလပျက်ပြားဆုံးရှုံးခြင်း သီလဗျသနကံတရားကို ငြင်းပယ်ခြင်းဖြင့် မှန်ကန်သောအမြင်၊ မှန်ကန်သော အယူဝါဒဆုံးရှုံးခြင်း ဒိဋ္ဌိဗျသနမှ လွတ်ကင်းအောင် ကိုယ်တိုင်ကျင့်ဆောင်ကြရမှာ ဖြစ်ပါတယ်။

ကိုယ်ကျင့်သီလ ပျက်ပြားဆုံးရှုံးခြင်း သီလဗျသနမှ ရှောင်ရှားနိုင်ရန် ဒုစရိုက်နှင့် အကုသိုလ်ကို ရွံရှာမုန်းတီးစိတ် မကောင်းမှုမှန်သမျှ ကြောက်ရွံ့စိတ်များကို မွေးမြူ၍ ကာကွယ်ကြရမှာ ဖြစ်ပါသည်။ မှန်ကန်သောအမြင် အယူဝါဒဆုံးရှုံးခြင်း ဒိဋ္ဌိဗျသနမှ ရှောင်ရှားနိုင်ရန် သူတော်ကောင်းတရားကို နာယူမှတ်သားလေ့လာခြင်း၊ အသိပညာမြင့်မားအောင် ကြိုးစားခြင်းဖြင့် ကာကွယ်စောင့်ရှောက်ကြရမှာ ဖြစ်ပါသည်။

နောက်ဆုံးမှာ မည်သည့်အရာပင် ဆုံးရှုံးပါစေ၊ ကိုယ်ကျင့်သီလနှင့် အယူဝါဒဆုံးရှုံးခြင်း လောက် မဆိုးရွားသဖြင့် ကိုယ်ကျင့်သီလ အယူဝါဒမဆုံးရှုံးရလေအောင် အထူးသတိဆောင်၍ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေ။

ဓမ္မလမ်းကြောင်း မတိမ်းစောင်းအောင် ထိန်းကျောင်းနိုင်ကြပါစေ ……..

ပါမောက္ခချုပ်ဆရာတော်
ဒေါက်တာနန္ဒမာလာဘိဝံသ

# ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ၏ နှစ်သစ်ကူးစကားလက်ဆောင်



မိမိတို့တစ်တွေ မိမိတို့ရဲ့ မိသားစုကို၊ မိမိတို့ရဲ့ အိမ်ကို ကြီးပွားတိုးတက်ချမ်းသာချင်ကြတဲ့ စိတ်မျိုးကို မွေးကြစေချင်တယ်။ ဒီစိတ်မျိုးက ကိုယ့်မိသားစုကို၊ ကိုယ့်အိမ်ကို ချစ်မြတ်နိုးတဲ့ စိတ်မှစပြီး မြစ်ဖျားခံ ဖြစ်ပေါ်လာပါတယ်။

တကယ်တမ်း မိသားစုကို တိုးတက်ဖို့က ကိုယ်ရော၊ မိသားစုဝင်တွေပါ တိုးတက်မှရပါမယ်၊ မိမိအိမ်ကို တိုးတက်ဖို့က ကိုယ်ရော အိမ်သူအိမ်သားတွေပါ တိုးတက်မှရပါမယ်။

ကြီးပွားတိုးတက်ချမ်းသာဖို့ဆိုတာ မပျင်းဖို့ ၊ မဖျင်းဖို့ အရေးကြီးတယ်။

မပျင်းဖို့ ၊ မဖျင်းဖို့က ကိုယ်ကိုယ်တိုင် အတတ်ပညာတွေကို တတ်ချင်တဲ့စိတ်နဲ့ တတ်အောင် သင်ယူရမယ်၊ အသိပညာတွေကို သိချင်တဲ့စိတ်နဲ့ သိအောင်သင်ယူရမယ်။ အတတ်ပညာကို၊ အသိပညာကို သင်ယူရာမှာ ပြီးဆုံးတယ်လို့ မရှိပါဘူး၊ ပြည့်စုံတယ်လို့လည်း မရှိပါဘူး။ မသင်ယူရင် အပျင်းသမားဖြစ်သွားသလို သင်ယူပြီးတော့ ငါတတ်ပြီ၊ ငါသိပြီထင်ပြီး မာနကြီးသွားရင်လည်း ထပ်ပြီးမတတ်တော့ မသိတော့တဲ့အတွက် အဖျင်းသမားလည်း ဖြစ်သွားတော့တာပါပဲ။

အပျင်းသမား၊ အဖျင်းသမားဘဝကို အရောက်မခံဘဲ မိမိတို့မိသားစု၊ မိမိတို့နေတဲ့အိမ်ကို ကြီးပွားတိုးတက်ချမ်းသာအောင် ကြိုးစားဆောင်ရွက်ကြရသလို မိမိတို့မိသားစု ဒီတိုင်းပြည်ကြီးကို မိမိတို့နေထိုင်တဲ့ ဒီနိုင်ငံကြီးကို ကြီးပွားတိုးတက်ချမ်းသာအောင် ကြိုးစားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့ရဲ့တိုင်းပြည်ကို ချစ်မြတ်နိုးတဲ့စိတ်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ်တွေကို အခြေခံအစကတည်းက မွေးမြူထားကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီစိတ်ဓာတ်မျိုးတွေနဲ့ မိမိကိုယ်တိုင်အပါအဝင် တိုင်းသူပြည်သားတိုင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်း အတတ်ပညာ၊ အသိပညာတွေကို တတ်အောင်သင်ယူ၊ သိအောင်သင်ယူကြပြီး မပျင်း မဖျင်းကြပါဘဲလျက် မိမိတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ကြီးပွားတိုးတက်ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။ ။

ဓမ္မဒူတဆရာတော်အရှင်ဆေကိန္ဒ

❖ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ

- ဒီနှစ်သစ်မှာ နှစ်ဟောင်းများရဲ့ အတွေ့အကြုံတွေကနေ သုံးသပ်ဆင်ခြင်၊ ထုတ်ယူရရှိတဲ့ သင်ခန်းစာကောင်းတွေကို အထိရောက်ဆုံး အသုံးပြုနိုင်ကြပါစေ၊
- တိုင်းရင်းသားပြည်သူတို့ရဲ့ မျှော်လင့်ချက်များအားလုံး ပြည့်ဝအောင် စုပေါင်းအင်အားနဲ့ ဆောင်ရွက်နိုင်ကြပါစေ၊
- ကိုဗစ်–၁၉ ကပ်ရောဂါဘေးမှ ကင်းဝေးလွန်မြောက်ပြီး ၂၀၂၁ ခုနှစ်သည် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်ဝတဲ့ နှစ်သစ်ဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

# လှိုင်းဘွဲမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်လျက်ရှိ

**လှိုင်းဘွဲ ဒီဇင်ဘာ ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှိုင်းဘွဲမြို့နယ်အတွင်း ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၁၃ ဒသမ ၂၅ သန်းဖြင့် လှိုင်းဘွဲမြို့နယ် မိကြောင်–ဖားအိ–သမို–ရောထ–တာကရယ်နီ–ထီးပါ–ဝါးမီးကလား–တရီးဖိုးခွီး–ရှမ်းရွာသစ် ကျေးရွာချင်းဆက် မြေသားလမ်း သုံးမိုင်ဖောက်လုပ်ခြင်းနှင့် ယင်းမြေသားလမ်း သုံးမိုင်ပေါ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၆၉ ဒသမ ၃၁၈ သန်းဖြင့် (၅ ပေ x ၅ပေ x ၂၆ ပေ) Box Culvert ၁၅ စင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို ဒီဇင်ဘာ ၂၃ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦးနှင့် သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပေးခြင်းဖြင့် ကျေးရွာ ၂၆ ရွာမှ လူဦးရေ ၁၀၂၈၆ ဦး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **အေးအေးသန့်(သတင်းစဉ်)**

❂ ရှေ့ဖုံးမှ

စုပေါင်းအင်အားဟာ အလွန်အရေးပါပါတယ်။ **ပြည်သူတွေအားလုံးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အလေးအနက်ထားပြီး စုပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့်သာ မိမိတို့လိုလားတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာ တည်ဆောက်နိုင်မှာဖြစ်သလို၊ နိုင်ငံတစ်ဝန်း တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်နိုင်ကြမှာ ဖြစ်ပါတယ်။** ဒါကြောင့် နိုင်ငံတော်ရဲ့အရေးမှာ နိုင်ငံသူ နိုင်ငံသားများ အားလုံး တစ်ခဲနက် ပါဝင်ဆောင်ရွက်ပေးကြဖို့ ပန်ကြားလိုပါတယ်။

**နိုင်ငံသူ နိုင်ငံသား မိဘပြည်သူများခင်ဗျား–**

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းကစတင်ပြီး ကမ္ဘာအနှံ့ ပြန့်ပွားဖြစ်ပေါ်ခဲ့တဲ့ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် နိုင်ငံအများအပြားမှာ အသက်ဘေးအန္တရာယ်နဲ့အတူ စီးပွားရေး၊ လူမှုရေးစတဲ့ အခက်အခဲ အကျပ်အတည်းမျိုးစုံကြုံတွေ့ခဲ့ကြရပါတယ်။ မိမိတို့ နိုင်ငံမှာလည်း အလားတူ အခက်အခဲတွေ အတိုင်းအတာတစ်ခုအထိ ကြုံတွေ့ခဲ့ရာမှာ နိုင်ငံတော်အစိုးရနဲ့အတူ နိုင်ငံသူ နိုင်ငံသားများက ကျရာအခန်းကဏ္ဍက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြတဲ့အတွက် ကပ်ရောဂါပြဿနာ ဆိုးဆိုးဝါးဝါးမခံစားရအောင် ထိန်းသိမ်းကာကွယ်နိုင်ခဲ့တာ အားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ ဒါဟာ စုပေါင်းအင်အားရဲ့ တန်ဖိုးကြီးမားပုံကို သိသာထင်ရှားစွာ ပြသလိုက်တဲ့ သာဓကတစ်ခုဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံသူ နိုင်ငံသားများကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ဆက်လက်ပြီး ကိုဗစ်–၁၉ အလွန်ကာလမှာ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝအပေါ် သက်ရောက်မှုများ လျော့ပါးစေရေး အစီအစဉ်များနဲ့ စီးပွားရေးကုစားမှု အစီအစဉ်များပါဝင်တဲ့ စီမံကိန်းတွေကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ **နိုင်ငံတော်**

**ပြည်သူတွေအားလုံးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အလေးအနက်ထားပြီး စုပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့်သာ မိမိတို့လိုလားတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာ တည်ဆောက်နိုင်မှာ ဖြစ်သလို၊ နိုင်ငံတစ်ဝန်း တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်နိုင်ကြမှာ ဖြစ်ပါတယ်။**

**အစိုးရနဲ့ ပြည်သူလူထုရဲ့ ညီညွတ်မှုစွမ်းအားနဲ့ ကိုဗစ်ကပ်ရောဂါဘေးကြောင့်ဖြစ်လာတဲ့ ထိခိုက်နစ်နာ ဆုံးရှုံးမှုများကို ကျော်လွှားအောင်မြင်နိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။**

**နိုင်ငံသူ နိုင်ငံသား မိဘပြည်သူများခင်ဗျား–**

မင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်စုံတဲ့ နှစ်သစ်အခါသမယမှာ မိဘပြည်သူအားလုံး ကပ်ရောဂါဘေး ကင်းဝေးကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ပြည်သူလူထုရဲ့ စုပေါင်းစွမ်းအားနဲ့ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ချစ်ခင်လေးစားရပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ခရစ်သက္ကရာဇ် ၂၀၂၁ ခုနှစ်၊ နှစ်သစ်ကူးအခါသမယမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ချစ်ခင်လေးစားရပါသောပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့အချိန်အခါတွင် မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ရည်မှန်းမျှော်လင့်နေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို COVID–19 ရောဂါ ကာကွယ် ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

Covid–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရေးအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းရင်းသားပြည်သူများအားလုံးကလည်း ပူးပေါင်းပါဝင်ကြဖို့ မေတ္တာရပ်ခံ တင်ပြလိုပါတယ်။




ယခုလို နှစ်သစ်မင်္ဂလာအခါသမယမှာ တိုင်းရင်းသား ပြည်သူများအားလုံး ကပ်ရောဂါဘေးမှ ကင်းဝေးကြပါစေ၊ တစ်ဦးအပေါ်တစ်ဦး သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းများနှင့်အတူ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုဆုတောင်းလိုက်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

ချစ်ခင်လေးစားရပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများနဲ့ ပြည်ပရောက် နိုင်ငံသူ နိုင်ငံသားများအားလုံး နှစ်သစ်အခါသမယမှာ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ရောက်ရှိသည့်အခါ နှစ်ဟောင်းမှာ ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် ဘဝသင်ခန်းစာအဖြစ် မှတ်ယူသုံးသပ်ကာ အနာဂတ်အတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းကောင်းများ ဖန်တီးရယူဆောင်ရွက်ရင်း နှစ်သစ်ကိုကြိုဆို ဖြတ်သန်းကြရမှာပဲ ဖြစ်ပါတယ်။

ယခုဆိုလျှင် တိုင်းရင်းသားမိဘပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုနှင့်အတူ တစ်ဦးတစ်ယောက်ချင်းစီက သမိုင်းပေးတာဝန် ကျေပွန်စွာဖြင့် ရွေးချယ်တင်မြှောက်ပေးခဲ့တဲ့ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်အသီးသီးကို မကြာမီ တတိယအကြိမ် လွှတ်တော်သက်တမ်းအဖြစ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပြည်သူ့အစိုးရတစ်ရပ်ကိုလည်း အောင်မြင်စွာ ဖွဲ့စည်းနိုင်မှာဖြစ်လို့ ပြည်သူများသည် မိမိတို့၏ အနာဂတ်ကို မိမိတို့ကိုယ်တိုင် အကောင်းဆုံး ပုံဖော်နိုင်ကြောင်း သမိုင်းသက်သေထူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်စဉ်များကို မြန်မာတို့၏ စိတ်ရင်းဖြစ်သည့် တစ်ဦးပေါ် တစ်ဦး ဖေးမကူညီစောင့်ရှောက်ခြင်း၊ မျှဝေခြင်းများဖြင့် မေတ္တာထား ကျင့်ကြံကြပါ။ ကိုယ်ကျင့်သီလ ကောင်းမွန်ခြင်း၊ ကိုယ်ချင်းစာစိတ်ဖြင့် ဆောင်ရွက်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်းများဖြင့် ပြုမူဆောင်ရွက်ပေးကြပါ။ သို့မှသာ တိုင်းရင်းသားပြည်သူများအားလုံး၏ တူညီသော ဘုံရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်နိုင်မှာပဲဖြစ်ပါတယ်။




ကမ္ဘာတစ်ဝန်း လက်ရှိရင်ဆိုင်ကြုံတွေ့ခံစားနေရတဲ့ Covid–19 ကမ္ဘာ့ကပ်ရောဂါဘေးကို ရင်ဆိုင်ကာကွယ်ရာမှာ နိုင်ငံသူ နိုင်ငံသားများအားလုံး အပြင်ထွက်တိုင်း အခြေခံကျတဲ့ Mask တပ်ဖို့နဲ့ လက်ကို ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောရန် အထူးပင်လိုအပ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**မှ ထုတ်ပြန်တဲ့ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာကြဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်။

နိုင်ငံသူ နိုင်ငံသားများအားလုံး Covid–19 ကမ္ဘာ့ကပ်ရောဂါ ကူးစက်ခြင်းမှ ကင်းဝေးပြီး နှစ်သစ်မှာ ကျန်းမာရွှင်လန်း ဝမ်းမြောက်ခြင်းများဖြင့် လှပသော အနာဂတ်ဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်းနှင့် ဘာသာတရားတိုင်း၏ အဆုံးအမများကို အစဉ်နှလုံးသွင်း ဆောင်ရွက်တတ်သူများ ဖြစ်ကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

ချစ်ခင်လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး–

၂၀၂၁ ခုနှစ် နှစ်သစ်အခါသမယမှာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းစတဲ့ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ရပါတယ်။

၂၀၂၀ ပြည့်နှစ်ဟာ ကျွန်တော်တို့အတွက် အရေးပါတဲ့နှစ်ဖြစ်ကြောင်း ပြီးခဲ့တဲ့နှစ်သစ်ကူးမှာ ကျွန်တော်ပြောကြားခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်ကာလမှာ ကျွန်တော်တို့နိုင်ငံရော ကမ္ဘာ့နိုင်ငံအဝှမ်းတွင်ပါ ခက်ခဲတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။

COVID–19 ကမ္ဘာ့ကပ်ရောဂါဟာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်ဖြစ်ပွားခဲ့ပြီး ယခုအခါ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာအနှံ့ ပျံ့နှံ့ဖြစ်ပွားလျက်ရှိလာခဲ့ပါတယ်။ တပ်မတော်အနေနဲ့ COVID–19 ကာကွယ်၊ ကုသရေးနဲ့ပတ်သက်ပြီး ရောဂါစတင်ဖြစ်ပွားချိန်ကတည်းက ဘက်စုံထောင့်စုံကနေ မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လိုအပ်တဲ့ ညှိနှိုင်းပြင်ဆင်မှုများကတစ်ဆင့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ကြိုတင်မြော်တွေးစဉ်းစားကာ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။



ယခုအခါမှာ COVID–19 ကပ်ရောဂါဖြစ်ပွားမှု မြန်မာနိုင်ငံမှာ ကျဆင်းလာတယ်ဆိုပေမယ့်လည်း ပေါ့ဆလို့တော့ မရပါဘူး။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လိုက်နာရန်အချက်များကို အလေးထားလိုက်နာဆောင်ရွက်ခြင်းဟာ COVID–19 ရောဂါဖြစ်ပွားမှု ထိန်းချုပ်ခြင်းနဲ့ လျော့နည်းပပျောက်ရေးအတွက် များစွာအကျိုးရှိစေမှာပါ။

COVID–19 ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ လူမှုစီးပွား များစွာထိခိုက်ဆုံးရှုံးကြရပါတယ်။ ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ကျော်မျှရှိပြီး နိုင်ငံအားလုံး၊ လူသားအားလုံးဟာ စားရေးအတွက် လုံးပန်းနေကြရပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးအဓိက ထုတ်လုပ်တဲ့နိုင်ငံဖြစ်တဲ့အတွက် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်တွေ၊ မွေးမြူရေးလုပ်ငန်းများစတဲ့ ရနိုင်တဲ့နယ်ပယ်အသီးသီးမှာ အားသွန်ခွန်စိုက် လုပ်ဆောင်ခြင်းအားဖြင့် လူသားအားလုံးအကျိုး ဖြည့်ဆည်းပေးနိုင်တဲ့အပြင် ကျွန်တော်တို့ရဲ့ လူမှုစီးပွားလည်း တိုးတက်လာမှာဖြစ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် ငြိမ်းချမ်းရေးကို အနှောင့်အယှက်၊ အဟန့်အတားဖြစ်စေမည့် မည်သည့်ကိစ္စမဆို ရှောင်ရှားပြီး ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေ ၅ ခုမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်ကစပြီး ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ ၂ နှစ်ကြာ အပစ်အခတ်ရပ်စဲပေးခဲ့ပါတယ်။ ဆက်လက်ပြီး အဖြစ်နိုင်ဆုံးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်အလွန်ကာလမှာ နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ နိုင်ငံရေးလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနိုင်ဖို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေနဲ့ NCA လမ်းကြောင်းကို မလွဲမသွေလျှောက်လှမ်းကြရမှာပဲ ဖြစ်ပါတယ်။

ထာဝရငြိမ်းချမ်းရေးရရှိမှသာ တိုင်းပြည်အေးချမ်းသာယာမှုရှိပြီး မိမိတို့ဒေသ၊ မိမိတို့ရဲ့ အနာဂတ်မျိုးဆက်သစ် ကလေးသူငယ်များရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်မည်ဆိုတာကို မြော်တွေးဆောင်ရွက်သွားကြစေလိုပါတယ်။

တပ်မတော်အနေနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနဲ့ လက်တွဲပြီး ထာဝရငြိမ်းချမ်းရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ကြဉ်းလုပ်ဆောင်သွားပါမယ်လို့ ပြောကြားရင်း မိဘပြည်သူများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒတွေ ပြည့်ဝကြပါစေကြောင်း ထပ်မံဆုတောင်းအပ်ပါတယ်ခင်ဗျား။

# ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၏ ၂၀၂၁ ခုနှစ်အတွက် နှစ်သစ်ဆုတောင်း


ဦးသောင်းထိုက်


ကာဒီနယ် ချားလ်စ်မောင်ဘို


ဒေါက်တာလှထွန်း


စတီဗင် သန်းမြင့်ဦး


အယ်ဟာဂျ်ခလီဖ္ဖာ ဦးအေးလွင်

**ဦးသောင်းထိုက်**
**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်၊ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ**

၂၀၂၀ ပြည့်နှစ် နှစ်ကုန် ၂၀၂၁ ခုနှစ် နှစ်သစ်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ဘာသာပေါင်းစုံမှ ဘာသာဝင်များ အချင်းချင်း တစ်ဦးရဲ့ ဘာသာတရားကို တစ်ဦးက အပြန်အလှန် လေးစားလိုက်နာပြီး အတူတကွ အေးချမ်းစွာနေထိုင်သွားကြဖို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ နိုင်ငံတော်မှာ သဘာဝဘေးကြောင့် ဒုက္ခတွေ မဖြစ်ပေါ်စေဖို့အတွက် ဆုတောင်းမေတ္တာ ပို့သပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးအတွက် ဘာသာပေါင်းစုံမှ ညီအစ်ကို မောင်နှမများအားလုံး ပူးပေါင်းဆောင်ရွက်ကြရင်းဖြင့် နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးမှလည်း ကင်းဝေးကျော်လွှားနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

**ကာဒီနယ် ချားလ်စ်မောင်ဘို**
**ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်**

ကျွန်ုပ်တို့အားလုံး မြန်မာနိုင်ငံတော်သစ်ကို ထူထောင်ဖို့အတွက် **"အတူတကွ စိတ်ကူးပုံဖော်ကြဖို့"** ကျွန်ုပ်အနေနဲ့ အလေးအနက်ထား တိုက်တွန်းလိုပါတယ်။ ကျွန်ုပ်တို့ အတူတူ အကောင်အထည်ဖော်နိုင်ပါတယ်။ ၂၀၂၀ မှာ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအတွက် ပြည်သူပြည်သားတွေ ညီညီညာညာနဲ့ တစ်ခဲနက် မဲပေးအောင်နိုင်ခဲ့ကြတာကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပါပြီ။ တိုင်းရင်းသား ဒေသတွေမှာတောင် ပြည်သူတွေဟာ ငြိမ်းချမ်းရေးရဖို့ မျှော်လင့်ချက်နဲ့ NLD ကို မဲပေးခဲ့ကြပါတယ်။ အမျိုး၊ ဘာသာ၊ သာသနာကို အခြေခံပြီး ဖြစ်ပေါ်နေတဲ့ စိတ်ဝမ်းကွဲမှုတွေကို ပြန်လည်ကုစားဖို့ အချိန်တန်ပြီဆိုတာ ရှင်းနေပါတယ်။ အဲဒီအတွက် အသက်၊ သွေး၊ ချွေး များစွာပေးဆပ်ခဲ့ရပြီးပါပြီ။ ကျွန်ုပ်တို့အချင်းချင်း ပြန်လည်သင့်မြတ်ခြင်းအားဖြင့် ထိခိုက်နာကျင်နေတဲ့နိုင်ငံကို ပြန်လည်ကုစားကြပါစို့။ တရားမျှတမှုမရှိရင် ငြိမ်းချမ်းရေးရဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အုပ်ချုပ်သူအစိုးရဟာလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ ပြည်သူပြည်သားတွေရဲ့ အခွင့်အရေးတွေကို လေးစားလိုက်နာရပါမယ်။ မတူကွဲပြားမှုမှာလည်း ဂုဏ်သိက္ခာရှိနေပါတယ်။

မြန်မာနိုင်ငံမှာ စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင်အရေးမှာ တရားမျှတမှုရှိလာပြီး ငြိမ်းချမ်းရေးဖြစ်ထွန်းလာမယ့်နေ့ကို ကျွန်ုပ်တို့အတူတကွ စိတ်ကူးပုံဖော်ကြပါစို့။ ဒုက္ခသည်တွေနဲ့ နေရပ်စွန့်ခွာထွက်ပြေးရတဲ့စစ်ဘေးရှောင်တွေ မိမိတို့နေရပ်ကို ဂုဏ်သိက္ခာရှိရှိ ပြန်လာနိုင်မယ့်နေ့ကို ကျွန်ုပ်တို့အတူတကွ စိတ်ကူးပုံဖော်ကြပါစို့။ အဖျက်အမှောင့်ကင်းကင်းနဲ့ ဒီမိုကရေစီစနစ်ဖြစ်ထွန်းလာမယ့်နေ့၊ ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေးမှာ ဘာသာတရားကလည်း အဓိကအခန်းကဏ္ဍကနေ ပါဝင်လာမယ့်နေ့၊ သယံဇာတတွေကို ညီတူမျှတူ ပွင့်လင်းမြင်သာစွာ ခွဲဝေသုံးစွဲတဲ့ "ရွှေနိုင်ငံတော်" ဖြစ်လာမယ့်နေ့၊ အရှေ့တောင်အာရှမှာ အဆင်းရဲဆုံးနိုင်ငံကနေ အဖွံ့ဖြိုးဆုံးနိုင်ငံဖြစ်လာမယ့်နေ့ စတာတွေကို ကျွန်ုပ်တို့အတူတကွ စိတ်ကူးပုံဖော်ကြပါစို့။

၂၀၂၀ က အိပ်မက်ဆိုးတွေလည်း ကွယ်ပျောက်သွားပါစေ။ ကျွန်ုပ်တို့ စိတ်ကူးထဲမှာရှိနေတဲ့ ငြိမ်းချမ်းပြီး ကျန်းမာချမ်းသာတဲ့ မြန်မာနိုင်ငံတော်သစ်လည်း အမှန်တကယ် ထွက်ပေါ်လာပါစေ။

ပြည်သူပြည်သားအားလုံးလည်း မင်္ဂလာအပေါင်းခညောင်းတဲ့ နှစ်သစ်ကို ပိုင်ဆိုင်နိုင်ကြပါစေ။

**ဒေါက်တာလှထွန်း**
**မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)အလုပ်အမှုဆောင်အဖွဲ့ဝင်၊ သာသနာပြု အကျိုးတော်ဆောင် - သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်**

၂၀၂၀ ပြည့်နှစ်မှာ ကပ်ဆိုးရောဂါကြီးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ လူတိုင်း စိတ်မချမ်းမသာ ဖြစ်ခဲ့ရတယ်။ မလိုအပ်တဲ့ ပြဿနာတွေ ဘဝမှာမကြုံခဲ့ရတဲ့ ပြဿနာတွေကို ကြုံတွေ့ခဲ့ရတယ်။ ရင်ဆိုင်ခဲ့ရတယ်။ လာမယ့် ၂၀၂၁ ခုနှစ်မှာ ကပ်ဘေးရောဂါမှ လွတ်မြောက်ပြီး အေးချမ်းသော၊ ငြိမ်းချမ်းသောဘဝကို ပိုင်ဆိုင်ပြီး မိမိတိုင်းပြည်အတွက်၊ မိမိဘာသာသာသနာအတွက် လုပ်ဆောင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ ဒီနှစ်သစ်မှာ ကမ္ဘာသူ ကမ္ဘာသားများနဲ့တကွ၊ မြန်မာနိုင်ငံမှာရှိတဲ့ မိဘပြည်သူများ ညီအစ်ကိုမောင်နှမများအားလုံး ဘေးရန်ကင်းပြီး ကျန်းမာချမ်းသာကြပါစေလို့ ကျွန်တော့်အနေနဲ့ ဟိန္ဒူဘာသာအရ ဆုတောင်းရမယ်ဆိုရင် သတ္တဝါအပေါင်း ဘေးရန်ကင်းပြီး သုခအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**စတီဗင် သန်းမြင့်ဦး**
**မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) သာသနာပိုင်ချုပ်ကြီး**

အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ ၂၀၂၁ နှစ်သစ် ဖြစ်ပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ၂၀၂၀ နှစ်ဟောင်းမှာ ကိုဗစ်-၁၉ အပါအဝင် ကပ်ရောဂါ အခက်အခဲအမျိုးအမျိုးနဲ့ ကမ္ဘာကြီးကြုံတွေ့ရတယ်။ ဖျားနာလာတယ်။ မြန်မာပြည်သည်လည်းပဲ ဤကဲ့သို့ ဒုက္ခပြဿနာအမျိုးမျိုး ကြုံတွေ့ရသော်လည်းပဲ အောင်မြင်ကျော်လွှားနိုင်ခဲ့ပါတယ်။ ယခုလာမယ့် နှစ်သစ် ၂၀၂၁ ခုနှစ်မှာ ကမ္ဘာသူကမ္ဘာသားအားလုံးရဲ့ စည်းလုံးညီညွတ်ခြင်း၊ မြန်မာပြည်သူပြည်သားအားလုံးရဲ့ စည်းလုံးညီညွတ်ခြင်းအားဖြင့် လာမယ့်နှစ်သစ်မှာ ကပ်ရောဂါမှစ၍ မကောင်းသော ဘေးဒဏ်၊ ရန်အပေါင်းကို အောင်မြင်ကျော်လွှားနိုင်ပြီးသကာလ၊ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့်တကွ အောင်မြင်တိုးတက်တဲ့ ကမ္ဘာကြီး မြန်မာပြည်ကြီးဖြစ်ပါစေ၊ တိုင်းသူပြည်သားအားလုံးလည်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ခရစ်တော်နာမ၌ ဆုတောင်းစကား ဆိုလိုက်ရပါတယ်။ အားလုံးအပေါ် ဘုရားသခင် ကောင်းချီးမင်္ဂလာ သက်ရောက်ပြီးဖြစ်ပါစေ။

**အယ်ဟာဂျ်ခလီဖ္ဖာ ဦးအေးလွင်**
**အစ္စလာမ်ဓမ္မဗိမာန် ဦးဆောင်ဆော်ဩရေးမှူး**

အခုလာမယ့် နှစ်သစ်ကူးကာလ၊ မြန်မာပြည်သူပြည်သား အပေါင်းနဲ့တကွ ကမ္ဘာတစ်ဝန်းမှာ မှီတင်းနေထိုင်တဲ့ သဗ္ဗေသတ္တာဝေနေယျာတွေအားလုံးအပေါ်မှာ အေးချမ်းသာယာ ငြိမ်းချမ်းမှုနဲ့ သန္တိသုခများ ဖြာဝေပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ၂၀၂၀ ပြည့်နှစ်မှာ ကျွန်တော်တို့အတွက် သင်ခန်းစာရစရာတွေ၊ စိန်ခေါ်ချက်တွေ အများကြီး ရှိပါတယ်။ သို့သော် ဒီစိန်ခေါ်ချက်တွေကို အခွင့်အရေးအဖြစ် အသုံးချနိုင်မယ်ဆိုရင် ၂၀၂၁ ခုနှစ်မှာ အများကြီး ကျွန်တော်တို့အတွက် ခွန်အားတွေ ထွက်နိုင်ပါတယ်။ မျက်စိနဲ့ မမြင်ရတဲ့ အဏုဇီဝပိုးမွှားလေးကို ကျွန်တော်တို့က ရင်ဆိုင်နေရပါတယ်။ ဘုံရန်သူအဖြစ်နဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီဘုံရန်သူဟာ လူမျိုးဘာသာ ခွဲခြားမှုမရှိဘဲနဲ့၊ ကျား၊ မ ကိုလည်း ခွဲခြားမှုမရှိဘဲနဲ့၊ အဆင့်အတန်းလည်း ခွဲခြားမှုမရှိဘဲနဲ့ တိုက်ခိုက်တယ်။ အဲဒီလို တိုက်ခိုက်တဲ့အခါ သူ့ကိုပြန်ပြီး ရင်ဆိုင်တဲ့အခါမှာ လူမျိုးဘာသာ ခွဲခြားမှု မရှိ၊ ကျား၊ မ ခွဲခြားမှု မရှိ၊ အဆင့်အတန်းခွဲခြားမှု မရှိဘဲနဲ့ တက်ညီလက်ညီ ညီညီညွတ်ညွတ်နဲ့ ပြန်လည်ပြီး ခုခံကာကွယ်မယ်ဆိုရင် မုချမသွေ အောင်မြင်မှုရနိုင်ပါတယ်။ အဲဒီသင်ခန်းစာက နောက်နှစ်အတွက် ဆက်ပြီး သယ်ဆောင်သွားရမယ့် သင်ခန်းစာဖြစ်ပါတယ်လို့ ပြောရင်း အားလုံးအပေါ်မှာ ငြိမ်းချမ်းသာယာငြိမ်းချမ်းမှုများ ကျရောက်ပါစေလို့ မေတ္တာပို့သအပ်ပါတယ်။

**တွေ့ဆုံမေးမြန်း - မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**

## ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလထိ နိုင်ငံခြားပညာတော်သင် ၁၈၇၃၉ ဦး စေလွှတ်ထားပြီးဖြစ်

ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ နှစ်အလိုက် နိုင်ငံခြားပညာတော်သင် စေလွှတ်ပေးနိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်အလိုက် ပညာတော်သင်စေလွှတ်မှု အခြေပြဇယား**

| စဉ် | ပညာသင်နှစ် | သင်တန်းအမျိုးအစား | | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | ဘွဲ့မယူသည့် သင်တန်း | ဘွဲ့/ဒီပလိုမာ သင်တန်း | မဟာဘွဲ့ သင်တန်း | ပါရဂူဘွဲ့ သင်တန်း | |
| ၁ | ၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ | ၂၅၆၃ | ၃၉ | ၂၀၂ | ၁၈၁ | ၂၉၈၅ |
| ၂ | ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၃၇၁၄ | ၄၃ | ၄၉၈ | ၁၉၆ | ၄၄၅၁ |
| ၃ | ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၄၂၁၂ | ၅၁ | ၃၉၈ | ၁၇၃ | ၄၈၃၄ |
| ၄ | ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၄၉၈၃ | ၁၈ | ၄၆၀ | ၁၉၁ | ၅၆၅၂ |
| ၅ | ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၆၄၄ | ၇ | ၁၁၅ | ၅၁ | ၈၁၇ |
| စုစုပေါင်း | | ၁၆၁၁၆ | ၁၅၈ | ၁၆၇၃ | ၇၉၂ | ၁၈၇၃၉ |

၂၀၁၆ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ စုစုပေါင်း (၅၅)ဌာနမှ နိုင်ငံပေါင်း ၇၅ နိုင်ငံသို့ နိုင်ငံခြားပညာတော်သင် ၁၈၇၃၉ ဦး စေလွှတ်ပေးခဲ့ရာ ရိုးရိုးသင်တန်းများသို့ ၁၆၁၁၆ ဦး၊ ဘွဲ့/ဒီပလိုမာသင်တန်းများသို့ ၁၅၈ ဦး၊ မဟာဘွဲ့သင်တန်းများသို့ ၁၆၇၃ ဦး၊ ပါရဂူဘွဲ့သင်တန်းများသို့ ၇၉၂ ဦး စေလွှတ်ပေးခဲ့ပြီးဖြစ်သည်။ အများဆုံးစေလွှတ်သည့်နိုင်ငံများမှာ အိန္ဒိယသမ္မတနိုင်ငံသို့ ၄၀၄၅ ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၃၅၅၆ ဦး၊ ဂျပန်နိုင်ငံသို့ ၂၈၀၀ ဦး၊ ထိုင်းနိုင်ငံသို့ ၂၂၀၁ ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံသို့ ၁၃၃၅ ဦး အသီးသီးစေလွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နယ်ပယ်အသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များ၏ ၂၀၂၂ ခုနှစ်အတွက် နှစ်သစ်ကူးဆုတောင်း


ဦးအောင်ကိုဝင်း


ဦးဇော်မင်းဝင်း


ဦးချစ်ခိုင်


ဒေါက်တာခင်ရွှေ


ဦးမျိုးထွေး


ဒေါက်တာစန်းစန်းရီ

**ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယက)**

မင်္ဂလာရှိတဲ့ နှစ်သစ်အခါသမယမှာ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာမေတ္တာပို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ တစ်ကမ္ဘာလုံးရင်ဆိုင်ကြုံတွေ့ရတဲ့ ကိုဗစ် – ၁၉ ကမ္ဘာ့ကပ်ရောဂါကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ချုပ်ငြိမ်းပပျောက်စေရန် အဆင့်မီကာကွယ်ဆေးဝါးများ စီမံထုတ်လုပ်နေကြပြီး မြန်မာပြည်သူပြည်သားများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးနိုင်ဖို့ နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကာကွယ်ဆေး မရသေးမီအချိန်မှာ ကိုဗစ်–၁၉ နှင့်စပ်လျဉ်းပြီး နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ စည်းကမ်းများ၊ ညွှန်ကြားချက်များကို ပြည်သူအားလုံးက တိကျစွာ လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ကိုဗစ်–၁၉ ကာလအလွန် အနာဂတ်နိုင်ငံတော် တည်ဆောက်ရာမှာ အရေးပါတဲ့ ပညာရေးကဏ္ဍအတွက်လည်း မြန်မာ့ပညာရေး အရည်အသွေး မြင့်မားစေရေးလုပ်ငန်းစဉ်တွေမှာ နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲပြီး ပြည်သူတစ်ရပ်လုံးက ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံးရဲ့ စားဝတ်နေရေး ဖူလုံစေရန်နှင့် စီးပွားရေးလုပ်ငန်းနယ်ပယ်အရပ်ရပ်မှာ အလုပ်အကိုင်အခွင့်လမ်းကောင်းများ ပေါ်ပေါက်၍ အဘက်ဘက်မှ အဆင်ပြေတိုးတက်လာစေရန်အတွက် စီးပွားရေးကဏ္ဍအား အထူးဦးစားပေး ဆောင်ရွက်လျက်ရှိတာကို ဝမ်းမြောက်ဖွယ်တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ တိုးတက်လာတဲ့ ခေတ်စနစ်နှင့်အညီ မျက်မှောက်ကာလရဲ့ လိုအပ်ချက်တစ်ရပ်ဖြစ်တဲ့ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ကူးပြောင်းရယူနိုင်အောင် စီးပွားရေးနယ်ပယ်အသီးသီးက ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ပြည်သူတစ်ရပ်လုံးအတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကောင်းမွန်ပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိတဲ့ကဏ္ဍတွေ ပိုမိုတိုးတက်ကောင်းမွန်လာဖို့အတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို အမြန်ဆုံးဖော်ဆောင်နိုင်အောင် ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

နှစ်သစ်အခါသမယမှစ၍ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုဗစ် – ၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကို အောင်မြင်စွာကျော်လွှားပြီး ထာဝရငြိမ်းချမ်းတဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို အမြန်ဆုံးပိုင်ဆိုင်နိုင်ကြပါစေကြောင်း လေးနက်စွာဖြင့် ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

**ဦးဇော်မင်းဝင်း(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ)**

၂၀၂၂ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသူ နိုင်ငံသားများနဲ့ မြန်မာနိုင်ငံအပေါ် စိတ်စေတနာကောင်းဖြင့် အဘက်ဘက်မှ ကူညီပေးကြတဲ့ နိုင်ငံတကာမိတ်ဆွေများအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာရှိကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သပြီး နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း၊ တိုးတက်ဖွံ့ဖြိုးစေဖို့နဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေဖို့အတွက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ဦးဆောင်နေတဲ့ ကုန်သည်/စက်မှုအသင်းချုပ်ဟာ နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနဲ့အတူ လက်တွဲပြီး စဉ်ဆက်မပြတ် စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ထိုနည်းတူစွာ နိုင်ငံတော်အစိုးရကလည်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုကိုအခြေခံပြီး နိုင်ငံတော်အတွက် ရေရှည်တည်တံ့တဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်ဖို့ မိမိတို့ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးအသင်းအဖွဲ့များနဲ့ ပိုမိုနီးကပ်စွာ လက်တွဲ ကြိုးပမ်းမှုပြုနေတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်စွာ ကျေးဇူးတင်ရှိပါတယ်။

ဒီလိုဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များမှာ ကုန်သည်/စက်မှုအသင်းချုပ် အမှုဆောင်များအပါအဝင်၊ ညီနောင်အသင်းများ၊ အသင်းသူ အသင်းသားများနဲ့ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအားလုံးက လာမယ့်နှစ်သစ်ကာလမှာ ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြဖို့နဲ့ နှစ်သစ်မင်္ဂလာမှာ နိုင်ငံတော်၏အကျိုး၊ ပြည်သူ၏အကျိုးနဲ့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များရဲ့ အကျိုးစီးပွားများပါ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုရလဒ်ကောင်းများ ရရှိခံစားနိုင်ပါစေကြောင်းနဲ့ ရောဂါကပ်ဘေးများကင်းဝေးပြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။

**ဦးချစ်ခိုင်(ဒေးအုပ်စုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ)**

နှစ်ဟောင်းမှာ ကပ်ရောဂါဘေးနဲ့ ကျွန်တော်တို့အားလုံး ရင်ဆိုင်ခဲ့ရတဲ့အတွက် စိတ်ဆင်းရဲ ပူပန်ရခြင်း၊ ဝမ်းနည်းခြင်း ဖြစ်ကြရပြီး အရာရာကို ပူပင်သောကများနဲ့ ဖြတ်သန်းခဲ့ကြရတဲ့ နှစ်ဟောင်းကို ထားရစ်ခဲ့ပြီး နှစ်သစ်မှာ ခွန်အားသစ်များနဲ့ ပြန်လည်အေးချမ်းသာယာဝပြော ဖွံ့ဖြိုးတိုးတက်မှုတွေ စွမ်းဆောင်ရရှိနိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ တိုင်းပြည်အတွက်လည်း ပိုမိုကောင်းမွန်တဲ့ အပြောင်းအလဲအသစ်တွေနဲ့ ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုကြီးကို ကျွန်တော်တို့အားလုံး အတူတကွ တည်ဆောက်နိုင်ကြပါစေ၊ စီးပွားရေးအရ ပြန်လည်ရှင်သန်နိုင်ရေး ဆောင်ရွက်ကြရာမှာ နိုင်ငံတော်ရဲ့ ထွက်ပေါ်လာမယ့် စီမံကိန်းများကို ကြိုးလတ်၊ ငယ်မရွေး ဝင်ရောက်ဆောင်ရွက်နိုင်ကြပါစေ၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ နယ်ပယ်တိုးတက်ဖွံ့ဖြိုးလာစေရေးနဲ့ ကမ္ဘာကြီးအတွက် ရိက္ခာလိုအပ်ချက် အခွင့်အလမ်းကို အမိအရယူနိုင်ဖို့ စိုက်ပျိုးရေးကဏ္ဍကို အားသွန်ခွန်စိုက် လုပ်ကိုင်နိုင်ကြပြီး တောင်သူလယ်သမားများနဲ့အတူ အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်စေဖို့ ဆုမွန်ပြုအပ်ပါတယ်။

**ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ)**

မကြာမီရောက်ရှိလာတော့မယ့် နှစ်သစ်အခါသမယမှာ ကမ္ဘာသူ ကမ္ဘာသားအားလုံး မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ကိုဗစ်–၁၉ ကပ်ရောဂါကနေ အမြန်ဆုံးကင်းဝေးပြီး ကျန်းမာပျော်ရွှင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်ကို နှစ်သစ်ကူးပြောင်းတဲ့ ယခုအချိန်က ကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေအတွက် အလွန်အရေးကြီးတဲ့ နှစ်တစ်နှစ် ဖြစ်ပါတယ်။ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် ကမ္ဘာပေါ်မှာ သေဆုံးတဲ့လူတွေ၊ စီးပွားပျက်ကပ်တွေကြောင့် လုပ်ငန်းတွေမလည်ပတ်နိုင်တော့ဘဲ ရပ်တန့်ခဲ့ရတဲ့သူတွေ အများကြီးတွေ့မြင်နေရသလို လူတော်တော်များများလည်း ရုန်းကန်နေကြရတာ အားလုံးအသိ ဖြစ်ပါတယ်။ ကိုဗစ်ကာလကြီးမှာ လူတန်းစားအလွှာစုံတွေအနေနဲ့ ရောဂါကူးစက်မှုမရှိအောင်၊ စားဝတ်နေရေးလည်း အဆင်ပြေအောင် အဓိကထားပြီး ဦးစားပေးအဆင့်အနေနဲ့ ကြိုးစားဖြေရှင်း နေကြပါတယ်။ ကပ်ဆိုးကြီး ကျော်လွန်သွားပြီဆိုရင် စီးပွားရေးတွေ ပြန်လည်ကောင်းမွန်လာဖို့နဲ့ အခြေခံလူတန်းစားတွေရဲ့ စားဝတ်နေရေး ပြေလည်ဖို့လိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ တခြားနိုင်ငံတွေထက် ကံကောင်းတဲ့အချက်ကတော့ စိုက်ပျိုးမွေးမြူဖို့အတွက် မြေကြေကျယ်ကျယ်ဝန်းဝန်းရှိတဲ့အပြင် စားသောက်ကုန်တွေကိုလည်း အများကြီးစိုက်ပျိုးမွေးမြူနိုင်တဲ့ မြေအနေအထား၊ ရာသီဥတုတွေရှိပြီး လူ့စွမ်းအားအရင်းအမြစ် ပေါကြွယ်ဝပါတယ်။ ဒီအားသာချက်တွေကိုသာ စနစ်တကျစီမံခန့်ခွဲပြီး အသုံးချလိုက်မယ်ဆိုရင် ကိုဗစ်အလွန်မှာ မြန်မာနိုင်ငံဟာ အခြားနိုင်ငံတွေထက် အမြန်ဆုံး ပိုမိုအခွင့်အလမ်းသာစေမှာ ဖြစ်ပါတယ်။

မြန်မာပြည်က သဘာဝအရင်းအမြစ်များစွာရှိတဲ့အတွက် အခြားနိုင်ငံတွေနဲ့ စာရင် ပြန်လည်ထူထောင်ဖို့ လွယ်ကူပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ ကောင်းမွန်တဲ့အပြောင်းအလဲနဲ့ စီမံခန့်ခွဲမှုတွေကိုသာ စနစ်တကျဖန်တီးပေးလိုက်တာနဲ့ ကျဆင်းနေတဲ့အခြေအနေတွေ ပြန်ကောင်းသွားမယ့် အနေအထားတွေရှိပါတယ်။

မင်္ဂလာရှိတဲ့ နှစ်သစ်အခါသမယမှာ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် သတင်းကောင်းတွေ ကြားရလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ထားပါတယ်။

**ဦးမျိုးထွေး(PRO 1 Global Co., Ltd. မန်နေဂျင်းဒါရိုက်တာ)**

မြန်မာပြည်သူ ပြည်သားများအားလုံး ၂၀၂၂ ခုနှစ် နှစ်သစ်မှာ ရောဂါဘယကင်းဝေးပြီး အလုပ်အကိုင်များ အဆင်ပြေကာ စီးပွားလာဘ်လာဘများ တိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ မြန်မာပြည်သူ၊ ပြည်သားများအားလုံး ကိုဗစ်–၁၉ ရောဂါအတွက် ကာကွယ်ဆေးများ အမြန်ဆုံးရရှိပြီး ကပ်ရောဂါဆိုးကြီးလည်း မြန်မာနိုင်ငံကနေ အမြန်ဆုံး ရှင်းလင်းပျောက်ကွယ်သွားပါစေကြောင်းနဲ့ နှစ်သစ်မှစပြီး ချမ်းသာသုခနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဒေါက်တာစန်းစန်းရီ(ဥက္ကာသီရိကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ)**

မင်္ဂလာနှစ်သစ်ပါရှင်။ ၂၀၂၂ ခုနှစ် မင်္ဂလာနှစ်သစ်မှာ မြန်မာပြည်သူပြည်သားအားလုံး ကောင်းသောအတိတ်၊ ကောင်းသောနိမိတ်၊ ကောင်းသောစကားတို့ကိုသာ မြင်ရကြားရ ပြောကြားရပါစေ။ ကပ်ကြီးသုံးပါး ရန်သူမျိုးငါးပါးဘေးမှလည်း ကင်းဝေးကြပါစေ။ အစစအရာရာ အဆင်ပြေကြပါစေ။ ကမ္ဘာသူကမ္ဘာသားအားလုံး ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒ ပြည့်ဝကြပါစေ။ ကိုဗစ်–၁၉ ရောဂါကို စည်းကမ်းချက်တွေလိုက်နာပြီး သတိထားပြီး ရှောင်ရှားနိုင်ကြပါစေ။ ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီးလည်း အမြန်ဆုံးကင်းစင်သွားပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ စီးပွားရေးတွေလည်း ၂၀၂၂ ခုနှစ်မှာ အားလုံးအဆင်ပြေကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကြိုးကြိုးစားစားနဲ့ တက်ညီလက်ညီ ဆောင်ရွက်ကြမယ်ဆိုရင် အစစအရာရာ အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်။

**တွေ့ဆုံမေးမြန်း – မင်းသစ်(MNA)**
**ဓာတ်ပုံ – နေလင်း**

## ကသာခရိုင် အောင်ပုံကြိုးဝိုင်းရှိ သက်တမ်းရင့် သစ်တောစိုက်ခင်း ဧက ၂၅၀ အား စတင်စစ်ဆေး

**ကသာ ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး အောင်ပုံကြိုးဝိုင်းအတွင်းရှိ သစ်တောစိုက်ခင်းများ အောင်မြင်စေရန် ယခုဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသော သက်တမ်း ၁၂ နှစ်နှင့်အထက် သစ်တောစိုက်ခင်း ဧက ၂၅၀ မှ ပိတောက်နှင့် ပျဉ်းကတိုးပင်များအား အောက်ခြေရှင်းလင်းခြင်း၊ ပင်ကျပ်ပင်ညပ်များ ဖယ်ရှားခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ယနေ့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း ကသာမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဇော်ကိုကိုက ပြောသည်။

သစ်တောစိုက်ခင်းဧက ၂၅၀ အတွင်း သစ်ပင်တစ်ပင်ခြား(တစ်ပင်ကျော်) ခုတ်လှဲရမည့် အဆိုပါလုပ်ငန်းအတွက် ဒေသခံများအား နေ့စားလုပ်သားအဖြစ် ခေါ်ယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရရှိလာမည့် ပင်ကျပ်ပင်ညပ်များအနက် လုံးပတ်တစ်ပေနှင့်အထက် သစ်လုံးတိုင်များအား အများပြည်သူ အသုံးပြုနိုင်ရန် လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း၊ လုံးပတ် တစ်ပေအောက် သစ်လုံးမျောများကိုမူ ဒေသခံကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်မည်ဖြစ်ကြောင်း၊ ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး သစ်လုံးမျောတိုင်များ အသုံးပြုခွင့်ရရှိမှုတို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူဖြစ်စေကြောင်း သိရသည်။

**ဆုမြတ်**



# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

(၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်)
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၃၁ ရက်)

၁။ ပြည်သူလူထုလိုလားတောင့်တသော ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးမြောက်သည်အထိ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးတို့အတွက် တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့်နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ တိုးမြှင့်ရပ်ဆိုင်းပေးခဲ့သည်။ ၎င်းအပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ တပ်မတော်နှင့်တွေ့ဆုံဆွေးနွေးရန်ရှိလာပါက ဆက်လက်ဆွေးနွေးနိုင်ရန်အတွက် တပ်မတော်၏ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ထာဝရငြိမ်းချမ်းရေးရရှိစေရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ကမ္ဘာတစ်ဝှမ်းရင်ဆိုင်လျက်ရှိသော COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့်နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်နေသူများ၏ ၂၀၂၁ ခုနှစ် ငြိမ်းချမ်းရေးမျှော်လင့်ချက်နှင့် ငြိမ်းချမ်းရေးအတွက် နှစ်သစ်ဆုတောင်းစကား

မြန်မာနိုင်ငံ၏ ငြိမ်းချမ်ရေးဖြစ်စဉ်တွင် တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်နေသူများ၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့မှ ခေါင်းဆောင်များ၏ ငြိမ်းချမ်းရေးအတွက် နှစ်သစ်ဆုတောင်းစကားနှင့် ၂၀၂၁ ခုနှစ်အတွက် ငြိမ်းချမ်းရေးမျှော်လင့်ချက်တို့နှင့်စပ်လျဉ်း၍ မေးမြန်းခဲ့သည်များကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။

ရဲခေါင်ညွန့်


ဒေါက်တာလျန်မှုန်းဆာခေါင်း


ဦးလှမောင်ရွှေ


ဦးမျိုးဝင်း


ခွန်မြင့်ထွန်း


စောမြရာဇာလင်း

**ဒေါက်တာလျန်မှုန်းဆာခေါင်း**
**(ဒုတိယဥက္ကဋ္ဌ)၊ ချင်းအမျိုးသားတပ်ဦး (CNF)**

၂၀၂၁ ခုနှစ်သည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကနေပြီး ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်တဲ့ နှစ်ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းမေတ္တာပို့သပါတယ်။ ၂၀၂၁ ခုနှစ်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုတစ်ရပ်လုံးက ကျွန်တော်တို့ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်တဲ့ နှစ်ဖြစ်ပါစေ။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး အတွက် လိုအပ်တဲ့အခြေခံမူ ညှိနှိုင်းတဲ့အဆင့်ကနေပြီး အကောင်အထည်ဖော်နိုင်တဲ့အဆင့်ကို တက်လှမ်းနိုင်ပါစေလို့ နိုင်ငံသူ နိုင်ငံသားအားလုံး၊ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအားလုံးကို နှုတ်ခွန်းဆက်သလိုက်ပါတယ်။

**ဦးလှမောင်ရွှေ**
**(အတွင်းရေးမှူး အဖွဲ့ဝင်)၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)**

နှစ်သစ်မှာ မိဘပြည်သူတွေ ပျော်ရွှင်ကျန်းမာဖို့ ဆုမွန်ကောင်းတောင်းပါတယ်။ အခုစမယ့် ၂၀၂၁ ခုနှစ်မှာ ကျွန်တော်တို့အနေနဲ့ အဓိကလုပ်ငန်းစဉ် သုံးခုရှိပါမယ်။ တစ်ကတော့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ အပါအဝင် အကောင်အထည်ဖော်ရမယ့် ကိစ္စရပ်တွေ ဖြစ်ပါတယ်။ ဒုတိယကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် ကျန်တဲ့ဆောင်ရွက်ရမယ့်ကိစ္စရပ်တွေကို ဆက်လက်ဆောင်ရွက်ဖို့ဖြစ်ပြီး တတိယကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ NCA လမ်းကြောင်းပေါ်မှာ ဆက်လက်ဆောင်ရွက်မယ့်လုပ်ငန်းဖြစ်ပါတယ်။ ဒီသုံးခုကို တာဝန်ရှိခေါင်းဆောင်တွေက ဦးဆောင်ပြီးတော့ တာဝန်ပေးခံရတဲ့သူများအနေနဲ့ အခုစမယ့် ၂၀၂၁ ခုနှစ် နှစ်ဆန်းကစပြီးတော့ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ယုံကြည်ပါတယ်။ ကျွန်တော်တို့ရဲ့ မိဘပြည်သူများကလည်း ဆက်လက် ဝိုင်းဝန်းကူညီအားပေးကြဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ၂၀၂၁ ခုနှစ် နှစ်သစ်မှာ မိဘပြည်သူတွေ ငြိမ်းချမ်းပျော်ရွှင်ချမ်းမြေ့ကြပါစေ၊ ကပ်ရောဂါတွေကင်းဝေးပြီးတော့၊ ကျွန်တော်တို့အားလုံး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အတူတူလက်တွဲပြီးတော့၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ဆောင်ရွက်နိုင်ကြဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းတင်ပြလိုက်ပါတယ်။

**ဦးမျိုးဝင်း**
**(ဒုတိယဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)**

၂၀၂၀ ပြည့်နှစ်မှာတော့ ကျွန်တော်တို့အားလုံး စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ငြိမ်းချမ်းရေးဆိုင်ရာ စိန်ခေါ်မှုရှိသလို ကိုဗစ်-၁၉ ဆိုင်ရာ စိန်ခေါ်မှုလည်းရှိတယ်။ အခုတော့ တစ်စုံတစ်ရာကို ထိန်းသိမ်းနိုင်တဲ့ အခြေအနေမျိုးတော့ ရှိလာပြီပေါ့။ နှစ်သစ်မှာ ရောဂါကင်းဝေးပြီး ကာကွယ်ဆေးတွေ ရရှိပါစေ။ ပုံမှန်လူမှုဘဝမှာ ရှင်သန်ရပ်တည်နိုင်ဖို့ အတွက်ပဲ ကျွန်တော်တို့အားလုံး ဆုတောင်းရမှာပေါ့။ ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတဲ့တိုင်းပြည်ဖြစ်ဖို့ အားလုံး ဝိုင်းဝန်းကြိုးပမ်းရပါလိမ့်မယ်။ အနိုင်ရပါတီတစ်ခုတည်း၊ အစိုးရတစ်ခုတည်းက လုပ်လို့မရပါဘူး။ ကျွန်တော်တို့အားလုံး မျှော်မှန်းနေတဲ့ အမျိုးသားညီညွတ်ရေးကို အသေအချာတည်ဆောက်ဖို့လိုပါတယ်။ အဲဒီအခြေခံကောင်းကနေ ငြိမ်းချမ်းရေးကို ထာဝရတည်ဆောက်ဖို့ လိုပါတယ်။ အခုရရှိထားတဲ့ အခြေခံကောင်းကို ဆုပ်ကိုင်ပြီး ပိုမိုတဲ့ ငြိမ်းချမ်းရေး ရရှိဖို့အတွက် ကျွန်တော်တို့ ကြိုးပမ်းသွားမှာပါ။ အခုအစိုးရ လက်ထက်မှာရရှိထားတဲ့ အဆင့်လိုက်လုပ်ငန်းစဉ် ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှု သဘောတူညီချက်ကို ဆက်လက်ကြိုးပမ်းသွားဖို့ ဆန္ဒရှိသလို ပြင်ဆင်ဆောင်ရွက်နေပါတယ်။

ဘာပဲပြောပြော အခုလိုမျိုး အခြေခံကောင်းတွေရှိနေပါပြီ။ အနောက်ဘက် ရခိုင်မှာဖြစ်ပျက်နေတဲ့ စစ်ပွဲတွေ၊ မြောက်ပိုင်းမှာဖြစ်နေတဲ့ စစ်ပွဲတွေကို တစ်စုံတစ်ရာအထိ ထိန်းသိမ်းနိုင်တယ်။ ဒီအခြေခံကောင်းကို ထိန်းသိမ်းပြီးတော့မှ အားလုံးပါဝင်တဲ့ နိုင်ငံရေးအခြေခံကောင်းဖြစ်အောင် ကျွန်တော်တို့အားလုံး ကြိုးပမ်းကြဖို့ လိုလိမ့်မယ်။ ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးဆောင်ရွက်မယ်ဆိုရင် အားလုံး ဝိုင်းဝန်းကြိုးပမ်းဖို့ လိုအပ်ပါတယ်။ နှစ်သစ်မှာ ပြည်သူများ အားလုံး ငြိမ်းချမ်းပျော်ရွှင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**ခွန်မြင့်ထွန်း**
**(ဒုတိယဥက္ကဋ္ဌ)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)**

ကျွန်တော်တို့အားလုံးကတော့ ယခုလာမယ့် ၂၀၂၁ ခုနှစ်မှာ ကြုံခဲ့ရတဲ့အတွေ့အကြုံတွေအရ အဆင့်အလိုက်၊ အဆင့်လိုက် အားလုံးမှာငြိမ်းချမ်းရေး၊ ညီညွတ်ရေးကို တည်ဆောက်နိုင်လိမ့်မယ်၊ ထူထောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ညီညွတ်ရေးနဲ့အတူ ကျွန်တော်တို့ လိုလားတဲ့ ကျွန်တော်တို့တိုင်းပြည်အတွက် အဓိကလိုအပ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အမျိုးသားညီညွတ်ရေးကို ဖော်ဆောင်နိုင်ပြီး ဖက်ဒရယ်ပြည်ထောင်စုကို အားလုံးအတူတကွ ဖော်ဆောင်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ ကြုံတွေ့နေရတဲ့ အထွေထွေ အကျပ်အတည်းတွေ ကျွန်တော်တို့အားလုံးရဲ့ စုပေါင်းအင်အားနဲ့ ကျော်ဖြတ်နိုင်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။

**စောမြရာဇာလင်း**
**(ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ဒုတိယခေါင်းဆောင်)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)**

မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း နှစ်သစ်မှာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်မ၏ ဆုတောင်းမေတ္တာပို့သမှုသည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)ရဲ့ ဆုတောင်းမေတ္တာ ပို့သမှုနဲ့လည်း တစ်ထပ်တည်းဖြစ်ပါတယ်။ လာမယ့် ၂၀၂၁ ခုနှစ်မှာဆို ကျွန်မတို့ တိုင်းပြည် သာယာရေး၊ ငြိမ်းချမ်းရေးအတွက်ဆိုရင် ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်ရင် မရတော့ဘူး ဆိုတာကို ကျွန်မတို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည်လည်းကောင်း၊ အစိုးရသည်လည်းကောင်း၊ မြန်မာနိုင်ငံသူနိုင်ငံသားအများစုသည် လည်းကောင်း လက်ခံထားကြတယ်လို့ ကျွန်မယုံကြည်ပါတယ်။ တိုင်းပြည်ရဲ့ အကျိုးကိုဆောင်ရွက်တဲ့အခါ ကိုယ်နိုင်တဲ့ဘက်က စိတ်ရောကိုယ်ပါနှစ်ပြီး ဆောင်ရွက်ဖို့ အရေးကြီးတယ်ဆိုတာ ထည့်သွင်းပြောကြားလိုပါတယ်။

## မင်္ဂလာပါ နှစ်သစ်

○ ခွန်းဆက်ကြိုဆို၊ နှစ်သစ်ကို
နုပျိုလန်းဆန်း၊ စဉ်ငြိမ်းချမ်း
ခြုံလွှမ်းကမ္ဘာ၊ ပို့မေတ္တာ
ကျန်းမာစေကြောင်း၊ ဆုမွန်ကောင်း
တောင်းတယ်လေ့ တောင်းတယ်လေး။

○ ဘေးဘယာဝေး၊ စမ်းသို့အေး
ပျံ့မွှေးသင်းထုံ၊ ပန်းပေါင်းစုံ
လှူ့ဘုံဘဝ၊ လှမြဲလှ
တင့်ပနှစ်ကူး၊ တေးသီကျူး
ကျူးတယ်လေ့ ကျူးတယ်လေး။

○ နှစ်သစ်ချိန်ခါ၊ မင်္ဂလာ
အနာဂတ်လမ်း၊ ဆက်လျှောက်လှမ်း
လူ့စွမ်းအားသစ်၊ ထိုတစ်ခေတ်
မနစ်မကျုံ၊ ကပ်ဘေးညွန်
အားသွန်ရုန်းထွက်၊ အောင်ပွဲဆက်
ဆက်တယ်လေ့ ဆက်တယ်လေး။

○ ရွှေပြည်မြန်မာ၊ နေခြည်ဖြာ
ရိုးရာမလေ့၊ လွန်ပျော်မွေ့
ချမ်းမြေ့ကြည်နူး၊ နှစ်သစ်ကူး
ရည်စူးကော်ရော်၊ မြတ်ရှင်တော်
ဖူးမြော်ဝပ်တွား၊ ဂုဏ်တော်ပွား
ပွားတယ်လေ့ ပွားတယ်လေး။

○ ကုသိုလ်ကောင်းမှု၊ အကြောင်းပြု
တောင်းဆုပြည့်စေ၊ ကမ္ဘာမြေ
ခွန့်ရှည်ခိုင်တည်၊ တွဲလက်ညီ
တိုင်းပြည်ကောင်းကျိုး၊ ဆထက်တိုး
ကြိုးတယ်လေ့ ကြိုးတယ်လေး။ ။

အောင်မြင့်စိုး(ရေစကြို)

လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# မြန်မာ့လွတ်လပ်ရေး အစွန့်ရှည်ခိုင်မြဲပါစေ

ခင်ဆန်းဦး(မြန်မာစာ)

နှင်းမှုန်များ ထူထပ်စွာ ကျဆင်းနေသော ဆောင်းလရာသီ နံနက်ခင်းဝယ် မြန်မာ့မြေပေါ်၌ လွင့်ထူထားသော နယ်ချဲ့ဗြိတိသျှတို့၏ ယူနီယံဂျက်အလံတော်ကားတရွေ့ရွေ့နှင့် မြေပေါ်သို့ ဆင်းသက်လာလေပြီ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်ကားအမိမြေ၏အလံတိုင်ထိပ်သို့ ခံ့ညားထည်ဝါစွာ လွင့်ထူနိုင်ခဲ့ပေပြီ။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်သည်ကား မြန်မာနိုင်ငံမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး လွတ်လပ်ရေးအောင်ပန်းကို ဆင်မြန်းရသောနေ့၊ လွတ်လပ်ရေးအောင်ပွဲနေ့ပင်တည်း။

**အသက်သွေး အဆက်ဆက်ပေးဆပ်ခဲ့ရ**

မြန်မာ့လွတ်လပ်ရေးကား လွယ်လွယ်ကူကူနှင့်ရခဲ့သည်မဟုတ်ပေ။ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ရှုံးသဖြင့် ရခိုင်နှင့် တနင်္သာရီကို အင်္ဂလိပ်တို့အား ပေးလိုက်ရပြီး ၁၈၈၅ ခုနှစ် သီပေါမင်း ပါတော်မူချိန်မှစ၍ မြန်မာတို့၏ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးတို့ကို ဗြိတိသျှကိုလိုနီတို့အား ပေးအပ်လိုက်ရသောကြောင့် မြန်မာတို့ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပေသည်။ ဗြိတိသျှလက်အောက်သို့ ကျွန်ဘဝအဖြစ် ကျရောက်ရလေတော့သည်။ ထိုအချိန်မှစ၍ သူ့ကျွန်မခံလိုသော၊ ဇာတိမာန်ထက်သန်သော တိုင်းရင်းသားအပေါင်းတို့က မိမိတို့အင်အားရှိသမျှနှင့် နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြပေသည်။ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည်အထိ နှစ်ပေါင်း ၁၀၀ ကျော် ကြိုးပမ်းခဲ့ရသည့် လွတ်လပ်ရေး ခရီးလမ်းကား အလွန်ကြမ်းတမ်းလှပေသည်။ တိုင်းရင်းသားအပေါင်းတို့၏ အသက်သွေး အဆက်ဆက်ပေးဆပ်ခဲ့ရပေသည်။

ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရယူရေးသည် မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲတွင် အစဉ်ကိန်းအောင်းလျက်ရှိပေသည်။ ဦးဥတ္တမကဲ့သို့ ရဟန်းတော်များပင် လွတ်လပ်ရေးရရန်အတွက် အစာအငတ်ခံကာ နယ်ချဲ့တို့အား ဆန္ဒပြတိုက်ပွဲဝင်ခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုးဖြစ်သည့် ဗိုလ်မင်းရောင်ခေါ် ဗိုလ်လရောင်သည်လည်း လွတ်လပ်ရေးတိုက်ပွဲတွင် အသက်ပေးလှူခဲ့ရလေသည်။

၁၉၁၉ ခုနှစ်တွင် လွတ်လပ်ရေးအတွက် အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့ ပါဝင်သည့် "ဖေ၊ ပု၊ ရှိန်"အဖွဲ့သည် ဘိလပ်သို့သွားကာ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ်တွင် နယ်ချဲ့တို့၏ ကျွန်ပညာရေးစနစ်ကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်ကျောင်းသားတို့ သပိတ်မှောက်ရာမှ ကျောင်းသားသပိတ်ဖြစ်ပေါ်လာကာ မြန်မာတို့အား အမျိုးသားရေးစိတ်ဓာတ်၊ ဇာတိမာန်စိတ်ဓာတ်များ နိုးကြားလာစေခဲ့ပါသည်။

**ဖိမ့်ဖိမ့်တုန်သွားစေ**

မြန်မာတောင်သူလယ်သမားတို့အပေါ် နယ်ချဲ့အင်္ဂလိပ်တို့၏ ဖိနှိပ်အုပ်ချုပ်မှု၊ ချစ်တီးတို့၏ မတရားခေါင်းပုံဖြတ်မှုတို့ကြောင့် တောင်သူလယ်သမားတို့မှာ လယ်မဲ့၊ ယာမဲ့၊ အိုးအိမ်မဲ့နှင့် ကြွေးတင်ကျွန်ဘဝ ရောက်ခဲ့ကြရလေသည်။ ထို့ကြောင့် ၁၉၃၀ ပြည့်နှစ်တွင် ဂျီစီဘီအေအသင်း အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆရာစံ ခေါင်းဆောင်၍ နယ်ချဲ့ဗြိတိသျှအစိုးရအား ရရာလက်နက်စွဲကိုင်တိုက်ပွဲဝင်ကာ တောင်သူလယ်သမားအရေးတော်ပုံကြီးဖြစ်ပေါ်လာခဲ့ပေသည်။ လယ်သမားခေါင်းဆောင်များအား ကြိုးဒဏ်ပေးခြင်း၊ တစ်သက်တစ်ကျွန်းပေးခြင်းများဖြင့် နှိပ်ကွပ်ခဲ့ကြသော်လည်း မြန်မာ့ဇာတိသွေး ဇာတိမာန်ကား ထက်သန်နေဆဲပင်။ မြန်မာ့ဇာတိမာန်ကို နယ်ချဲ့တို့က ဖိမ့်ဖိမ့်တုန်သွားစေပါသည်။

နယ်ချဲ့တို့က မြန်မာအလုပ်သမားတို့ကိုလည်း မတရားနည်းလမ်းများဖြင့် ခေါင်းပုံဖြတ်အနိုင်ကျင့်ခြင်း၊ ဖိနှိပ်ညှဉ်းဆဲခြင်းတို့ ပြုလုပ်နေသည့်အတွက် မခံမရပ်နိုင်ဖြစ်ပြီး ၁၉၃၈ ခုနှစ်တွင် ရေနံမြေမှစတင်၍ သခင် ဖိုးလှကြီးဦးဆောင်ကာ ရေနံမြေသပိတ် (၁၃၀၀ ပြည့် အရေးတော်ပုံကြီး) ပေါ်ပေါက်လာကာ အလုပ်သမားထုကြီး၏ အင်အားဖြင့် နယ်ချဲ့တို့အား မြန်မာ့ဇာတိသွေး ဇာတိမာန်ကို ပြနိုင်ခဲ့ပေသည်။ အလုပ်သမားခေါင်းဆောင်များနှင့်တကွ အလုပ်သမားများ၏ ဇာတိသွေး မြေကျခဲ့ရလေသည်။

**အမိမြေမှ တော်လှန်တိုက်ထုတ်**

၁၉၃၀ ပြည့်နှစ်တွင် သခင်ဘသောင်း ဦးဆောင်ခဲ့သည့် တက္ကသိုလ်ကျောင်းသားလူငယ်များနှင့် ဖွဲ့စည်းလိုက်သော ဒို့ဗမာအစည်းအရုံးတွင် သခင်အောင်ဆန်းလည်း ပါဝင်ခဲ့ပေသည်။ နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုကို မခံမရပ်နိုင်ဖြစ်ကာ လက်နက်စွဲကိုင်တော်လှန်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်လျက် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်တို့ထံ စစ်ပညာသင်ရန် ထွက်ခွာသွားကြလေသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ခေါ် "ဘီအိုင်အေ"ကို ဖွဲ့စည်း၍ မြန်မာပြည်တွင်းသို့ ပြန်ဝင်လာကာ လူငယ်များအား စစ်ပညာသင်ပေးခြင်းဖြင့် ကျေးလက်များမှ ပြောက်ကျားစစ်သည်အင်အားတို့မှာလည်း များပြားလှပေသည်။ ဂျပန်နှင့်ပူးပေါင်း၍ နယ်ချဲ့အင်္ဂလိပ်တို့ကို မောင်းထုတ်ရန် ကြိုးစားနေစဉ် ဖက်ဆစ်ဂျပန်တို့၏ ရိုင်းစိုင်းနှိပ်စက်မှုကို ပြည်သူတစ်ရပ်လုံးက ခံခဲ့ကြရပြန်ပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော တပ်မတော်သားများနှင့် ပြည်သူတို့ ပူးပေါင်းကာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တို့ကို အမိမြေမှ တော်လှန်တိုက်ထုတ်နိုင်ခဲ့ပေသည်။

ဖက်ဆစ်တို့လက်အောက်မှ လွတ်မြောက်ပြီးနောက် မြန်မာ့လွတ်လပ်ရေးကို ဆက်လက်ကြိုးပမ်းကြရာတွင် နယ်ချဲ့ဗြိတိသျှတို့သည် တောင်တန်းသားများအား မိမိတို့လက်အောက်မှ လက်မလွှတ်စေချင်၍ အမျိုးမျိုးပရိယာယ်ဆင်ကာ နားလှည့်ကြလေသည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ရွှေတိဂုံကုန်းတော်အလယ်ပစ္စယံ၌ ဖဆပလညီလာခံကြီးတစ်ရပ်ကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်၍ ကျင်းပကာ မြန်မာ့လွတ်လပ်ရေးအတွက် တိုင်းရင်းသားအားလုံး လက်တွဲဆောင်ရွက်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့လေသည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်း၌ ပင်လုံမြို့တွင် ရှမ်းစော်ဘွားများညီလာခံကို ကျင်းပခဲ့ရာ မြန်မာခေါင်းဆောင်ကြီးများဖြစ်သော သခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်တို့ တက်ရောက်ခဲ့ကြလေသည်။



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်အား တွေ့ရစဉ်။

ထို့နောက် တောင်တန်းနှင့် ပြည်မတစ်ပြိုင်တည်း လွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်အောင်ဆန်းက ဘိလပ်သို့သွားရောက်ကာ တောင်းဆိုခဲ့သည်။ ဗြိတိသျှတို့က ပရိယာယ်သုံးကာ တောင်တန်းဒေသက ပြည်မကြီးနှင့် ပူးပေါင်းရန်သဘောတူပါက တစ်ပြိုင်တည်း လွတ်လပ်ရေးပေးမည်ဖြစ်သဖြင့် တောင်တန်းသားများက မိမိတို့ဘာသာ ဆုံးဖြတ်ပါစေဟူ၍ ပြောဆိုလိုက်ကာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း-အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့လေသည်။ ဗိုလ်ချုပ်နှင့် အဖွဲ့ဝင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်လာပြီး ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပင်လုံညီလာခံကြီးသို့ တက်ရောက်၍ ပြည်မနှင့် တောင်တန်းဒေသများ ပူးပေါင်းရေးကို ဆွေးနွေးကြပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးကြလေသည်။

ဗြိတိသျှအစိုးရသည်လည်း ပြည်မရောတောင်တန်းဒေသများပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးရန် သဘောတူညီရလေသည်။ မြန်မာတိုင်းရင်းသားအားလုံး လွတ်လပ်ရေးကို ငံ့လင့်နေစဉ် ဂဠုန်ဦးစောနှင့် အပေါင်းပါတို့၏ ရက်စက်လုပ်ကြံမှုကြီးကြောင့် ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးခဲ့ရလေသည်။ သို့သော်ဗိုလ်ချုပ်၏ လွတ်လပ်ရေးကြိုးပမ်းမှုကြီးကား ရောင်နီဦးသန်းနိုင်ခဲ့လေပြီ။ ဝန်ကြီးချုပ်ဦးနုက ဆက်လက်၍ နု-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံသည် ဗြိတိသျှတို့၏ ယူနီယံဂျက်အလံတော်နေရာတွင် ငွါးငွါးစွင့်စွင့် လွင့်ထူနိုင်ခဲ့ပေပြီ။

ပြည်သူအပေါင်းတို့သည် ပြုံးပျော်ရွှင်မြူးနိုင်ကြပေပြီ။ ကျွန်သက်တမ်း နိဂုံးချုပ်သွားပေပြီ။ အချုပ်အခြာအာဏာ ပိုင်ဆိုင်ကြရပေပြီ။ မြန်မာ့လွတ်လပ်ရေးအတွက် ရဟန်းရှင်လူပြည်သူများ၊ တိုင်းရင်းသားသွေးချင်းများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ စစ်သည်တော်များ စသည်တို့၏ အသက်သွေးများစွာတို့ ပေးဆပ်၍ ရယူခဲ့ရသော လွတ်လပ်ရေးဖြစ်သဖြင့် အလွန်တန်ဖိုးထိုက်တန်လှပေသည်။

"ဒေါင်းအိုးတဝေဝေနှင့် တွန်စေကစေသောဝ်
ကောင်းမျိုးအထွေထွေနှင့် ချွန်စေမြစေသောဝ်"

…ဟူသော လေးချိုးကဗျာများဖြင့် ဇာတိမာန် နှိုးဆွပေးခဲ့ကြသော ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် စာပေကလောင်ရှင်များကလည်း ကလောင်ထမ်း၍ လွတ်လပ်ရေးတိုက်ပွဲဝင်ကြကာ ပြည်သူတို့၏ နား၊ မျက်စိကို စာပေအသိဖြင့် နှိုးဆွပေးရုံမက ဇာတိသွေး ဇာတိမာန်စိတ်ဓာတ်တို့ နိုးကြားလာအောင် ကလောင်လက်နက်ဖြင့် တိုက်ပွဲဝင်ခဲ့ကြပေသည်။ တိုင်းရင်းသားတို့၏ အသက်သွေးတို့ဖြင့် ပေးဆပ်ကာရရှိခဲ့ရသော လွတ်လပ်ရေး အထိမ်းအမှတ်အဖြစ် စိုက်ထူခဲ့သည့် "လွတ်လပ်ရေး မော်ကွန်းဝင်ကျောက်တိုင်ကြီး"ကား ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံအတွင်း ယနေ့တိုင် ထည်ထည်ဝါဝါ တည်ရှိ နေဆဲပါတကား။ တိုင်းရင်းသားတို့၏ အသက်သွေးများ ပေးဆပ်ကာ စည်းလုံးညီညွတ်မှုတို့ဖြင့် အရယူနိုင်ခဲ့သော လွတ်လပ်ရေးကြီးကို အစဉ်သတိရနေစေရန် ကျောက်တိုင်ကြီးကား မားမားမတ်မတ် ရပ်တည်ကာ သတိပေးနေပါတော့သည်။ ။

**"မြန်မာ့လွတ်လပ်ရေး အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲပါစေ"**



မေယုစစ်သင်္ဘောကို မြန်မာနိုင်ငံအစိုးရသို့ လွှဲပြောင်းပေးသော အခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်စဉ်။

**ထိုအချိန်မှစ၍ သူ့ကျွန်မခံလိုသော၊ ဇာတိမာန်ထက်သန်သော တိုင်းရင်းသားအပေါင်းတို့က မိမိတို့အင်အားရှိသမျှနှင့် နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြပေသည်။ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည်အထိ နှစ်ပေါင်း ၁၀၀ ကျော် ကြိုးပမ်းခဲ့ရသည့် လွတ်လပ်ရေးခရီးလမ်းကား အလွန်ကြမ်းတမ်းလှပေသည်။ တိုင်းရင်းသားအပေါင်းတို့၏ အသက်သွေး အဆက်ဆက် ပေးဆပ်ခဲ့ရ။**

# အနုပညာရှင်များ၏ ၂၀၂၁ ခုနှစ်အတွက် နှစ်သစ်ဆုတောင်း

**နှစ်ဟောင်းတစ်နှစ်ကုန်ဆုံးခဲ့ပြီး ၂၀၂၁ ဟူသည့် နှစ်သစ်တစ်နှစ်သို့ ကူးပြောင်းခဲ့ပြီဖြစ်သည်။ ၂၀၂၁ ခုနှစ်ကို ကြိုဆိုချိန်၌ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်တွင် ဖြတ်သန်းခဲ့သည့် အကြောင်းအရာ၊ ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံကာ နှစ်သစ်၌ အကောင်းဆုံး ရင်ဆိုင်ဖြတ်ကျော်ရန်အတွက် အနုပညာရှင်များ၏ စိတ်ဓာတ်ခွန်အားပေးသည့် စကားများအပါအဝင် နှစ်သစ်ဆုတောင်းစကားသံများအား စုစည်းဖော်ပြလိုက်ပါသည်။**



ထပ်ဆင့်အကယ်ဒမီရန်အောင်


ဒါရိုက်တာ ကြည်ဖြူသျှင်



ဇော်ခီ



ဒါရိုက်တာခရစ္စတီးနားခီ



ဒါရိုက်တာဇာကြီး


အကယ်ဒမီပိုင်ဖြိုးသု


ဒေါင်း


ကျော်ဆု


ရန်ရန်ချမ်း


အောင်ထက်


ဖြိုးပြည့်စုံ


အိမ့်ချစ်


ဂုဏ်ရည်အေးကျော်


ဝန


မေလသံစဉ်

**ထပ်ဆင့်အကယ်ဒမီရန်အောင်**

၂၀၂၁ ခုနှစ် မင်္ဂလာနှစ်သစ်မှာ ကျွန်တော်တို့အားလုံး နှစ်ဟောင်းက အညစ်အကြေးတွေ၊ မကောင်းတဲ့ ရောဂါတွေ၊ ဘေးဘယာတွေအားလုံး ဝေးကွာပြီး နှစ်သစ်မှာ စိတ်သစ် လူသစ်နဲ့ ချမ်းသာသုခပြည့်စုံစွာနဲ့ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးပါတယ်။ အခု ကျွန်တော်တို့အားလုံး ခံစားနေကြရတဲ့ ကိုဗစ်ကာလမှာ လူသားအားလုံး တစ်ပြေးညီ ရုန်းကန်ကြ၊ ကြိုးစားကြ၊ ရင်ဆိုင်ကြရတယ်။ ဒါတွေအားလုံးက ကျွန်တော်တို့အတွက် လောကရဲ့ အတွေ့အကြုံပါ။ အဲဒီလိုပဲ သဘောထားပြီး ကာကွယ်၊ တားဆီး၊ နေထိုင်ရင်းနဲ့ စိတ်သစ်၊ လူသစ်၊ နေထိုင်မှုအသစ်နဲ့ ဖြတ်သန်းကြတာပေါ့။ အားလုံးအားတင်းထားပါလို့ကျွန်တော် တိုက်တွန်းချင်ပါတယ်။

**ဒါရိုက်တာကြည်ဖြူသျှင်**

ဒီနှစ် နှစ်သစ်ဆုတောင်းကတော့ မြန်မာနိုင်ငံရော၊ ကမ္ဘာသူ ကမ္ဘာသားတွေအားလုံးရော ကျန်းမာရေးကောင်းမွန်စွာနဲ့ နှစ်သစ်ကို ကြိုဆိုနိုင်ဖို့ ဆုတောင်းပေးပါတယ်။ တစ်ကမ္ဘာလုံးကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ ရောဂါဆိုးကြီး အမြန်ဆုံးပျောက်ကွယ်သွားစေချင်ပါတယ်။ ဒီရောဂါကြောင့် လူတိုင်း ကျန်းမာရေး၊ စီးပွားရေးတွေ အများကြီး ထိခိုက်ရတယ်။ ဒါကြောင့် ဒီထိခိုက်မှု ရောဂါဘေးကြီးကနေ လွတ်မြောက်ပြီးတော့ အားလုံး ကျန်းမာပျော်ရွှင်စွာနဲ့ အစစ အောင်မြင်တိုးတက်ကြစေချင်ပါတယ်။ အဓိကကတော့ ဒီရောဂါဆိုးကြီးသာ ပျောက်သွားမယ်ဆိုရင် စီးပွားရေး၊ လူမှုရေးတွေ တိုးတက်လာမှာပါလို့ ယုံကြည်ပါတယ်။

**ဇော်ခီ**

**အရှုံးမပေးဘဲ အပြုံးတစ်ဝက်နဲ့**
**ရုန်းထွက်နိုင်ခဲ့ပြီ...။**
**နံပါတ်လှသလောက်**
**အမြင်နဲ့အပြင်မှာ**
**ကွာခြားလွန်းလှတဲ့**
**၂၀၂၀ ရေ ဘိုင့်ဘိုင်ပါ...။**

**ဒါပေမယ့် ...**
**ဘာမှအစားမရခြင်းကို**
**လက်တွေ့သင်ကြားပေးခဲ့တဲ့ ၂၀၂၀...**
**ဘဝမှာ ဘာတွေက**
**တကယ်အရေးကြီးသလဲဆိုတာ**
**သိမြင်စေခဲ့တဲ့ ၂၀၂၀...**
**ကျေးဇူးကြီးပါတယ်လေ...။**
**၂၀၂၀ မှာ ရခဲ့တဲ့မေတ္တာလက်နက်နဲ့**
**၂၀၂၁ ကို အကောင်းဆုံး**
**ဖြတ်သန်းကြရအောင်...။**
**၂၀၂၁ ဟာ ၂၀၂၀ ရဲ့ ဆန့်ကျင်ဘက်နှစ်**
**အားလုံးအတွက် ဖြစ်ပါစေလို့လည်း**
**ဆုတောင်းပေးပါတယ်...။**

**ဒါရိုက်တာခရစ္စတီးနားခီ**

ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ကမ္ဘာမှာ ကြာရှည်စွာဖက်တွယ်ထားတဲ့အချိန်မှာ ခရစ္စကတော့ မိမိအတွက် ဖိစီးမှုများစေတဲ့အရာတွေကို အတတ်နိုင်ဆုံး ရှောင်ရှားပြီး ကိုယ်လက်လှုပ်ရှားကစားခြင်း၊ စိတ်ဖိစီးမှုနည်းစေတဲ့အသီးအနှံများစားသုံးခြင်း၊ စိတ်ခွန်အားဖြစ်စေမယ့်စာများဖတ်ခြင်း၊ ချစ်ခင်ရတဲ့မိသားစုနဲ့အချိန်ပေးပြီး နေထိုင်ရင်း အလုပ်အကိုင်အတွက် ပိုမိုတိုးတက်စေမယ့်လေ့လာမှုများကိုလုပ်ကိုင်ရင်း ကပ်ရောဂါဆိုးကြီး ကမ္ဘာကနေထွက်ခွာသွားမယ့်အချိန်ကို စောင့်စားနေပါတယ်။ အားလုံးလည်း စိတ်ဓာတ်ကြံ့ခိုင်စွာနဲ့ ကပ်ရောဂါဆိုးကြီးမှ အမြန်ဆုံး ကင်းလွတ်ပါစေ။ စီးပွားဥစ္စာတိုးပွားကြပြီး အနာရောဂါကင်းရှင်းတဲ့ပျော်ရွှင်ဖွယ်ရာဘဝများကို ရရှိကြပါစေ။

**ဒါရိုက်တာဇာကြီး**

၂၀၂၁ ခုနှစ် နှစ်သစ်မှာ ကျွန်တော်တို့တစ်တွေတစ်ခါမှမရဖူး၊ မကျင့်သုံးဖူးသေးတဲ့ Rating System အသစ်စက်စက်ကြီးနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကို အမြန်ဆုံးဖော်ဆောင်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**အကယ်ဒမီပိုင်ဖြိုးသု**

နှစ်သစ်မှာ မြန်မာပြည်သူပြည်သားများအားလုံး ကိုဗစ်-၁၉ ရောဂါကင်းစင်ပြီး ကိုယ်ရောစိတ်ပါ ကျန်းမာလို့ချမ်းသာကြပါစေရှင့်။

**ဒေါင်း**

နှစ်သစ်မှာ ကျွန်တော်တို့ ပြည်သူအားလုံး မျှော်လင့်ချက်အသစ်၊ အိပ်မက်အသစ်၊ ပျော်ရွှင်ခြင်းအသစ်တွေနဲ့ လောကတစ်ခုကို ပိုင်ဆိုင်ကြပါစေ။

**ကျော်ဆု**

နှစ်သစ်မှာ လူသားတွေအားလုံး ရောဂါကပ်ဘေးအပေါင်းက ကင်းဝေးကြပြီးတော့ ပျော်ရွှင်စရာနေ့ရက်တွေ ပိုင်ဆိုင်တဲ့ နှစ်သစ်ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။ ကိုဗစ်-၁၉ ကာလအတွင်း အားလုံးအတူတူ ရင်ဆိုင်ဖြတ်သန်း နေရတာဖြစ်လို့ ဘာမှ စိတ်ဓာတ်တွေ မကျဘဲနဲ့ ကျန်းမာရေးနဲ့ ညီညွတ်ကိုက်ညီမှုရှိတဲ့ လှုပ်ရှားနေထိုင်မှု စနစ်တွေနဲ့အတူ နေထိုင်ပြီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်ကြပါလို့ ပြောချင်ပါတယ်။

**ရန်ရန်ချမ်း**

နှစ်သစ်ကစပြီးတော့ ပြည်သူတွေအားလုံး ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေအားလုံး ပုံမှန်ထက်ပိုပြီး တိုးတက်အောင်မြင်တဲ့ အနေအထားတစ်ခု ရောက်ရှိကြပါစေလို့ ဆုတောင်းပါတယ်။ အခု ကိုဗစ်-၁၉ ကပ်ရောဂါကိုလည်း လူသားတွေအားလုံး ကျော်ဖြတ်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**အောင်ထက်**

နှစ်သစ်ချိန်ခါမှာ မြန်မာနိုင်ငံသူနိုင်ငံသားတွေအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြပါစေ။ ရောဂါဘယတွေ ကင်းရှင်းပါစေ။ အခုဖြစ်နေတဲ့ ကိုဗစ်ရောဂါမှလည်း ကင်းလွတ်ကြပြီး မိမိတို့ မိသားစုဝင်တွေအားလုံး ကျန်းမာရွှင်လန်းကြပါစေ၊ ပျော်ရွှင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**ဖြိုးပြည့်စုံ**

၂၀၂၁ နှစ်သစ်မှာအားလုံးနေကောင်းကျန်းမာရှိကြပါစေ။ အနာဂတ်မှာ ပိုပြီးတော့ အောင်မြင်ပျော်ရွှင်ခြင်းတွေကိုပိုင်ဆိုင်နိုင်ပါစေ။ ၂၀၂၀ ပြည့်နှစ်မှာ ဝမ်းနည်းစရာတွေ၊ ထိခိုက်နစ်နာစရာတွေ၊ လောကဓံတွေကို ကျော်ဖြတ်ခဲ့ရတယ်။ အဲဒီကနေခု ၂၀၂၁ ခုနှစ်မှာ အဆိုးတွေကနေ အကောင်းတွေကို ပြန်လည်သယ်ဆောင်မယ်၊ ပြီးတော့ရင့်ကျက်ခြင်းတွေနဲ့အတူ ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေအရ ဘာတွေများ ကြိုတင်ပြင်ဆင်မလဲဆိုတဲ့ အတွေးတွေနဲ့ အတူ အဓိကကတော့ ကျန်းမာရေးမှာပိုပြီးကောင်းမွန်ဖို့ ဆုတောင်းပေးလိုက်ပါတယ်။ တွေးထားရမှာကတော့ ကိုဗစ်-၁၉ ရဲ့ ကာကွယ်ဆေးဆိုတာထက် ကိုဗစ်-၁၉ နဲ့ အတူတူဘယ်လိုယှဉ်တွဲနေထိုင်မလဲ၊ ဘယ်လိုအဆင်ပြေအောင် ကျွန်တော်တို့ရဲ့ ဘဝနေ့ရက်ကို ကျော်ဖြတ်ကြမလဲဆိုတာကို တွေးစေချင်ပါတယ်။ နောက်တစ်ခုကတော့လောကမှာဘယ်အရာမှတည်မြဲမနေဘူး။ ဒါကြောင့်ယခုဖြစ်နေတဲ့အရာသည် အချိန်တစ်ခုမှာ လွန်မြောက်မှာပါ။ ကောင်းတဲ့အရာတွေလာမှာဖြစ်လို့ ဒီယုံကြည်မှုနဲ့သာ ရှေ့ဆက်ကြပါလို့ ပြောချင်ပါတယ်။

**အိမ့်ချစ်**

၂၀၂၁ ခုနှစ်မှာ ပရိသတ်ကြီးအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ။ ကိုဗစ်-၁၉ ကပ်ရောဂါကြီးကနေလည်း အမြန်ဆုံးကင်းဝေးပါစေ။ မိသားစုတွေထဲမှာလည်း စိတ်နှလုံးချမ်းမြေ့ရွှင်ပြုံးကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဂုဏ်ရည်အေးကျော်**

လာမယ့်နှစ်သစ်မှာ မြန်မာသူမြန်မာသား၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ကပ်ရောဂါဘေး စီးပွားဒုက္ခဘေး အကျပ်အတည်းအခက်အခဲများအားလုံးမှ လွန်မြောက်ပြီး ကျန်းမာချမ်းသာစွာနဲ့ ကိုယ်စိတ်နှလုံးအေးချမ်းတဲ့နေ့ရက်တွေကို ရရှိပိုင်ဆိုင်နိုင်ကြပါစေ။

**ဝန**

နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ အောင်မြင်မှုအသစ်အသစ်တွေ ရယူနိုင်ကြပါစေ။ ကိုဗစ်ကာလမှာ စိတ်ညစ်ပေမယ့် စိတ်ဓာတ်မကျဘဲ အိမ်မှာနေရင်း ခန္ဓာခွန်အား၊ စိတ်ဓာတ်ခွန်အားတွေ ကောင်းအောင် ကျန်းမာရေးနဲ့အညီ နေထိုင်စားသောက် အသက်မွေးမြူကြပါ။ ရောဂါကပ်ဆိုးကြီးပြီးတာနဲ့ ကျွန်တော်တို့လုပ်ချင်တဲ့အလုပ်တွေ၊ မက်ထားတဲ့အိပ်မက်တွေအများကြီးကို အောင်မြင်သည်ထက် အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ ကျန်းမာပြီးခွန်အားအပြည့်နဲ့ အသင့်ဖြစ်နေတဲ့ လူသားတွေဖြစ်အောင် ကြိုးစားကြပါလို့ အားပေးချင်ပါတယ်ဗျာ။

**မေလသံစဉ်**

၂၀၂၁ နှစ်သစ်ကနေစပြီး မိသားစုတိုင်း ကျန်းကျန်းမာမာနဲ့ အလုပ်အကိုင်၊ စီးပွားရေးလုပ်ငန်းများ ပြန်လည် လုပ်ကိုင်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ မေလအနေနဲ့လည်း အခုကာလမှာ ကျန်းမာရေးအတွက် အရာရာသတိနဲ့ နေထိုင်သွားလာ စားသောက်နေပါတယ်။ ဒီ ကိုဗစ်-၁၉ ကာလကြီးက ဘယ်လောက်ထိ ကြာမယ်မှန်းမသိတော့ ဘာပဲလုပ်လုပ် လမ်းညွှန်ချက်တွေနဲ့အညီ Mask တပ်၊ လက်ဆေး၊ အားရှိအောင် စားသောက်ရင်းနဲ့ပဲ အလုပ်တွေကတော့ လုပ်နေကြရတာမို့လို့ အားလုံးလဲ အရာရာဂရုစိုက်ကြစေချင်ပါတယ်ရှင်။ ။

**တွေ့ဆုံမေးမြန်း-မွန်ဦးနဒီ**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀)ရေးဆွဲခြင်းအတွက် အခြေခံပညာကဏ္ဍနှင့် နည်းပညာနှင့်သက်မွေးပညာကဏ္ဍများမှ ဆရာ ဆရာမများနှင့် ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃၁**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan –NESP) (2021–2030)ရေးဆွဲရေးအတွက် အခြေခံပညာကဏ္ဍနှင့် နည်းပညာနှင့်သက်မွေးပညာကဏ္ဍများမှ ဆရာ ဆရာမများနှင့် ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်ကို ယနေ့နံနက် ၉ နာရီခွဲတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာ၊ အဆင့်မြင့်ပညာ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်း၊ ဆွေးနွေး၊ အကြံပြုခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရင်းနှီးစွာ အသေးစိတ် ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# သဘင်ပညာရှင်များ၏ နှစ်သစ်ကူးဆုတောင်း

တွေ့ဆုံမေးမြန်း
ဇော်ကြီး



လူရွှင်တော် တိမ်ညွန့်



လူရွှင်တော် ပန်းသီး(သီးလေးသီး)



လူရွှင်တော် ဥသြ



သရုပ်ဆောင် ဆင်မ

**လူရွှင်တော် တိမ်ညွန့်**

အနုပညာချစ်တဲ့ ပရိသတ်တွေနဲ့ တိုင်းသူပြည်သားအားလုံး နှစ်သစ်ကူး အခါသမယကနေစတင်ပြီး စိတ်ချမ်းသာမှုအပေါင်းနဲ့ ပြည့်စုံပါစေလို့ မေတ္တာလည်းပို့ပါတယ်။ ဆန္ဒလည်းပြုပါတယ်။ နှစ်သစ်မှာ စီးပွားရေးနဲ့ လူမှုရေးတွေ ကောင်းမွန်ပြီး ကပ်ရောဂါဘေးမှလည်း ကင်းဝေးသောသူတွေဖြစ်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**လူရွှင်တော် ပန်းသီး (သီးလေးသီး)**

နှစ်သစ်ကူး အခါသမယကနေစတင်ပြီး ကိုဗစ်-၁၉ ရောဂါကြီးကင်းစင်ပြီး နိုင်ငံသူ နိုင်ငံသားအားလုံး ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝတွေကို ပိုင်ဆိုင်နိုင်ကြပါစေ။ အားလုံးသော မိသားစုများ စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိပါစေ။ အစိုးရရဲ့ ဒုတိယသက်တမ်းကာလမှာ ပြည်သူအားလုံးမျှော်လင့်နေကြတဲ့ ငြိမ်းချမ်းရေးကြီး အမြန်ဆုံးရရှိပါစေ။ ကိုဗစ်-၁၉ ကပ်ရောဂါကြီးကိုလည်း အစိုးရနဲ့ပြည်သူလူထု ပူးပေါင်းလက်တွဲအားနဲ့ ပိုပြီးအောင်မြင်စွာ ကျော်ဖြတ်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**လူရွှင်တော် ဥသြ**

တစ်ကမ္ဘာလုံးမှာ ကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ ရောဂါကြီး အမြန်ဆုံး ကင်းဝေးပါစေ။ နှစ်သစ်ကူးအချိန်ကာလကနေစတင်ပြီး နိုင်ငံသူနိုင်ငံသား အားလုံး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစစအရာရာကောင်းမွန်ပြီး ရောဂါကပ်ဆိုးကြီးမှ ကင်းဝေးပါစေ။ ၂၀၂၂ ခုနှစ်မှာ ပြည်သူပြည်သားအားလုံး အောင်မြင်မှုတွေရရှိပြီး တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်နိုင်ကြသူတွေဖြစ်ပါစေ။

**သရုပ်ဆောင် ဆင်မ**

၂၀၂၂ ခုနှစ်မှာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေ။ ကိုဗစ်-၁၉ ရောဂါကနေ ကင်းဝေးပါစေ။ ပြည်သူသာလျှင်အဓိက ဆိုတဲ့အတိုင်း ကပ်ရောဂါကြီးကို မိမိကစတင်ပြီး ကာကွယ်ကြပါ။ ကျွန်တော်တို့နိုင်ငံအတွက် တိုးတက်လာမယ့် လမ်းစတွေ၊ ရောင်ခြည်တွေပေါ်နေပါပြီ။ ကျွန်တော်တို့ တိုင်းပြည်နဲ့ လူမျိုး၊ နောင်လာမယ့် မျိုးဆက်သစ်တွေ ကောင်းစားဖို့အတွက် တစ်ဦးချင်းစီတိုင်းမှာတာဝန်ရှိပါတယ်။ ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါ။ နှစ်သစ်ကူးအချိန်ကာလကနေစတင်ပြီး ပြည်သူအားလုံး စိတ်သစ်၊ လူသစ်နဲ့ စီးပွားရေး၊ လူမှုရေးတွေ အဆင်ပြေကောင်းမွန်ကြပါစေ။ အားတင်းထားကြပါလို့ ပြောပါရစေ။

# နိုင်ငံတကာ နှစ်သစ်ကူးနေ့တွင် မြန်မာနိုင်ငံ၌ ကလေးငယ် ၂၆၈၈ ဦးခန့် မွေးဖွားလာမည်ဟု UNICEF သတင်းထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ မှတ်တမ်းများအရ နိုင်ငံတကာ နှစ်သစ်ကူးနေ့တွင် မြန်မာနိုင်ငံ၌ ကလေးငယ်ပေါင်း ၂၆၈၈ ဦးခန့် မွေးဖွားလာမည်ဟု ခန့်မှန်းထားကြောင်း UNICEF မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံတကာ နှစ်သစ်ကူးနေ့တွင် မြန်မာနိုင်ငံ၌ မွေးဖွားလာမည့် ကလေးငယ်ဦးရေသည် တစ်ကမ္ဘာလုံးအတိုင်း အတာအရ နှစ်သစ်ကူးနေ့တွင် မွေးဖွားလာမည်ဟု ခန့်မှန်းထားသည့် ကလေးငယ်ဦးရေ ၃၇၁၅၀၄ ဦးအနက်မှ ၀ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပြီး ၎င်းတို့၏ ပျမ်းမျှမျှော်မှန်းသက်တမ်းမှာ ၇၅ ဒသမ ၇ နှစ်ခန့်ရှိမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

ထို့အတူ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၂၀၂၂ ခုနှစ်၏ နှစ်သစ်ကူးနေ့တွင် ပထမဆုံးမွေးဖွားလာမည့် ကလေးငယ်မှာ ပစိဖိတ်ဒေသတွင်းရှိ ဖီဂျီနိုင်ငံမှဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် တစ်နှစ်တာ၏ နောက်ဆုံးရက်တွင် မွေးဖွားလာမည့် ကလေးငယ်မှာ အမေရိကန်ပြည်ထောင်စုမှဖြစ်ကြောင်းလည်း ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ မွေးဖွားမှုများ၏ ထက်ဝက်ကျော်မှာ နိုင်ငံ ၁၀ နိုင်ငံမှ ဖြစ်မည်ဟု ခန့်မှန်းထားပြီး ယင်းနိုင်ငံများအနက် အိန္ဒိယ မှ ၅၉၉၉၅ ဦး၊ တရုတ် မှ ၃၅၆၁၅ ဦး၊ နိုင်ဂျီးရီးယားမှ ၂၁၄၉၃ ဦး၊ ပါကစ္စတန်မှ ၁၄၁၆၁ ဦး၊ အင်ဒိုနီးရှားမှ ၁၂၃၃၆ ဦး၊ အီသီယိုးပီးယားမှ ၁၂၀၀၆ ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၁၀၃၁၂ ဦး၊ အီဂျစ်မှ ၉၄၅၅ ဦး၊ ဘင်္ဂလားဒေ့ရှ်မှ ၉၂၃၆ ဦးနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ၈၆၄၀ ဦးဖြစ်ကြောင်း သိရသည်။

"ဒီနှစ်က ကျွန်မတို့အားလုံးအတွက် ခက်ခဲတဲ့ နှစ်တစ်နှစ်ပါ။ အသစ်ပြန်စတင်ဖို့အတွက် ကမ္ဘာကြီးထဲရောက်ရှိလာမယ့် ကလေးငယ်တွေကို ကြိုဆိုတာထက်ပိုကောင်းတဲ့ နည်းလမ်းမရှိနိုင်ပါဘူး။ ၂၀၂၂ ခုနှစ်ရဲ့ အခွင့်အလမ်းတွေက ကျွန်မတို့ရှေ့မှာ ရှိနေပါပြီ။ အခက်အခဲတွေကို ထားခဲ့ပြီး အခုအချိန်က ပိုကောင်းတဲ့ကမ္ဘာကြီးကို တည်ဆောက်ဖို့ အချိန်ကျပါပြီ။ ဒီနေ့မှာ မွေးဖွားလာတဲ့ ကလေးငယ်တွေက ဒီနေ့မှာ သူတို့အတွက် ကျွန်မတို့ စတင်တည်ဆောက်ကာကွယ်ပေးမယ့် ကမ္ဘာကြီးကို အမွေဆက်ခံကြရမှာပါ" ဟု UNICEF မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi က ပြောသည်။

၂၀၂၂ ခုနှစ်သည် UNICEF ၏ ၇၅ နှစ်မြောက် နှစ်ပတ်လည်နှစ်ဖြစ်ပြီး ကလေးငယ်များအတွက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးတစ်ခုကို ပြန်လည်ပုံဖော်ပေးရန်အတွက် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် UNICEF နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများသည် ကလေးများအား ပဋိပက္ခများ၊ အနာရောဂါများနှင့် ဖယ်ထုတ်ခံထားရမှုများမှ ကာကွယ်ပေးခဲ့သည့်အပြင် ကလေးငယ်များ၏ ရှင်သန်ရပ်တည်ခွင့်၊ ကျန်းမာရေးနှင့် ပညာရေး အခွင့်အလမ်းများရရှိစေရန် ရာစုနှစ်တစ်ခု၏ လေးပုံသုံးပုံခန့် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုများအပေါ် ဝမ်းမြောက်ဂုဏ်ယူသည့်အနေဖြင့် ယခုနှစ်ပတ်လည်နှစ်အား အခမ်းအနားပွဲများ၊ ကြေညာချက်များဖြင့် အမှတ်တရ ဂုဏ်ပြုကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ကြီး



# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အစီရင်ခံစာ(မူကြမ်း)အပေါ် ကော်မတီဝင်များ၏ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အစီရင်ခံစာ (မူကြမ်း)အပေါ် ကော်မတီဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။



**ဖြည့်စွက်အကြံပြုဆွေးနွေးပေးကြစေလို**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ (၃)နှစ်တာကာလအတွင်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မစ္စတာ ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်(၈၈)ချက်မှ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအပေါ် မူတည်၍ ပြန်လည်ဆန်းစစ်ပြီး သုံးသပ်ချက်အစီအရင်ခံစာတစ်စောင်ပြုစုရန် ဖြစ်ပါကြောင်း၊ အစည်းအဝေး တက်ရောက်လာကြသော ကော်မတီဝင်များအနေဖြင့် အကြံပြုချက်ကော်မတီအတွင်းရေးမှူးရုံးက လေ့လာဆန်းစစ်ဖော်ထုတ်မှုရလဒ်များအရ သုံးသပ်ချက်အစီရင်ခံစာ(မူကြမ်း)ကို ပြုစုထားရှိပါသဖြင့် ထိုအစီရင်ခံစာ(မူကြမ်း)အပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း။

ထိုကဲ့သို့ သုံးသပ်ချက်အစီရင်ခံစာပြုစုပေးခြင်းဖြင့် နောင်ဆက်လက်တာဝန်ယူမည့်သူများက လိုအပ်သော စီမံမှုများကိုချမှတ်ပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ရေတို/ ရေရှည်စီမံချက်များဖြင့် ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ဆန်းစစ်ချက်အစီရင်ခံစာ(မူကြမ်း)ကို ကော်မတီ၏ (၄)လ တစ်ကြိမ် ပြုစုထားသော ပြည်သူသို့အစီရင်ခံစာများတွင် ဖော်ပြနိုင်ခဲ့သည့်အချက်အလက်များ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ပေးပို့လာသည့် လစဉ်အစီရင်ခံစာပါ အချက်အလက်များကို စုစည်း၍ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို အဆင့်များသတ်မှတ်ပြီး ပြန်လည်ဆန်းစစ် သုံးသပ်တင်ပြထားခြင်းဖြစ်ပါကြောင်း၊ အဆိုပါ သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ မြေပြင်တွင် လက်ရှိ အမှန်တကယ်ပြောင်းလဲမှု အခြေအနေများနှင့် ထင်ဟပ်နိုင်ရန် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင် ဦးဆောင်ကာ ရခိုင်ပြည်နယ်အတွင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ပြည်နယ်ဦးစီးမှူးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ထပ်ဆင့်ညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်တွင် Virtual စနစ်ဖြင့် ကျင်းပခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေရှင်းဆောင်ရွက်ရမည့် အကျပ်အတည်း(၃)ရပ်ဖြစ်သော ဖွံ့ဖြိုးမှုဆိုင်ရာအကျပ်အတည်း၊ လူ့အခွင့်အရေးဆိုင်ရာအကျပ်အတည်းနှင့် လုံခြုံရေးဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ၊ ပြည်တွင်း၊ ပြည်ပနှင့်ပတ်သက်သော စိန်ခေါ်မှုများအပြင် ကိုဗစ်-၁၉ ဖြစ်ပွားမှုများကြောင့် လုပ်ငန်းများ အကောင်အထည်ဖော်မှု အရှိန်လျော့ကျသွားခဲ့ပါကြောင်း၊ ပြည်နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသောကဏ္ဍများကို ထိခိုက်စေပြီး ဒေသနေထိုင်သူများအနေဖြင့် အလုပ်အကိုင် ရှားပါးမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ရင်ဆိုင်နေရသည့်အပြင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး စသော ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေခဲ့ပါကြောင်း၊ အကြံပြုချက်အများစုသည် ရေရှည်ဆောင်ရွက်ရမည်ဖြစ်ပြီး တိုးတက်မှုများကို အတိုင်းအတာတစ်ခုအထိ ရရှိခံစားကြရသော်လည်း ပမာဏအားဖြင့် ဖော်ပြရန်ခဲယဉ်းပါကြောင်း၊ ကဏ္ဍအလိုက် ဆောင်ရွက်နိုင်မှုကို တိုင်းတာရန် အညွှန်းကိန်းများ ဖော်ထုတ်သတ်မှတ်ရန် လိုအပ်ပါကြောင်း၊ သိသိသာသာတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သော ကဏ္ဍများတွင် အားထည့်၍ စနစ်တကျနှင့် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ပါက လာမည့်အချိန်ကာလများတွင် ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကော်မတီဝင်များအနေဖြင့် ရခိုင်ပြည်နယ်အတွင်း အကြံပြုချက်ပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အရေးသည် ပြည်ထောင်စုအရေးဖြစ်ပြီး ပြည်ထောင်စုအရေးတွင် ရခိုင်ပြည်နယ်အရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ်အရေးကို တစ်ကမ္ဘာလုံးက စိတ်ဝင်တစား အာရုံစိုက်နေကြသည့်အတွက် ကော်မတီဝင်များအနေဖြင့် ရခိုင်အရေးနှင့်ပတ်သက်၍ ပြောဆိုလုပ်ကိုင်ဆောင်ရွက်ကြရာတွင် အထူးအလေးထား ဂရုပြုဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ခံစားနေကြရသော အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့်သူများအနေဖြင့် ရခိုင်ပြည်နယ်၏ သမိုင်းကြောင်း၊ ပြည်နယ်အတွင်းလုံခြုံရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေ၊ မတူညီသည့် လူ့အဖွဲ့အစည်းများအကြား ဖြစ်တည်နေသည့် ပဋိပက္ခများ၊ စိန်ခေါ်မှုများကို ဦးစွာ နားလည်ထားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ရေတို/ ရေရှည် စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများ၏ စားဝတ်နေရေး၊ ဘဝရှင်သန်နေထိုင်ရေး၊ လူ့အခွင့်အရေးနှင့် လူမှုသဟဇာတဖြစ်မှုတို့ကို ဦးစားပေးစဉ်းစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း၊ IDP စခန်းများ စနစ်တကျပိတ်သိမ်းနိုင်ရေးအပါအဝင် အကြံပြုချက်ပါလုပ်ငန်းကဏ္ဍများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်အတွင်းရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဒေသခံများနှင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကော်မတီဝင်များအနေဖြင့် ထိုသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် စဉ်းစားချင့်ချိန်၍ ပြောဆိုလုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ပြုမူပြောဆိုလုပ်ကိုင်မှုများသည် နိုင်ငံတကာအမြင်အပေါ် သက်ရောက်မှုကြီးမားပါကြောင်း၊ နိုင်ငံတကာဖိအားများ လျော့နည်းသွားရန် မိမိတို့အနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စများကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ကော်မတီ၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်နိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ပြန်လည်ဆန်းစစ်သုံးသပ်ပြီး အစီရင်ခံစာပြုစုမှတ်တမ်းတင်ထားခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံတကာဖိအားများကို တုံ့ပြန်ရာတွင် လိုအပ်သည့်အချက်အလက်များအဖြစ် ပံ့ပိုးပေးနိုင်မည်ဖြစ်၍ ယခုကဲ့သို့သော အချိန်ကာလတွင် အလွန်အရေးကြီးပါကြောင်း၊ အဆိုပါအချက်အလက်များကို အသုံးပြုဆောင်ရွက်ဖြေရှင်းရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တွဲဖက်အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြံပြုချက်ပါ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ နယ်စပ်ရေးရာဝန်ကြီးဌာနက ပါဝင်ဆောင်ရွက်ရသည့် အကြံပြုချက်များအား လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအပြင် UEHRD ကော်မတီ၏ လုပ်ငန်းအဖွဲ့များ၊ ပြည်တွင်း/ပြည်ပ အရပ်ဘက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၏ အကူအညီများဖြင့် ဆောင်ရွက်ခဲ့မှုများအပေါ် ဆန်းစစ်တွေ့ရှိချက်များ၊ ယခု သုံးသပ်ချက် အစီရင်ခံစာပါ အချက်အလက်များကို မြေပြင်အခြေအနေနှင့် ထင်ဟပ်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ ပြည်နယ်ဦးစီးမှူးများနှင့် အစည်းအဝေးတစ်ခုကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်တွင် Online ဖြင့် ကျင်းပခဲ့ပြီး တက်ရောက်ဆွေးနွေးသူများ၏ အကြံပြုချက်များ၊ သုံးသပ်ချက်အစီရင်ခံစာ ပြုစုနိုင်ရေးအတွက် လိုအပ်သည့်အချက်အလက်များကို ပံ့ပိုးပေးနိုင်ခဲ့မှုများ၊ သုံးသပ်ချက်အစီရင်ခံစာ (မူကြမ်း)နှင့် စပ်လျဉ်း၍ ကော်မတီရုံးအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ပေးပို့လာသည့် အစီရင်ခံစာများ၊ အချက်အလက်များနှင့် ပြည်သူသို့ အစီရင်ခံစာ(၈)ကြိမ်တွင် ဖော်ပြနိုင်ခဲ့သည့် ကိန်းဂဏန်း အချက်အလက်များအပေါ်တွင် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို သုည ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း၊ ၂၁ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း၊ ၄၁ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်း၊ ၆၁ ရာခိုင်နှုန်း မှ ၈၀ ရာခိုင်နှုန်း အထိ အဆင့်သတ်မှတ်ဆောင်ရွက်ထားခြင်းများကို ရှင်းလင်းပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ အတွင်းရေးမှူးရုံး ရုံးအဖွဲ့မှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်လှဲ့လှဲ့အေးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ (၃)နှစ်တာကာလအတွင်း အကြံပြုချက် (၈၈)ချက်၏ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများအပေါ် ဆန်းစစ်သုံးသပ်ထားရှိမှုအခြေအနေကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ကော်မတီဝင်များက ဆန်းစစ်ချက်မူကြမ်းတွင် ပါဝင်သည့် မိမိတို့ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ သုံးသပ်ချက်အစီရင်ခံစာတွင် ထပ်မံဖြည့်စွက်ရန် လိုအပ်သည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် ကော်မတီဝင်များအနေဖြင့် ဆန်းစစ်ချက်မူကြမ်းအပေါ်မှာ ဖြည့်စွက်အကြံပြုပေးနိုင်ရန်နှင့် နောင်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ရှိသည့်လုပ်ငန်းများနှင့် ရေရှည်အကောင်အထည်ဖော်ရမည့်လုပ်ငန်းကို ရည်မှန်းချက်၊ အချိန်ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် လျာထားမှု၊ အညွှန်းကိန်းများ စသည်တို့ပါဝင်သော လုပ်ငန်းစီမံချက်များ ရေးဆွဲတင်ပြပြီး ဘဏ္ဍာနှစ်အလိုက် ဆက်လက်လျာထားအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း ရင်ဆိုင်နေရသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေရှင်းဆောင်ရွက်ရမည့် ဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေးနှင့် လုံခြုံရေးဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ထိရောက်လျင်မြန်စွာ ဆက်လက်ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်းနှင့် ယှဉ်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး သုံးသပ်ချက်အစီရင်ခံစာ(မူကြမ်း)ကို အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ရေး အချိန်မီပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

**သတင်းစဉ်**

---

**❒ ကျောဖုံးမှ**

လက်ရွေးစင်အသင်းအားလုံးမှာ ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ယခုနှစ် မတ်လကတည်းက လေ့ကျင့်မှုရပ်နားထားရခြင်းဖြစ်ပြီး ပြန်လည်လေ့ကျင့်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လက်ရွေးစင်အသင်းများနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းအားလုံးနီးပါးမှာ လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း နှစ်ဆန်းပိုင်းတွင် ယှဉ်ပြိုင်ရမည့်အသင်းများနှင့် အချိန်ယူပြင်ဆင်ရန် လိုအပ်သည့်အသင်းများကို စတင်လေ့ကျင့်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အခြားလက်ရွေးစင်အသင်းများ လေ့ကျင့်နိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများ၊ အမျိုးသမီးလက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ၊ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲ၊ ယူ-၂၂ အမျိုးသားအသင်းသည် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲနှင့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲ၊ ဖူဆယ်လက်ရွေးစင် အမျိုးသားအသင်းသည် အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတို့ယှဉ်ပြိုင်ရန်ရှိနေသည်။

အာဆီယံဒေသတွင်းရှိ အခြားနိုင်ငံများမှ လက်ရွေးစင်အသင်းများနှင့် လူငယ်လက်ရွေးစင်အသင်းများမှာ လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ပြီး အသင်းအများစုမှာ ပြည်ပနိုင်ငံများ သို့မဟုတ် ပြည်တွင်း၌ပင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ မြန်မာအသင်းများအနေဖြင့် အခြားဒေသတွင်းအသင်းများထက် ပြင်ဆင်မှုနောက်ကျလျက်ရှိပြီး ဇန်နဝါရီဒုတိယပတ်တွင် စတင်လေ့ကျင့်နိုင်မှသာ ပြင်ဆင်ချိန်လုံလောက်ဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ထရမ့်နှင့် မစ်ရှယ်လ်အိုဘားမားတို့ ၂၀၂၀ ပြည့်နှစ်၏ လေးစားဖွယ်အကောင်းဆုံး အမေရိကန်နိုင်ငံသားများအဖြစ် ရွေးချယ်ခံရ

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

သမ္မတထရမ့်နှင့် သမ္မတဟောင်းအိုဘားမား၏ကတော် မစ်ရှယ်လ်အိုဘားမားတို့သည် ၂၀၂၀ ပြည့်နှစ်၏ လေးစားဖွယ် အကောင်းဆုံး အမေရိကန်လူမျိုး အမျိုးသားနှင့် အမျိုးသမီး အဖြစ် Gallup စစ်တမ်းအရ ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

သမ္မတထရမ့်သည် မဲအရေအတွက်၏ ၁၈ ရာခိုင်နှုန်းဖြင့် လေးစားဖွယ်အကောင်းဆုံး အမေရိကန်အမျိုးသား အဖြစ် ရွေးချယ်ခံခဲ့ရသောကြောင့် ထရမ့်အတွက် ပထမဆုံး အကြိမ် ရွေးချယ်ခံရမှုလည်း ဖြစ်လာခဲ့သလို သမ္မတဟောင်း ဘားရက်အိုဘားမား၏ ၁၂နှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရမှု လည်း အဆုံးသတ်ခဲ့သည်။ ယခုနှစ်တွင် ဘားရက်အိုဘားမား က ၁၅ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး ရွေးကောက်ခံသမ္မတ ဘိုင်ဒင်က ခြောက်ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရှိနေခဲ့သည်။ ထရမ့်သည် ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်ဆက်တိုက် အိုဘားမားပြီးနောက် ဒုတိယနေရာ၌ ရပ်တည်ခဲ့သည်။

Gallup စစ်တမ်း စတင်ကောက်ယူခဲ့သည့် ၁၉၄၆ ခုနှစ်မှ လက်ရှိအချိန်အထိ၇၄ နှစ်တာကာလအတွင်း အမျိုးသား ၆၀ မှာ လေးစားဖွယ်အကောင်းဆုံး ပုဂ္ဂိုလ်များအဖြစ် ရွေးချယ်ခံခဲ့ရပြီး ၎င်းတို့အနက် သမ္မတဟောင်း အိုဘားမား တစ်ဦးသာလျှင် ၎င်း၏ သမ္မတသက်တမ်းရှစ်နှစ်တာ ကာလအပြင် သမ္မတအဖြစ် တာဝန်မထမ်းဆောင်မီ တစ်နှစ်နှင့် တာဝန်မှအနားယူပြီး သုံးနှစ်ဆက်တိုက် ရွေးချယ်ခံရသူအဖြစ် မှတ်တမ်းဝင်ထားသည်။

ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံထားရသူ ကမ်မလာ ဟားရစ်က ခြောက်ရာခိုင်နှုန်းကို ကျော်လွန်၍ မစ်ရှယ်လ် အိုဘားမားက မဲအရေအတွက်၏ ၁၀ ရာခိုင်နှုန်းရရှိကာ ၂၀၂၀ ပြည့်နှစ်၏ လေးစားဖွယ်အကောင်းဆုံး အမေရိကန် အမျိုးသမီးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ယင်းသို့ရွေးချယ် ခံရခြင်းက မစ်ရှယ်လ်အိုဘားမားအတွက် သုံးနှစ်ဆက်တိုက် ရွေးချယ်ခံရမှုလည်း ဖြစ်သည်။

**ကိုးကား- သည်ဟေးလ်၊ ဘာသာပြန်-မေလှဲ့သင်း**







# တရုတ်နိုင်ငံ၏ ပထမဆုံးသော ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးစွဲခွင့်ရရှိ

**ပေကျင်း ဒီဇင်ဘာ ၃၁**

တရုတ်နိုင်ငံ၏ ပထမဆုံးသော ကိုဗစ်-၁၉ ကာကွယ်ဆေးကို သုံးစွဲခွင့်နှင့် ဈေးကွက်၌ဖြန့်ချိနိုင်ရေးအတွက် တရုတ်အစိုးရက ယနေ့ခွင့်ပြုခဲ့ကြောင်း သိရသည်။

နိုင်ငံပိုင် Sinopharm ဆေးဝါးကုမ္ပဏီနှင့်တွဲဖက်ဖြစ်သည့် the China National Biotec Group လက်အောက်ရှိ ပေကျင်းဇီဝပစ္စည်း ထုတ်လုပ်ရေး အင်စတီကျုက ထုတ်လုပ်သည့် အဆိုပါ ကာကွယ်ဆေးကို တရုတ်အမျိုးသားဆေးဝါးထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ (NMPA) က အတည်ပြုထောက်ခံပေးခဲ့သည်။

အဆိုပါကာကွယ်ဆေး၏ အဆင့် ၃ စမ်းသပ်မှုရလဒ်များအရ ကိုရိုနာဗိုင်းရပ်စ်ပိုးကို ၇၉ ဒသမ ၃၄ ရာခိုင်နှုန်း ခုခံနိုင်စွမ်းရှိကြောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။တရုတ်နိုင်ငံသားအားလုံးကို ကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင် ဒုတိယအကြီးအကဲ Zeng Yixin က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။တရုတ်ဆေးဘက်ကျွမ်းကျင်ပညာရှင်များက အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေး ထွက်ပေါ်လာရေးအတွက် နည်းပညာဆိုင်ရာ ချဉ်းကပ်မှု ငါးခုချမှတ်ကာ ဇူလိုင်လကစပြီး ကြိုးပမ်းခဲ့ကြသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများ၏ အဆင့် ၃ လက်တွေ့စမ်းသပ်မှုများကို နိုင်ငံရပ်ခြားတွင် ပြုလုပ်ခဲ့ရာ အောင်မြင်မှုများရရှိသည့်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဖွံ့ဖြိုးမှုတွင် တရုတ်နိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် ရှေ့တန်းကနေရပ်တည်လျက်ရှိသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ဇွန်လကစပြီး တရုတ်အာဏာပိုင်များက အတည်ပြုခဲ့သည်။

နိုဝင်ဘာလနှောင်းပိုင်းမှစပြီး အဆိုပါကာကွယ်ဆေး ၁ ဒသမ ၅ သန်းကျော်ကို အရေးပေါ် သုံးစွဲရန် နိုင်ငံအတွင်း ဖြန့်ချိပေးခဲ့သည့်အပြင် ကာကွယ်ဆေး ၆၀၀၀၀ ခန့်ကို ဗိုင်းရပ်စ် ကူးစက်မှုမြင့်မားသည့်ဒေသများမှ ပြန်လည်ရောက်ရှိခဲ့သည့် နိုင်ငံသားများအား ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးသည် အစွမ်းထက်မှုရှိပြီး မည်သည့်ဆိုးရွားသော တုံ့ပြန်မှုကိုမျှ ခံစားရခြင်း မရှိကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင် ဒုတိယအကြီးအကဲ Zeng Yixin က ပြောကြားခဲ့သည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်၌ နှစ်သစ်ကူးပိတ်ရက်အတွင်း နှင်းမုန်တိုင်းတိုက်ခတ်

**တိုကျို ဒီဇင်ဘာ ၃၁**

ဂျပန်နိုင်ငံ၌ နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် နှင်းများထူထပ်စွာ ကျဆင်းကာ လေပြင်းတိုက်ခတ်ခဲ့သည့်အတွက် ပြည်သူများအနေဖြင့် ကိစ္စအထွေအထူးမရှိဘဲ အပြင်သို့ သွားလာခြင်းမပြုကြရန် ဝန်ကြီးချုပ်ဆူဂါက ယနေ့ သတိပေးခဲ့သည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုသည် ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ သုံးရက်တာကြာမြင့်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ဒီဇင်ဘာ ၃၁ ရက် နံနက် ပိုင်းမှစ၍ နှင်းများထူထပ်စွာကျဆင်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ကူရာယိုရှီနှင့် တော်တိုရီဒေသများ၌ ဒီဇင်ဘာ ၃၁ရက် ညနေပိုင်း အရောက် နှင်းထု၏အမြင့်မှာ ၂၀ စင်တီမီတာအထိရောက်ရှိခဲ့ပြီး လေတိုက်နှုန်းမှာလည်း တစ်စက္ကန့်လျှင် ၂၇ ဒသမ ၈ မီတာနှုန်းဖြင့် တိုက်ခတ်လျက်ရှိသည်။ ဂျပန်ပင်လယ်ကမ်းရိုးတန်း ဒေသများတွင် လေအေးများပြင်းထန်စွာ တိုက်ခတ်ခြင်း၊ နှင်းများထူထပ်စွာကျဆင်းခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး တိုကိုင်၊ ကန်ဆိုင်း၊ ရှီကိုကူ၊ ကျူရှူးဒေသများ၌လည်း ဆီးနှင်းများ ထူထပ်စွာကျဆင်းနေကြောင်း သိရသည်။

တောင်ပေါ်ဒေသဖြစ်သည့် နီဂါတာခရိုင်အတွင်း ဇန်နဝါရီ ၁ရက်ရောက်ရှိချိန်၌ နှင်းထုပမာဏမှာ ၈၀စင်တီမီတာအထိ ရောက်ရှိနိုင်ဖွယ်ရှိကြောင်းနှင့် ဂျပန်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသ တို့တွင် ဇန်နဝါရီ ၂ရက်အထိ နှင်းများဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ နှင်းများဖုံးလွှမ်းမှုကြောင့် လမ်းများပိတ်ဆို့ခြင်း၊ လမ်းချော်ခြင်းနှင့် အခြားမတော်တဆမှုများ ဖြစ်ပေါ်ခြင်းတို့ကို သတိပြုရန်လိုအပ်ကြောင်း ရာသီဥတုရေးရာဌာနမှ တာဝန်ရှိသူများက ရုပ်သံနှင့် အွန်လိုင်းများမှတစ်ဆင့် အကြိမ်ကြိမ် သတိပေးလျက်ရှိသည်။

**သတိပေးချက်ထုတ်ပြန်ထား**

ပြည်သူများအနေဖြင့် ကိစ္စအထွေအထူးမရှိဘဲ အပြင်မထွက်ကြရန်နှင့် မဖြစ်မနေ သွားလာရမည်ဆိုပါကလည်း ကားများတွင် ဆောင်းရာသီသုံးကားတာယာများ သို့မဟုတ် ဆီးနှင်းရှင်းချိန်းကြိုးတို့ကို တပ်ဆင်မောင်းနှင်ကြရန် လိုအပ်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-မေလှဲ့သင်း**



ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက တော်တိုရီဒေသတွင် နှင်းများကျဆင်းမှုကို တွေ့မြင်ရစဉ်။

# ကျုံးရှန်ရှန်း ၂၀၂၀ ပြည့်နှစ် အာရှ၏ အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာ

**ရှန်ဟိုင်း ဒီဇင်ဘာ ၃၁**

ယနေ့တွင် ဘလွန်းဘာ့ဂ်က ၂၀၂၀ပြည့်နှစ်ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်များ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ တရုတ်နိုင်ငံသား ကျုံးရှန်ရှန်းသည် ကြွယ်ဝမှု အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၈ ဘီလီယံဖြင့် အာရှ၏ အချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။

ကျုံးရှန်ရှန်းသည် တရုတ်နိုင်ငံသား ဂျက်မားနှင့် အိန္ဒိယ၏ မူကက်ရှ် အမ်ဘာနီတို့ကို ကျော်ဖြတ်၍ အာရှ၏ အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် အာရှတွင် အချမ်းသာဆုံးပုဂ္ဂိုလ် အမည်စာရင်းပါ ပြောင်းလဲမှု ဖြစ်ခဲ့သည်။ ၎င်း၏ ကြွယ်ဝမှုသည် ကမ္ဘာ့အဆင့် (၁၁) နေရာတွင် ရှိသည်။

၎င်းသည် မီဒီယာလုပ်ငန်း၊ မှိုစိုက်ပျိုးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လုပ်ကိုင်ခဲ့ဖူးပြီး ကပ်ရောဂါကာလအတွင်း ကာကွယ်ဆေးနှင့် ရေသန့် ထုတ်လုပ်မှုလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တစ်နှစ်အတွင်းမှာပင် ဝင်ငွေ ခုနစ် ဘီလီယံ အထိ တိုးပွားခဲ့သည်။

ယခုနှစ် ဧပြီလအတွင်း ပေကျင်းဝမ်တိုင်းဇီဝ ကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းကို ဝယ်ယူခဲ့ပြီးနောက် အဆိုပါရှယ်ယာများကို တရုတ်စတော့ဈေးကွက်တွင် တင်၍ ရောင်းချခဲ့သည်။ ယင်းနောက် သုံးလအကြာ နောင်ဖူး စပရင်း ရေသန့်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ခဲ့ပြီးနောက် အဆိုပါ ရေသန့်လုပ်ငန်းသည် ဟောင်ကောင်တွင် အကျော်ကြားဆုံး ရေသန့်အမှတ်တံဆိပ်ဖြစ်လာခဲ့ပြီး ရှယ်ယာဈေးနှုန်းမှာ စတင်လုပ်ကိုင်ချိန်ကထက် ၁၅၅ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ အဆိုပါ လုပ်ငန်းနှစ်ရပ် အောင်မြင်ခဲ့ခြင်းကြောင့် မစ္စတာကျုံးမှာ အာရှအချမ်းသာဆုံး ပုဂ္ဂိုလ်အဖြစ် ပထမဆုံးရပ်တည်နိုင်ခဲ့သလို ကြွယ်ဝမှုနှုန်း အမြန်ဆုံးရရှိခဲ့သည့် မှတ်တမ်းတစ်ရပ်ကိုပါ ပိုင်ဆိုင်ခဲ့သည်။ **ကိုးကား- ဘီဘီစီ၊ ဘာသာပြန်-မေလှဲ့သင်း**

# အီတလီနိုင်ငံ၌ ဧပြီလမတိုင်မီ ပြည်သူ ၁၀ သန်းမှ ၁၅ သန်းအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးမည်ဟု ဝန်ကြီးချုပ်ကွန်တီပြောကြား

**ရောမ ဒီဇင်ဘာ ၃၁**

အီတလီနိုင်ငံ၌ ၂၀၂၁ ခုနှစ် ဧပြီလမတိုင်မီ နိုင်ငံလူဦးရေသန်း ၆၀ အနက် ပြည်သူ ၁၀ သန်းမှ ၁၅ သန်းအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးမည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် ကွန်တီက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

အီတလီနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစုလိုက်အပြုံလိုက်ထိုးနှံမှု အစီအစဉ်အရ ပထမဦးစားပေးအုပ်စုဖြစ်သည့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ စုစုပေါင်း ၁ ဒသမ ၈ သန်းကို စတင်ထိုးနှံပေးမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်ကွန်တီက နှစ်ကုန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယင်းနောက်တွင် အသက် ၈၀ အထက် ပြည်သူ ၄ ဒသမ ၄ သန်း၊ အသက် ၆၀ နှင့် ၇၉ နှစ်ကြားအသက်အရွယ်ရှိသည့် ပြည်သူ ၁၃ ဒသမ ၄ သန်းနှင့် နာတာရှည်ရောဂါခံစားနေရသည့် အသက်အရွယ်ကြီးရင့်သူ ၇ ဒသမ ၄ သန်းတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးပေးမည်ဖြစ်ကြောင်း သိရသည်။ အီတလီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည့်အစီအစဉ်ကို အီတလီပါလီမန်က ဒီဇင်ဘာ ၂ ရက်တွင် အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။



အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စတင်ကာ လက်ရှိကာလအထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၃၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်းနှင့် ကူးစက်ခံရသူစုစုပေါင်း ၂၀၈၃၆၈၉ ဦးရှိသွားပြီဖြစ်ကြောင်း အီတလီကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

အီတလီနိုင်ငံ၌ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် စာသင်ကျောင်းများကိုလည်း ကျောင်းသားကျောင်းသူဦးရေ အနည်းဆုံး ၅၀ ကန့်သတ်ချက်ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ဝန်ကြီးချုပ် ကွန်တီကထုတ်ဖော် ပြောကြားခဲ့သည်။

အီတလီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် နိုင်ငံတစ်ဝန်းအရေးပေါ်အခြေအနေကို ဇန်နဝါရီ ၃၁ ရက်အထိ သက်တမ်းတိုးမြှင့်ခဲ့ပြီး လိုအပ်ပါက ထပ်မံတိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ကြောင်းလည်း ကွန်တီက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ကပ်ရောဂါသက်ရောက်မှုကြောင့် ၂၀၂၁ ခုနှစ်တွင်လည်း ခက်ခဲမှုများ ဆက်လက်ရင်ဆိုင်ရဦးမည်ဟု ဂျာမနီဝန်ကြီးချုပ် မာကယ်လ် ပြောကြား

**ဘာလင် ဒီဇင်ဘာ ၃၁**

ဂျာမနီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းစဉ် စတင်နိုင်ခဲ့ပြီဖြစ်သော်လည်း ၂၀၂၁ ခုနှစ် ရောက်ရှိသည်အထိ ရောဂါဖြစ်ပွားမှု ရပ်တန့်မည်မဟုတ်သလို နောက်ဆက်တွဲသက်ရောက်မှုများ ဆက်လက်ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် မာကယ်လ်က ပြည်သူသို့ ပြောကြားသည့် နှစ်သစ်ကူးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဂျာမနီသည် ကိုဗစ်-၁၉ ပထမလှိုင်းကို ကောင်းစွာကိုင်တွယ်နိုင်ခဲ့သော်လည်း ဒုတိယလှိုင်း၌ ကူးစက်မှုနှုန်းကို ထိန်းချုပ်ရန် ခက်ခဲလျက်ရှိသည်။ နိုဝင်ဘာလနှောင်းပိုင်းကတည်းက ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းနှစ်ရပ်လုံး မြင့်တက်နေခြင်းကြောင့် ကန့်သတ်ချက်များကို ဇန်နဝါရီ ၁၀ ရက်အထိ ရက်တိုးချမှတ်ခဲ့ခြင်းသည်။ သို့ရာတွင် ယင်းသို့ဆောင်ရွက်ခြင်းအပေါ် ပြည်သူအချို့က ဆူပူမှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ကန့်သတ်ချက်များဖြင့် ထိန်းကျောင်းခြင်းက ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း ဝန်ကြီးချုပ်က တုံ့ပြန်ခဲ့သည်။

မာကယ်လ်က "ကပ်ရောဂါကြောင့် သေဆုံးသွားခဲ့ရတဲ့သူတွေနဲ့ သူတို့အတွက် သောကရောက်ခဲ့ရတဲ့သူတွေနဲ့ နှိုင်းယှဉ်ရင် ကန့်သတ်ချက်ဆိုတာက အချိန်ကာလတစ်ခုအထိ ပြန့်ပွားမလာဖို့ တားဆီးတဲ့ အကောင်းဆုံးနည်းလမ်းပါ" ဟု ပြောကြားသည်။

ပြည်သူများအား ကာကွယ်ဆေး စတင်ထိုးနှံပေးနိုင်ခဲ့ပြီဖြစ်သောကြောင့် အကောင်းဘက်သို့ ရောက်ရှိလာရန် မျှော်မှန်းနိုင်ပြီဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုပြဿနာကို ၂၀၂၁ ခုနှစ် နှစ်လယ်အထိ ဖြေရှင်းရန်ရှိနေဆဲဟု မာကယ်လ်က ပြောသည်။

ပြည်သူများ ပုံမှန်အခြေအနေတွင် ပြန်လည်အလုပ်လုပ်ကိုင်နိုင်ရေးသည် ၂၀၂၁ ခုနှစ် နှောင်းပိုင်းမှသာ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိပြီး စီးပွားရေးပြန်လည်ကောင်းမွန်လာမှုကို ၂၀၂၂ ခုနှစ်ရောက်မှသာ ပြန်လည်မြင်တွေ့ရမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ခန့်မှန်းသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**

# Sinovac ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၈ သန်း အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိ

**ဂျကာတာ ဒီဇင်ဘာ ၃၁**

အင်ဒိုနီးရှားနိုင်ငံက တရုတ်နိုင်ငံ Sinovac ကုမ္ပဏီမှ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ဒုတိယအသုတ်ကို ယနေ့ လက်ခံရရှိခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ယနေ့ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၈ သန်း ရောက်ရှိလာသည်။ အင်ဒိုနီးရှားအစိုးရက ပြည်သူ ၂၆၇ သန်းကို ဗိုင်းရပ်စ်ကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများကို စတင်ထိုးနှံပေးရန် ရည်ရွယ်လျက်ရှိသည်။ "ဇန်နဝါရီလအတွင်း ပြည်နယ် ၃၄ ခုကို ကာကွယ်ဆေးတွေ ဖြန့်ဖြူးနိုင်ပြီး ကျန်းမာရေးလုပ်သားတွေအတွက် ကာကွယ်ဆေးထိုးနှံရေးအစီအစဉ် စတင်မှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ် ပြီးစီးဖို့ တစ်နှစ်ကျော် ကြာမြင့်မှာဖြစ်ပါတယ်" ဟု ကျန်းမာရေးဝန်ကြီး ဘူဒီဂူ နာဒီဆာဒီကင်က ပြောသည်။

အင်ဒိုနီးရှားနိုင်ငံက ဇန်နဝါရီလ ပထမပတ်မတိုင်မီ AstraZeneca နှင့် Pfizer ဗိုင်းရပ်စ် ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ ရရှိမည်ဟု မျှော်မှန်းရသည်။ အင်ဒိုနီးရှားနိုင်ငံက Sinovac ကာကွယ်ဆေး အလုံးရေ ၁၂၅ သန်း၊ Novavax မှ ကာကွယ်ဆေး အလုံးရေ သန်း ၅၀ နှင့် ကမ္ဘာ့ကာကွယ်ဆေးအစီအစဉ် COVAX မှ ကာကွယ်ဆေး ၅၄ သန်း စုစုပေါင်း ၃၂၉ သန်း ရရှိခဲ့ပြီးဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံက လက်ရှိအချိန်ထိ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုကူးစက်မှုခံရသူ ၇၂၇၀၀၀ ဦးနှင့် သေဆုံးသူ ၂၁၇၀၀ ဦးရှိရာ အာရှတိုက်၏သေဆုံးမှုနှုန်း အမြင့်မားဆုံးနိုင်ငံများတွင် ပါဝင်နေသည်။

**ကိုးကား-စထရိတ်တိုင်းမ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၈၃၂၀၀၉၈၆ ဦး |
| | သေဆုံးသူ | ၁၈၁၅၁၆၁ ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၅၈၉၈၇၄၉၁ ဦး |

# အိန္ဒိယ၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၅ ဦးရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၃၁**

အိန္ဒိယနိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ငါးဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ယင်းဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၅ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ အတည်ပြုပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ဒီဇင်ဘာ ၂၉ ရက်က ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူခြောက်ဦး၊ ဒီဇင်ဘာ ၃၀ ရက်က ၁၄ ဦးနှင့် ဒီဇင်ဘာ ၃၁ ရက်က ငါးဦး စသည်ဖြင့်တွေ့ရှိခဲ့ရကြောင်းသိရသည်။ အဆိုပါ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအားလုံးသည် မကြာသေးမီက ဗြိတိန်နိုင်ငံမှ ရောက်ရှိလာခဲ့ပြီးနောက် အိန္ဒိယနိုင်ငံရှိ အမျိုးမျိုးသောစောင့်ကြည့်ရေးစင်တာများတွင် သီးခြားစောင့်ကြည့်မှုခံယူနေသူများဖြစ်ကြောင်း သိရသည်။

ဗြိတိန်မှ လာသောခရီးသည်များတွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိခဲ့ပြီးနောက် အိန္ဒိယဗဟိုအစိုးရအနေဖြင့် ရောဂါအခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများအား ရောဂါစောင့်ကြည့်မှု၊ ထိန်းချုပ်မှု၊ စမ်းသပ်မှုများကို အရှိန်မြှင့်လုပ်ဆောင်ကြရန် အကြံပြုထားသလို ရောဂါစမ်းသပ်ထားသည့်နမူနာများကိုလည်း အမျိုးသားဓာတ်ခွဲခန်းများသို့ ပို့ဆောင်ပေးကြရန် တိုက်တွန်းထားကြောင်း သိရသည်။

ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာတစ်ဝန်းတွင် စိုးရိမ်ပူပန်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားစေခဲ့သလို ခရီးသွားလာမှုကန့်သတ်ချက်များကိုလည်း ဖြစ်ပွားစေခဲ့သည်။ တစ်ချိန်တည်းမှာပင် အိန္ဒိယအစိုးရက ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်ရန် ဗြိတိန်မှလာသော လေကြောင်းလိုင်းများအပေါ် ချမှတ်ထားသည့် တားမြစ်ပိတ်ပင်မှုကို ဒီဇင်ဘာ ၃၁ ရက်မှစ၍ နောက်ထပ် သီတင်းတစ်ပတ် သက်တမ်းထပ်တိုးလိုက်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇေယျာ**

# AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှု အာဂျင်တီးနားနိုင်ငံ အတည်ပြု

**ဗျူနိုအေးရိစ် ဒီဇင်ဘာ ၃၁**

အာဂျင်တီးနားနိုင်ငံ၌ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုမှုကို အာဂျင်တီးနားနိုင်ငံ၏ ဆေးဝါး၊ အစားအစာနှင့် ဆေးပစ္စည်းကိရိယာဆိုင်ရာ အမျိုးသားအုပ်ချုပ်ရေးအဖွဲ့က ဒီဇင်ဘာ ၃၀ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

ယခု AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အီတလီနိုင်ငံ၏ တတိယမြောက် အတည်ပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်ပြီး အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုမှုကို ဒီဇင်ဘာ ၂၂ ရက်တွင် လည်းကောင်း၊ ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုမှုကို ဒီဇင်ဘာ ၂၃ ရက်တွင် လည်းကောင်း အတည်ပြုပေးခဲ့ကြောင်း သိရသည်။





အာဂျင်တီးနားနိုင်ငံမြို့တော် ဗျူနိုအေးရိစ်၌ ဒီဇင်ဘာ ၂၉ ရက်က ကျန်းမာရေးဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူစဉ်။

အာဂျင်တီးနား နိုင်ငံသည် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သုံးသိန်းကို ပြီးခဲ့သည့် တစ်ပတ်အတွင်းက ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို စတင်ခဲ့ပြီဖြစ်ကြောင်းလည်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၌ မတ် ၃ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူကို ပထမဆုံးတွေ့ရှိခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၆၀၂၁၆၃ ဦးနှင့် သေဆုံးသူ ၄၃၀၁၈ ဦးရှိပြီဖြစ်သည်။ ထို့ကြောင့် အာဂျင်တီးနားနိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**နိုင်ငံအများစုတွင် လက်ရှိအသုံးပြုနေသည့် စုပေါင်းဆောင်ရွက်ခြင်းဖြင့် ချဉ်းကပ်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ထက်လျှံ**

**အစီအစဉ်မှူး။** ။ ဒီအစီအစဉ်မှာ လက်ရှိနိုင်ငံအများစု အသုံးပြုနေတဲ့ စုပေါင်းဆောင်ရွက်ခြင်းရဲ့ အကြောင်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ရဲ့ ပရောဂျက်တွေကို စုပေါင်းဆောင်ရွက်ခြင်းစနစ်ကို အသုံးပြုပြီး ဘယ်လိုချဉ်းကပ်ဆောင်ရွက်နိုင်မလဲစတဲ့ အကြောင်းအရာတွေကို ဆွေးနွေးသွားမယ့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ **ရန်ကုန်အင်နိုဗေးရှင်းစင်တာ (Yangon Innovation Center) မှ CEO ဦးရာဝီနှင့် မြန်မာ့ဩဘာလုပ်ငန်းစု (Myanma Awba Group) မှ Group CTO ဦးသက်နိုင်စိုး**တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းအနေနဲ့ လက်ရှိနိုင်ငံအများစုမှာ အသုံးပြုနေတဲ့ စုပေါင်းဆောင်ရွက်ခြင်းစနစ်ကို ဦးရာဝီက ဆွေးနွေးပေးပါဦး။

**ဦးရာဝီ။** ။ ယနေ့ခေတ်မှာ မျှသွားမှာက စုပေါင်းဆောင်ရွက်ခြင်းစနစ်တွေထဲမှာ အကောင်းဆုံး၊ အသင့်တော်ဆုံး ဥပမာဘာရှိမလဲဆိုတာပါ။ မနေ့တုန်းက စုပေါင်းဆောင်ရွက်ခြင်းစနစ်တွေက ဘယ်လိုမျိုး အချက်အလက်တွေ လိုတယ်၊ ဘာတွေပါရမလဲဆိုတာတွေ ဆွေးနွေးသွားကြပါတယ်။


ဒီအထဲမှာ စုပေါင်းဆောင်ရွက်ခြင်းစနစ်တွေက ဘယ်လိုစခဲ့တယ်ဆိုတာကိုကြည့်ရင် စခဲ့တာတွေက အများကြီးရှိမယ်။ ဒါပေမယ့် ဒီအထဲမှာ အစောကတည်းက ရပ်တည်ခဲ့တာကို အဓိကထားပြောမယ်ဆိုရင် ဝီကီပီးဒီးယား (Wikipedia) ကို ပြောရမှာဖြစ်ပါတယ်။ ဝီကီပီးဒီးယားက ဘာလဲဆိုတာကို စဉ်းစားကြည့်ရင် ဝီကီပီးဒီးယားသည် ကမ္ဘာ့အကြီးဆုံးစွယ်စုံကျမ်းကြီး တစ်ခုဖြစ်ပြီး နိုင်ငံတော်တော်များများမှာ ရှိပါတယ်။ အင်္ဂလိပ်ဘာသာအပြင် မြန်မာဘာသာနဲ့လည်း အခုဆိုရင် ရှိနေပါပြီ။

အင်္ဂလိပ်ဘာသာနဲ့ စွယ်စုံကျမ်းက ၂၀၀၀ ပြည့်နှစ်လောက်က စတင်ခဲ့တယ်။ မြန်မာဘာသာနဲ့ ၂၀၀၄ ခုနှစ်မှာ စတင်ခဲ့တယ်။ ပထမပိုင်းမှာ အင်တာနက်အသုံးပြုသူ နည်းသေးတယ်၊ ဒီလောက်မများပါဘူး။ အခုချိန်မှာ ဆောင်းပါးပေါင်း ၆၀၀၀၀ ကျော်လောက် ဝီကီပီးဒီးယားဆိုတဲ့ ပလက်ဖောင်းပေါ်မှာ ရှိနေပါတယ်။

ဒီလိုပလက်ဖောင်းပေါ်မှာ သူက အခမဲ့ဖြစ်တယ်။ ဘယ်သူမဆို အသုံးပြုလို့ရပါတယ်။ ဘယ်သူမဆို တည်းဖြတ်လို့ရတယ်။ ဘယ်သူမဆို ကြည့်လို့ရတယ်။ ဒါရဲ့သဘောချက်သည် ဘာလဲလို့ ပြန်တွေးကြည့်ရင် စုပေါင်းဆောင်ရွက်ခြင်းစနစ်ပါ။ အင်္ဂလိပ်လို Crowd Sourcing လို့ခေါ်ပါတယ်။ ဒီလို စုပေါင်းအင်အားတွေကို သုံးလိုက်မယ်၊ စနစ်တစ်ခုထဲကို ထည့်လိုက်မယ်ဆိုရင် ဘယ်လောက်အထိ အောင်မြင်နိုင်သလဲဆိုတော့ ဝီကီပီးဒီးယား အောင်မြင်သလို အောင်မြင်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဝီကီပီးဒီးယားကို ကောင်းသောဥပမာတစ်ခုအနေနဲ့ လေ့လာရတာဖြစ်ပါတယ်။

စီးပွားရေးလုပ်တော့မယ်ဆိုရင် ကျွန်တော်တို့ရဲ့ စီးပွားရေးက စုပေါင်းဆောင်ရွက်ခြင်းစနစ်အပေါ်မှာ မူတည်တယ်ဆိုရင် ဒါရဲ့အအောင်မြင်ဆုံးစနစ်တစ်ခုက ဘာတွေလုပ်ထားတယ်ကို တတ်နိုင်သလောက် အသေးစိတ်သွားပြီး လေ့လာရပါတယ်။ ဝီကီပီးဒီးယား ဘယ်လောက်အထိ အောင်မြင်တယ်ဆိုတာကို ပြောရရင် ဝီကီပီးဒီးယားသည် အမေရိကန်နိုင်ငံမှာ အဆင့် ၅ သို့မဟုတ် ၃ မှာရှိတယ်။ တိုင်းတာတဲ့ပုံစံတွေ ကွာခြားပေမယ့် သူသည် Top 10 စာရင်းမှာ သေချာပေါက်ပါတယ်။

Top 10 စာရင်းထဲမှာ တခြားဘယ်သူတွေ ရှိသလဲလို့ ပြန်ကြည့်ရင် Number One မှာ Google ရှိတယ်။ နောက် Facebook, Amazon, YouTube ဒီလိုနာမည်ကြီး အမေရိကန်ဒေါ်လာဘီလီယံချီ အကုန်ခံလုပ်ထားတဲ့ နည်းပညာတွေနဲ့ ယှဉ်ပြိုင်ပြီး ကမ္ဘာ့အကြီးဆုံးအဆင့်ထဲကို ရောက်နေတဲ့ ဝီကီပီးဒီးယားကို မလေ့လာလို့မရဘူး၊ မကြည့်လို့မရဘူး၊ လျစ်လျူရှုလို့မရဘူး။ သဘောက ဒီလိုဘယ်သူမဆို တည်းဖြတ်လို့ရတဲ့ ကမ္ဘာ့စွယ်စုံကျမ်းကြီးကို လူတိုင်းလိုချင်တယ်။ နိုင်ငံအနေနဲ့ မဟုတ်ဘဲ၊



**ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ရန်ကုန်အင်နိုဗေးရှင်းစင်တာ (Yangon Innovation Center) မှ CEO ဦးရာဝီနှင့် မြန်မာ့ဩဘာလုပ်ငန်းစု (Myanma Awba Group) မှ Group CTO ဦးသက်နိုင်စိုးတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။**

လူတိုင်းကူညီချင်တယ်၊ ဆောင်ရွက်ချင်တယ်။

လူတိုင်းလည်း ကူညီလို့ရတယ်၊ လူတိုင်းလည်း ဆောင်ရွက်လို့ရတယ်ဆိုတဲ့ စနစ်ကြီးက အောင်မြင်အောင် ဘယ်လိုလုပ်မလဲ၊ ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့သူတွေ အများကြီးရှိမယ်။ ဆောင်းပါးတွေကို တမင်တကာ မှားအောင်ရေးချင်တဲ့သူတွေ အများကြီးရှိမယ်။ ဒါတွေကို ကွပ်ကဲတဲ့စနစ်မျိုးစုံ လိုအပ်ပါတယ်။ ကွပ်ကဲမှုများသွားရင် ရေးချင်တဲ့သူက မရေးတော့ဘူး။ ကွပ်ကဲမှု အလွန်လျော့နည်းရင် ဖရိုဖရဲတွေဖြစ်မယ်။ ဒီနှစ်ခုကို ဝီကီပီးဒီးယားက ဘယ်လိုထိန်းပါသလဲ။

စွယ်စုံကျမ်းတစ်ခုက တကယ့်ကို ကိုးကားရတဲ့ အဆင့်ဖြစ်ပါတယ်။ ဒါကြောင့် ဝီကီပီးဒီးယားအနေနဲ့ သူ့ကို ကိုးကားနိုင်တဲ့ အဆင့်ဖြစ်အောင် ဘယ်လိုလုပ်ထားသလဲဆိုတာကို အများကြီးလေ့လာရပါတယ်။ ဥပမာတစ်ခုအနေနဲ့ ဝီကီပီးဒီးယားစာမျက်နှာ ညာဘက်အပေါ်ထောင့်ကို ကြည့်လိုက်ရင် **"ပြင်ဆင်ရန်"** ဆိုတာက ရှိပြီးသားဖြစ်ပါတယ်။ ဝီကီပီးဒီးယားရဲ့ သဘောက ဘယ်သူမဆို ပြင်စေချင်တယ်။

ဘယ်သူမဆိုလို့ ပြောထားတဲ့အတွက် **"ပြင်ဆင်ရန်"** ကို နှိပ်လိုက်ရင် အီးမေးလ် မတောင်းပါဘူး။ အီးမေးလ် တောင်းလိုက်ရင် ဒါက ဘယ်သူမဆိုကို ပြောတာမဟုတ်တော့ဘဲ အီးမေးလ်ရှိသောသူလို့ ပြောတာဖြစ်သွားပါတယ်။ အီးမေးလ်ရှိစရာမလိုဘူး၊ သူက အင်တာနက်ရှိလို့ ကြည့်နေပြီဖြစ်တဲ့ လူရဲ့ စွမ်းအင်လုပ်နိုင်စွမ်းကို အသုံးချပြီး သူ့ကို ပြင်ဆင်ခွင့်တစ်ခါတည်း ပေးလိုက်ပါတယ်။ **"ပြင်ဆင်ရန်"** ကို နှိပ်လိုက်တာနဲ့ ပြင်လို့ရသွားပြီဖြစ်ပါတယ်။

ဒီလိုပြင်ဆင်ခွင့်ရတဲ့အချိန်မှာ ပြင်ဆင်သူအနေနဲ့ မှားပြီးပြင်မယ်၊ တမင်တကာ မှားအောင်ပြင်မယ်စတဲ့ ရိုးရိုးသားသားမှားသွားတာလား၊ တမင်မှားအောင်လုပ်တာလား ဘယ်လိုလုပ်လုပ် ဝီကီပီးဒီးယားမှာ ကွပ်ကဲတဲ့သူတွေက ရှိပြီးသားဖြစ်တဲ့အတွက် အလိုအလျောက်၊ အထူးသဖြင့် အခုမှ စတင်အသုံးပြုသူတစ်ယောက်ဆိုရင် ထိန်းချုပ်သူတွေက မြင်ရပြီး အသုံးပြုသူက ပြင်ဆင်သွားတာတွေက မှန်ကန်ရဲ့လားဆိုတာ ကြည့်ပါတယ်။ မှားတယ်လို့ ထိန်းချုပ်သူတွေဘက်ကထင်ရင် အသုံးပြုသူ ပြင်ဆင်သွားတာတွေကို သူတို့အနေနဲ့ ဖျက်လိုက်လို့ရပါတယ်။

အသုံးပြုသူက အမှားပြင်ဆင်တာကို အကြိမ်ကြိမ် ပြုလုပ်နေတယ်ဆိုရင် ထိန်းချုပ်သူတွေက အသုံးပြုသူအနေနဲ့ ဝီကီပီးဒီးယားမှာ ပြင်ဆင်နိုင်တဲ့လုပ်ပိုင်ခွင့်ကို ပိတ်လိုက်ပါတယ်။ လုပ်ပိုင်ခွင့်ပိတ်တာကို ဝီကီပီးဒီးယားလို စနစ်မျိုးက အများကြီးစဉ်းစားပါတယ်။ ယင်းအသုံးပြုသူကို ရာသက်ပန်ပိတ်လိုက်မလား၊ ခဏပိတ်မှာလား ဆိုတာ စဉ်းစားပါတယ်။

လူတစ်ယောက်က အဲဒီအချိန်မှာ သူဘာကြောင့် မှားသွားမှန်းမသိဘူး၊ နောင်ပြန် ပြင်ချင်ပြီး ပြန်ကောင်းချင်တဲ့စိတ်မျိုးရှိလာနိုင်တယ်။ ဒီလိုမျိုးတွေကအစ အသေးစိတ် တွေးပေးပါတယ်။ ဒီလို တွေးပြီး ဘာတွေထားပေးသလဲဆိုရင် သူ့ကို ပိတ်တာမဟုတ်ဘဲ ခဏနားခိုင်းလိုက်ပါတယ်။ ဒါဆို ဘယ်လောက်နားရမလဲ တစ်လ၊ နှစ်လ၊ သုံးလ ဆိုတာက ထိန်းချုပ်သူတွေရဲ့ သဘောဖြစ်ပါတယ်။

ထိန်းချုပ်သူတွေရဲ့ သဘောလို့ ပြောလိုက်တော့ ဒီထိန်းချုပ်သူတွေက ဘယ်သူတွေလဲဆိုတဲ့ မေးခွန်းတစ်ခု ပြန်ဖြစ်လာပါတယ်။ ထိန်းချုပ်သူတွေဆိုတာ အမှန်က အစောပိုင်းတုန်းက ဒီလိုပဲ အသစ်တွေရေးလိုက်၊ ပြင်လိုက် အများကြီးလုပ်ပြီး သက်တမ်းကြာပြီဖြစ်တဲ့ ယုံကြည်မှုတည်ဆောက်ထားတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ ဒီပုဂ္ဂိုလ်တွေအနေနဲ့ ကြာလာတဲ့အခါမှာ ထိန်းချုပ်သူအဖြစ် တာဝန်ယူချင်ပါတယ်ဆိုပြီး ဝီကီပီးဒီးယားအဖွဲ့ကြီးမှာ လျှောက်တဲ့အခါ သူ့ကို ထိန်းချုပ်သူအဖြစ် ပေးလိုက်ပါတယ်။

တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ ပြန်ပြီး ထိန်းကျောင်းတဲ့ စနစ်မျိုးကို ဝီကီပီးဒီးယားက အများကြီး ထားပေးပါတယ်။ ဒီလိုထားပေးတဲ့အခါမှာ အရည်အသွေးတွေက စုပေါင်းပြီးလုပ်တာကြောင့်ရယ်၊ အကြိမ်ကြိမ်လုပ်တာတွေကြောင့်ရယ် အများကြီးကို တက်လာပါတယ်။ ဒါရဲ့ သဘောချက်က ဘာလဲ၊ ဘာကြောင့် အရည်အသွေးတွေ ကောင်းလာလဲဆိုတာကို ပြောရရင် စုပေါင်းဆောင်ရွက်တဲ့စနစ်တွေကို စနစ်တကျအသုံးပြုလို့ ဖြစ်ပါတယ်။ ဒီစနစ်ရဲ့ အခြေခံက Long Tail လို့ခေါ်တဲ့ အမြီးအရှည်ကြီးကို အားကိုးပါတယ်။ အမြီးအရှည်ကြီးဆိုတာ ပုံမှန်အားဖြင့် တစ်နှစ်ကို စာရေးဆရာတစ်ယောက်က စာအုပ် ၅၀ ရေးတယ်ဆိုရင် ဒီလိုလူကို ကျွန်တော်တို့က ဟီးရိုးလို့ သတ်မှတ်ပါတယ်။ သူ့ကို အားကျတယ်၊ သူ့လိုမျိုး ဖြစ်ချင်တယ်။

ဒါပေမယ့် လူတိုင်းသည် တစ်နှစ်ကို စာအုပ် ၄၀/ ၅၀ ရေးနိုင်တဲ့ စာရေးဆရာဖြစ်ဖို့ မလွယ်ပါဘူး၊ အလွန်ရှားပါတယ်။ ဒါဖြင့် ၅ အုပ် / ၁၀ အုပ်လောက် ရေးနိုင်တဲ့သူဆိုရင် မဆိုးဘူး။ ဒါပေမယ့် တစ်နှစ်လုံးကိုမှ ၅ မျက်နှာ / ၁၀ မျက်နှာ ရေးနိုင်တဲ့သူဆိုရင် သူ့ကို ဘယ်လိုမှ စာရင်းထဲကို ထည့်မတွက်ပါဘူး။

အမြီးအရှည်ကြီးရဲ့ သဘောက ဒီလိုမျိုးရဲ့ ပြောင်းပြန်ဖြစ်ပါတယ်။ အဲဒီလိုမျိုးသူတွေ အများကြီးရှိပါတယ်။ နည်းနည်းလုပ်ပေးနိုင်တဲ့လူတွေ အများကြီးကိုရှိလို့ အမြီးအရှည်ကြီးလို့ ခေါ်တာပါ။ စုပေါင်းဆောင်ရွက်ခြင်းစနစ်တွေက ဒီလိုလူတွေကို ဆွဲဆောင်ထားနိုင်ဖို့ လိုပါတယ်။ လူများလေ ကောင်းလေဖြစ်အောင် လုပ်ထားနိုင်ဖို့လိုပါတယ်။ အဲဒီမှာကောင်းမွန်တဲ့ စနစ်တစ်ခုကို ထည့်ပေးလိုက်ရင် မယုံနိုင်လောက်အောင်ကောင်းတဲ့ ဝီကီပီးဒီးယားလို ရလဒ်တွေရသွားမယ်။ ဘယ်လောက်အများကြီးကို ပေါင်းနိုင်သလဲ ဒါကအဓိကပါ။

ဒီလိုစနစ်တည်ထောင်သူရဲ့ အဓိကအလုပ်က လူတွေအများကြီး ဒီအထဲကို လွယ်လွယ်ကူကူ အခက်အခဲမရှိ ပါဝင်လာအောင် သူတို့က ကြိုးစားရပါတယ်။ ဒါမျိုးမလုပ်ထားရင် ဒီစနစ်က အောင်မြင်မှာ မဟုတ်ပါဘူး။ ဝီကီပီးဒီးယား အင်တာနက်ဝက်ဘ်ဆိုက်က ဒီလိုမျိုးတွေ အများကြီးကို ကြိုးစားပြီး လုပ်ထားတဲ့အခါမှာ စောစောကပြောတဲ့ အမြီးအရှည်ကြီးမှာ တစ်နှစ်လုံးမှ ဆောင်းပါး ၅ ခု သို့မဟုတ် ပြင်ဆင်မှု ၅ ခု လုပ်တဲ့သူတွေက ၅၀၀၀ / ၁၀၀၀၀ လောက်ရှိပါတယ်။

အများကြီးရေးတဲ့သူတွေက ၅ ယောက်/၁၀ ယောက်/၅၀/၁၀၀ ရှိလိမ့်မယ်။ သူတို့ရဲ့ စုစုပေါင်း အရေအတွက်နဲ့ ဟိုဘက်မှာ နည်းနည်းပါးပါးပြင်တဲ့ များစွာသောသူတွေရဲ့ အရေအတွက်နဲ့ ယှဉ်လိုက်ရင် အမြီးအရှည်ကြီးရဲ့ ဟိုဘက်အစွန်ဆုံးထဲမှာရှိနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ ခွန်အားတွေက အများကြီးပိုများပါတယ်။ ဒါက ဝီကီပီးဒီးယားနဲ့ပတ်သက်ပြီး ပြောတာပါ။

ဝီကီပီးဒီးယားက အမြီးအရှည်ကြီးဆိုတဲ့ အတွေးအခေါ်ကို သုံးသွားတယ်။ ဒါပေမယ့် သူသည် စွယ်စုံကျမ်းတစ်ခုဖြစ်နေတယ်။ လူတိုင်းက စွယ်စုံကျမ်း ရေးချင်တဲ့သူ မဟုတ်ဘူး၊ ဘာလို့ ဒီလိုပြောရသလဲဆိုရင် လူတိုင်းက ကူညီချင်တဲ့စိတ်ရှိတယ်။ စွယ်စုံကျမ်း ရေးသားပြီဆိုရင် မိမိအနေနဲ့ ရေးချင်တာကို ရေးလို့မရပါဘူး။ အကိုးအကားတွေ၊ အချက်အလက်တွေ မှန်ရမယ်။ ဒီအချက်အလက်က ဘယ်ကလာတယ်ဆိုတာကို ဖော်ပြရမယ်။ သူများရေးသားထားတာကို ကူးယူပြီး ဒီအထဲကို ထည့်လိုက်လို့မရဘူး။ ဒါကို ပြန်ပြီးနားလည်အောင်၊ လွယ်ကူအောင်၊ စွယ်စုံကျမ်းသည် လူတိုင်းနားလည်တဲ့ အဆင့်အထိဖြစ်အောင် ရေးရပါတယ်။

အမြီးအရှည်ကြီးထဲမှာ နောက်ထပ် လူအုပ်စုတစ်ခုကလည်း ရှိဦးမှာဖြစ်ပါတယ်။ ဘာလုပ်လဲဆိုတော့ အခု Facebook မှာ အတိုလေးတွေ ရေးကြပါတယ်။ ဆောင်းပါးတွေ ရေးကြတယ်။ ဝတ္ထုတွေ ရေးကြတယ်။ ဒါပေမယ့် Facebook က ဒီလိုရေးဖို့ရည်ရွယ်ထားတဲ့ စနစ်တစ်ခု မဟုတ်ပါဘူး။ ဒုတိယပြောချင်တာက Wattpad ပါ။ ဘာလဲဆိုတော့ စာရေးချင်တဲ့သူတွေ သို့မဟုတ် စာဖတ်ချင်တဲ့သူတွေကို စနစ်တစ်ခု ပေးလိုက်ပါတယ်။ ဒီလိုမျိုး လူအုပ်စုလည်း ရှိပါတယ်။ သူတို့အတွက်ကို စနစ်ပေးရမယ်ဆိုပြီးဆိုတာ ပေါ်လာတယ်။

ဝီကီပီးဒီးယား Wikipedia မှာလို အလွန်လွယ်ကူအောင် လုပ်ပေးရပါတယ်။ ခက်ခဲသွားရင် လူတွေက သုံးမှာမဟုတ်ဘူး စတဲ့နည်းစနစ်ကို သုံးထားပါတယ်။ ဥပမာ–လူတွေက ဒီအရာကို စုပေါင်းစနစ်လို့ တွေးချင်မှတွေးမယ်။ ဒါသည် Uber, Grab, GoJek တို့လို တက္ကစီခေါ်ယူတဲ့စနစ်၊ စုပေါင်းဆောင်ရွက်တဲ့စနစ်တစ်ခု ဖြစ်ပါတယ်။

ဘာကြောင့် စုပေါင်းဆောင်ရွက်တဲ့စနစ်လို့ ပြောသလဲဆိုတော့ တက္ကစီငှားချင်တဲ့သူတွေက အများကြီးရှိတယ်။ တက္ကစီအငှားရှာနေတဲ့သူတွေကလည်း အများကြီးရှိတယ်။ ဒီစနစ်အပေါ်မှာ တက္ကစီငှားချင်တဲ့သူနဲ့ တက္ကစီအငှားရှာနေတဲ့သူတွေက တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်မတွေ့ဘဲ ခရီးသည်ရသွားပါတယ်။ ဒါက တက္ကစီငှားချင်တဲ့သူတွေနဲ့ တက္ကစီတွေကို စုပေါင်းပြီးတင်ထားနိုင်လို့ ဖြစ်လာတဲ့စနစ်တစ်ခုပါ။ တက္ကစီနည်းနေရင် မအောင်မြင်ပါဘူး၊ ငှားတဲ့လူနည်းရင်လည်း မအောင်မြင်ပါဘူး။ အများကြီးကို စုပေးထားနိုင်မှ အောင်မြင်တာပါ။ Uber , Grab, GoJek တို့တွေက စုပေါင်းဆောင်ရွက်ခြင်းစနစ် တစ်ခုပါ။

**အစီအစဉ်မှူး။** ။ ဒီလိုစနစ်တွေကို တစ်နိုင်တစ်ပိုင်ဖြစ်ဖြစ် ကိုယ့်နည်းကိုယ့်ဟန်နဲ့ဖြစ်ဖြစ် စတင်လုပ်ကိုင်မယ်ဆိုရင် အသုံးပြုနိုင်မယ့် အလွယ်ကူဆုံးနည်းလမ်းတွေကို ပြောပြပေးပါဦး။

**ဦးရာဝီ။** ။ ခုနပြောသွားသလို ကုမ္ပဏီအကြီးတွေမှာ သူတို့လုပ်ထားတဲ့ ပလက်ဖောင်းတွေ ရှိမယ်။ ကိုယ်လိုချင်တဲ့ပလက်ဖောင်းမျိုးက ဒီမှာမရှိဘူး သို့မဟုတ် ရှိတယ်။ လူတွေကလည်း မများသေးဘူးဆိုရင် လွယ်လွယ်ကူကူ ဘယ်လိုလုပ်လို့ရမလဲဆိုတာ တွေးလို့ရပါတယ်။ ဒါက မိမိအနေနဲ့ ဉာဏ်ရှိရင်ရှိသလို တွေးပြီး သုံးရမယ်။ ဒါပေမယ့် အဓိက မမေ့ရမယ့်အရာက စုပေါင်းစနစ် စစ်စစ်မဟုတ်သော်လည်း Facebook မှာ စုပေါင်းစနစ်ရဲ့ တချို့အစိတ်အပိုင်းတွေ သူ့မှာရှိတယ်။ လူတွေအများကြီးရှိတယ်။ **စာမျက်နှာ ၁၅ သို့** ❖

❖ စာမျက်နှာ ၁၄ မှ

လူတွေအများကြီးမှာ ရည်ရွယ်ချက်တူတဲ့သူချင်း စုရတာ သိပ်မခက်ပါဘူး။ ဝါးဝါသနာရှင်တွေ၊ ဝါးဝယ်ယူသူတွေရှိသလားဆိုပြီး ရှာကြည့်လိုက်တော့ မရှိပါဘူး။ မရှိရင် တည်ထောင်နိုင်ပါတယ်။ ဒါဆို စုစည်းပြီးသားဖြစ်သွားတယ်။ စုစည်းပြီးသားဖြစ်သွားပြီဆိုရင် ဒီအပေါ်မှာ ကိုယ်လုပ်ချင်တာ လုပ်လို့ရသွားပြီ။ ဥပမာ – အရောင်းအဝယ်ပို့စ်တွေ၊ အရောင်းအဝယ်အုပ်စုတွေမှာ ဒါဝယ်ချင်ပါတယ်ဆိုပြီး သူက တင်လိုက်တယ်။

လူတွေ အများကြီးထဲက သူအနေနဲ့ ဒါကို ဝယ်ချင်တယ်။ ဟိုက ရောင်းချင်တယ်။ အုပ်စုကလည်း တူနေပြီ၊ သူ့မှာရောင်းချင်တာ မရှိရင်တောင်မှ သူ့မိတ်ဆွေမှာ တင်ထားတာရှိရင် အရောင်းပို့စ်အောက်မှာ ဒါတွေရှိတယ်ဆိုပြီး တန်းစီပြီး အများကြီးတွေ့ရမယ်။ သူသည် စနစ်အမှန်မဟုတ်ဘူး၊ ကွပ်ကဲမှုမရှိဘူး။ ကွပ်ကဲမှုက ဘာလဲဆိုတော့ ဒီအရောင်းအဝယ်ပို့စ်ဆိုပြီး တင်လိုက်တယ်။ လိမ်လည်မှုတွေဖြစ်သွားတယ်။ ခံလိုက်ရတယ်။

မခံရအောင် ကွပ်ကဲမှုစနစ်တွေ လိုပါတယ်။ ဒါတွေမရှိခင်စပ်ကြားမှာ ဒီလိုစနစ်တွေနဲ့ ခဏ ကျားကန်ပြီး လွယ်လွယ်ကူကူ လုပ်လို့ရပါတယ်။ ဥပမာ – ကျွန်တော်တို့ဆီမှာ စာရေးဆရာတစ်ယောက် ရှိပါတယ်။ နည်းပညာသမားလည်း ဖြစ်တယ်။ စာအုပ်ရေးတာလည်း ဝါသနာပါတယ်။ ကိုဗစ်ရောဂါဝင်လာတဲ့အခါ နည်းပညာအလုပ်တွေ အများကြီး မလုပ်တော့ဘဲ သင်တန်းကျောင်းကို ခဏရပ်ထားပြီး စာအုပ်တွေ စရေးပါတယ်။

စာရေးဆရာတစ်ယောက်မှာ အခက်အခဲအကြီးဆုံး တစ်ခုရှိပါတယ်။ ဒါက သူရေးထားတဲ့ စာအုပ်တွေကို ဘယ်နှယောက်က စိတ်ဝင်စားတာလဲ၊ ဘယ်နှယောက်က ဝယ်မှာလဲ၊ ဘယ်သူတွေက ဝယ်မှာလဲ၊ ဘယ်နှအုပ်ရိုက်ရမှာလဲဆိုပြီး သိဖို့လိုပါတယ်။ ဒီအပေါ်မှာမူတည်ပြီး ကြိုတင်ပုံနှိပ်ရပါမယ်။ အလွယ်ကူဆုံး ဘာလုပ်လို့ရလဲဆိုတော့ ဖောင်ပုံစံတစ်ခု လုပ်လိုက်တယ်။ မေးခွန်းလည်း အနည်းဆုံးမေးရမယ်။

ခက်ခဲသွားရင် ဘယ်သူမှ မလုပ်ဘူး။ စာအုပ်မှာမယ်ဆိုရင် ဘယ်သူမှာတာလဲ၊ နာမည်တော့ သိဖို့လိုတယ်။ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ PDF အနေနဲ့ အီးမေးလ်ပို့မှာဖြစ်တဲ့အတွက် အီးမေးလ်လိပ်စာ တောင်းရမယ်။ စာအုပ်ကို အိမ်တိုင်ရာရောက် ပို့ရမှာဖြစ်တဲ့အတွက် လိပ်စာတောင်းမယ်။ ဒီလောက်တောင်းလိုက်ရင် သူလိုချင်တယ်ဆိုတာကို သိသွားပြီ။ ဒါက ကြိုတင်မှာတဲ့စနစ်ဖြစ်ပါတယ်။

ပိုက်ဆံတောင်းမလား၊ မတောင်းဘူးလားဆိုတာလည်း ရှိပါတယ်။ ငွေပေးစနစ် ကောင်းကောင်းမရှိတဲ့အချိန်မှာ မတောင်းသေးဘူး ထားလိုက်တယ်။ စာအုပ်တကယ်ထွက်ပြီဆိုရင် ပိုက်ဆံပေးမှ ပို့ပေးမယ်။ ဒီအတွက် နောက်ထပ် စာမျက်နှာထားပြီး ဘဏ်အကောင့် ပေးလိုက်တယ်။ သူ့ဆီကို ပိုက်ဆံလွှဲပြီးပြီဆိုရင် Screen Shot ရိုက်ပြီး အီးမေးလ်ပို့လိုက်ရင် စာအုပ်နဲ့ PDF ကို တန်းပြီး ပို့ပေးလို့ရပါပြီ။

ဒီလို စုပေါင်းဆောင်ရွက်ခြင်းစနစ်တွေက တတ်နိုင်သမျှ ရိုးရှင်းရမယ်။ စိတ်ဝင်စားမှုလည်း ရှိရမယ်ဆိုတော့ စာရေးဆရာက ဘာလုပ်သလဲဆိုတော့ တစ်ယောက်မှာလိုက်တိုင်း ဒီစာအုပ်ကို ဘယ် နှယောက်မှာသွားပြီဆိုတဲ့ အရေအတွက် တိုးတိုးသွားတယ်။ ဒါမျိုးလေးတွေကအစ စဉ်းစားပြီး ကောင်းအောင်လုပ်ထားမယ်ဆိုရင် ကျွန်တော်တို့က လုပ်လို့ရပါပြီ။ ဘာလိုသလဲဆိုတော့ နှစ်ခုပဲလိုတယ်။ Facebook စာမျက်နှာတစ်ခုနဲ့ Form ဖောင်တစ်ခု တည်ဆောက်ရမယ်။ Google Form ကို သွားရင် အဆင်သင့်လုပ်ပြီးသား ဖောင်တွေထဲက ကိုယ်နဲ့အသင့်တော်ဆုံး ဖောင်တစ်ခုကိုယူပြီး ဖန်တီးလိုက်ပါ။

ကျွန်တော် ဒါလုပ်ချင်တယ်။ ဘယ်သူတွေ စိတ်ဝင်စားသလဲ၊ စာရင်းပေးပါဆိုပြီး ဒီဖောင်ကို Facebook မှာ တင်လိုက်ပါ။ ဒါကစုပေါင်းဆောင်ရွက်ခြင်းစနစ် မဟုတ်ပေမယ့် ဒီအထဲက အစိတ်အပိုင်းတချို့ကို အသုံးပြုပြီး လုပ်ထားတာဖြစ်ပါတယ်။ တကယ်တမ်း ဒီလိုမျိုးတွေက အတော်စနစ်ကျအောင်လုပ်ဖို့ လိုအပ်ပါတယ်။ ဒါတွေကလည်း အချိန်အတိုင်းအတာတစ်ခုကျရင် ဖြစ်လာမှာပါ။

**အစီအစဉ်မှူး။ ။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ မိမိရဲ့ ထုတ်ကုန်တွေ၊ အဖွဲ့အစည်းတွေနဲ့ မိမိရဲ့ပရောဂျက်တွေကို စုပေါင်းဆောင်ရွက်ခြင်းစနစ်နဲ့ ဘယ်လိုချဉ်းကပ်လို့ ရနိုင်သလဲဆိုတာ ရှင်းပြပေးပါဦး။**

**ဦးသက်နိုင်စိုး။** ။ ကျွန်တော်တို့အနေနဲ့ မိမိရဲ့ ထုတ်ကုန်တွေရှိမယ်။ ပရောဂျက်တွေရှိမယ်။ မိမိက ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ယောက်လည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုအနေနဲ့ မိမိရဲ့ ထုတ်ကုန်တွေ၊ ပရောဂျက်တွေကို ချပြမယ်၊ စုပေါင်းဆောင်ရွက်ခြင်းစနစ်တစ်ခုနဲ့ ချဉ်းကပ်မယ်ဆိုရင် လွယ်လင့်တကူဖြစ်တာရှိမယ်။ မိမိကို အကူအညီပေးနိုင်တဲ့ အခန်းကဏ္ဍတွေ အများကြီးရှိပါတယ်။

ဒီအထဲမှာ ရွေးချယ်တင်ပြချင်တာက Kickstarter ဆိုတဲ့ ဝက်ဘ်ဆိုက်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့က www.kickstarter.com ကို သွားလိုက်မယ်ဆိုရင် သူ့ရဲ့ ကူညီစီစဉ်ပေးတဲ့နည်း၊ Operation နဲ့ ချဉ်းကပ်ရမယ်၊ လည်ပတ်ရမယ်ဆိုတဲ့ကိစ္စတွေကို သူတို့ရဲ့ ပင်မစာမျက်နှာမှာ အရင် တွေ့ရပါမယ်။ Crowdsourcing, Crowdfunding အစရှိတဲ့ စုပေါင်းဆောင်ရွက်ရမယ့် လုပ်ငန်းသဘောတရားမှာ ပါဝင်ပတ်သက်တဲ့ လူတွေက သူတို့စိတ်ဝင်စားတဲ့ကဏ္ဍတွေရှိပါတယ်။

အနုပညာကဏ္ဍမှာ တချို့က စာအုပ်စာပေကိုစိတ်ဝင်စားတယ်။ ကျွန်တော်တို့ဆိုရင် နည်းပညာနဲ့ ဒီဇိုင်းကို ခုံမင်တယ်။ အစားအသောက်၊ ကွန်ပျူတာ ဗီဒီယိုဂိမ်းအစရှိတဲ့ အခန်းကဏ္ဍတွေလည်း ပါဝင်လို့ရပါတယ်။ ခြုံငုံသုံးသပ်သင့်တာက Supply and Demand ဖြစ်ပါတယ်။ Supply ဆိုတာက ပုဂ္ဂလိကလုပ်ငန်းရှင်ဖြစ်ဖြစ်၊ အဖွဲ့အစည်းဖြစ်ဖြစ် ဘာတွေကို ချပြနိုင်သလဲ၊ ဘာတွေကို ပံ့ပိုးပေးနိုင်သလဲ၊ ဖြည့်ဆည်းပေးနိုင်သလဲပါ။

ပြီးရင်ပရိသတ်၊စားသုံးသူအနေနဲ့ ဘာတွေကိုစိတ်ဝင်စားတယ်၊ လိုအပ်တယ်ဆိုတဲ့ Supply and Demand ကို ဘယ်လိုချင့်ချိန်မယ်ဆိုတာကို Kickstarter ဝက်ဘ်ဆိုက်မှာ ချိန်ခွင်လျှာ ညှိလို့၊ ချင့်ချိန်လို့ ရပါတယ်။ သုံးစွဲမယ့်သူ နှစ်မျိုးကို သေသေချာချာ ကဏ္ဍခွဲထားဖို့ လိုပါတယ်။

တစ်နည်းအားဖြင့် ဖန်တီးသူ သို့မဟုတ် Creator က ကိုယ့်ရဲ့ အချက်အလက်တွေကို အကောင်အထည်ဖော်မယ်၊ ရုပ်လုံးဖော်မယ်။ ပြီးရင် ကိုယ့်ကိုအားပေးမယ့် စားသုံးသူတွေ၊ ပရိသတ်တွေကို ချပြမယ်။ Kickstarter ဝက်ဘ်ဆိုက်မှာ Backer လို့ခေါ်ပါတယ်။ Support လုပ်တာ၊ အားပေးမယ့်သူအနေနဲ့ ရှိတာဖြစ်ပါတယ်။

သဘောတရားက ကိုယ်က ဖန်တီးရတယ်။ အရင်က မရှိသေးဘူး။ ကိုယ်က ဖန်တီးလိုက်တယ်ဆိုရင် ဒါက ရုပ်လုံးပေါ်လာပြီ၊ အကောင်အထည်ပေါ်လာပြီ။ ဒါပေမယ့် ခက်တာက ဒါတွေက အလကားမရဘူး။ ဒီတော့ လုပ်ငန်းရဲ့ သဘောတရားအရ ရင်းနှီးမြှုပ်နှံမှုတွေ ပါလာတယ်။ ဒီအတွက် လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှု ရှာဖွေချင်တာကို Crowdsourcing, Crowdfunding ဆိုတဲ့ စုပေါင်းဆောင်ရွက်တဲ့စနစ်ကို အသုံးချချင်တာ ဖြစ်ပါတယ်။

ကိုယ့်ကို အားပေးထောက်ခံမယ့် တစ်ယောက်ယောက်က ကိုယ်လိုအပ်တဲ့ ငွေကြေး သိန်းတစ်ရာဖြစ်စေ၊ သိန်းတစ်ထောင်ဖြစ်စေ ထောက်ပံ့နိုင်ဖို့က အခက်အခဲရှိနိုင်တယ်။ Long Tail သဘောတရားအရ ငွေကြေးပမာဏများရင် လူနည်းစုလောက်ပဲ ထောက်ပံ့ပေးနိုင်မှာဖြစ်ပါတယ်။ ကိုယ့်ကို ရင်းနှီးမြှုပ်နှံမှုနဲ့ ထောက်ခံအားပေးချင်တဲ့ ပရိသတ် Kickstarter User တွေအနေနဲ့ ၅၀၀၀၊ တစ်သိန်း စတဲ့ ငွေပမာဏအနည်းငယ်ကို လူများများက ထည့်သွင်းပြီး ပါဝင်နိုင်တယ်ဆိုတဲ့ စုပေါင်းဆောင်ရွက်ခြင်း သဘောတရားကို တည်ဆောက်ချင်တာဖြစ်ပါတယ်။

ဒါမျိုးကို Kickstarter လို ဝက်ဘ်ဆိုက်မှာ တော်တော်အံ့ဝင်ခွင်ကျဖြစ်တယ်လို့ တင်ပြချင်ပါတယ်။ ဒီကိစ္စခက်ခဲရင် လူတွေက မလုပ်ချင်ဘူး။ ဒါကို အပေါ့ပါးဆုံးနဲ့ ပုဂ္ဂလိကဖြစ်ဖြစ်၊ စီးပွားရေး အဖွဲ့အစည်းဖြစ်ဖြစ် Creator တွေက ကိုယ့်ရဲ့ဖန်တီးမှု၊ အိုင်ဒီယာကို ပရောဂျက်တစ်ခုအနေနဲ့ စဖို့ www.kickstarter.com ကို သွားမယ်ဆိုရင် သူတို့က Creator ထုတ်လုပ်မယ့်သူကို လင့်ခ်ပေးထားမယ်။

ဒီ Page မှာ မိမိပရောဂျက်ကို အစပြုဖို့ ခလုတ်ကို နှိပ်လိုက်ပြီဆိုရင် စပြီးအကောင်အထည်ဖော်လို့ရပါပြီ။ နောက်တစ်ခုက ဒီပရောဂျက်ကို ဘယ်ကဏ္ဍမှာ အကောင်အထည်ဖော်ချင်တာလဲဆိုရင် နည်းပညာနဲ့ ဒီဇိုင်းလား၊ ဒါမှမဟုတ် အနုပညာပိုင်းလား၊ အစားအသောက်ပိုင်းလား စသဖြင့် ကဏ္ဍတစ်ခု ကိုယ်က ရွေးပေးရပါမယ်။

သဘောတရားအနေနဲ့ မိမိလုပ်ချင်တဲ့ ဖန်တီးမှုတွေကို ကိုယ့်ခေါင်းထဲမှာက အလွန်ရိုးရှင်းပြီး အဓိပ္ပာယ်ရှိပါတယ်။ သူများကို ချပြလိုက်တဲ့အခါ ထင်သလောက်သူများနားမလည်တာ ဖြစ်တတ်ပါတယ်။ ဒီတော့ မိမိရဲ့ဖန်တီးမှုတွေ၊ အိုင်ဒီယာတွေကို သူများနားလည်လွယ်မယ့် လိုအပ်တဲ့အချက်အလက်တွေ မလွတ်ရအောင် လိုတိုရှင်းတင်ပြဖို့ အရေးကြီးပါတယ်။ မိမိဖန်တီးမှုရဲ့ အကျဉ်းချုပ်ကို တင်ပြပြီးပြီဆိုရင် ကိုယ်ရေးအချက်အလက်တွေက အရေးကြီးပါတယ်။

ဒီနေရာမှာ သတိထားရမှာက Wikipedia မှာဆိုရင် Edit လုပ်ဖို့၊ ပြုပြင်ဖို့၊ Account Creation မလိုအောင်၊ အခက်အခဲအနည်းဆုံးရှိအောင် စီစဉ်ပေးထားတယ်ဆိုပေမယ့် Kickstarter ဝက်ဘ်ဆိုက်မျိုးမှာ မိမိရဲ့ Information ကို အချက်အလက် အပြည့်အစုံတင်ပြဖို့လိုပါတယ်။ Kickstarter ဝက်ဘ်ဆိုက်မှာ အကောင့်မရှိသေးဘူးဆိုရင် ကိုယ့်အတွက် အကောင့်သစ်တစ်ခု ပြုလုပ်ရပါမယ်။

မိမိရဲ့ ပရောဂျက်၊ ဖန်တီးမှုကို အသေးစိတ်ရှင်းပြရမှာဖြစ်တဲ့အတွက် ခေါင်းစဉ်တွေက နည်းနည်းများတယ်။ ခုနစ်ခုလောက်ရှိလိမ့်မယ်။ အခြေခံအချက်အလက်တွေက မပါမဖြစ် စီစဉ်ပေးရမယ်။ ဘယ်လိုခေါင်းစဉ်မျိုးလဲ၊ ဘယ်လိုဖန်တီးမှုအကျဉ်းချုပ်လဲ ဆိုတာတွေပါမယ်။

ပြီးရင် မိမိအတွက်လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုပါ။ ကိုယ်က ရည်မှန်းထားတာ ဘယ်လောက်လဲ၊ အကယ်၍ ကိုယ့်ရဲ့ ဖန်တီးမှုကို စိတ်ဝင်စားတဲ့ ပရိသတ်တွေ၊ ထောက်ပံ့ပေးမယ့်သူတွေ၊ အားပေးမယ့်သူတွေ အပြည့်အဝရခဲ့မယ်။ ရည်မှန်းချက်ပမာဏကို ကျော်လွန်မယ်၊ ပြည့်ဝမယ်ဆိုရင် ဘယ်လိုအကျိုးခံစားခွင့်တွေကို စီစဉ်ပေးမှာလဲ။ အစီအစဉ်တွေကိုလည်း အမျိုးအစားခွဲခြားပြီး စီစဉ်ပေးနိုင်တယ်။ တစ်မျိုးမက စီစဉ်ပေးနိုင်ပါတယ်။

သူ့မှာ Story ဆိုတဲ့ကဏ္ဍ ပါပါတယ်။ ဒီကဏ္ဍကို အထူးရှင်းပြချင်ပါတယ်။ ဘာလဲဆိုတော့ မိမိရဲ့ ဖန်တီးမှုနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို စာအပြင်၊ ရုပ်သံ၊ ဗီဒီယိုတွေပါ တွဲဖက်ပြီး တင်ပြနိုင်မယ်ဆိုရင် အားသာချက်ကို မိမိဘက်မှာရှိအောင် တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ပိုင်းက မိမိရဲ့ဖန်တီးမှုက ဘယ်သူတွေအတွက်လဲဆိုတော့ User ပါ။ ပြီးရင် ရင်းနှီးမြှုပ်နှံမှု၊ ငွေရေးကြေးရေးကိစ္စတွေ ပါလာတဲ့အတွက် ဘဏ်နဲ့ပတ်သက်တဲ့ အချက်အလက်ကို စနစ်တကျ စီစဉ်ပေးဖို့ လိုအပ်ပါတယ်။

ပုဂ္ဂလိကအနေနဲ့ လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှုကို လက်ခံဖို့ ဘဏ်အချက်အလက်တွေ ကိုယ်က စီစဉ်ပေးရသလို ကိုယ့်ကို ထောက်ခံအားပေးမယ့်သူတွေ အသုံးပြုနိုင်တဲ့ ဘဏ်အချက်အလက်တွေကိုလည်း သတ်မှတ်ပေးရပါတယ်။ ကိုယ့်ကို လူဘယ်နှယောက်သိမှ ဘယ်နှယောက်က အားပေးမယ်ဆိုတဲ့ ဈေးကွက်သဘောတရားကိုလည်း အခြေခံထားတဲ့အတွက် ပရိုမိုးရှင်းကြော်ငြာအစီအစဉ်က ထည့်သွင်းစီစဉ်ပေးရပါတယ်။

ဒါက ကိုယ့်ဘက်က စီစဉ်တာပါ။ သူတို့ဘက်ကကဏ္ဍတွေလည်း ပါပါတယ်။ ဖန်တီးသူနဲ့ အားပေးသူ ကြားထဲမှာ အလွှာတွေရှိပါတယ်။ ဒီမှာအလွယ်တကူပဲ Review Process တစ်ခုထားတယ်။ ဒါကို သူတို့က ဆန်းစစ်မယ်၊ သုံးသပ်မယ်။ ဒါက သူတို့ရဲ့ Guideline တွေနဲ့ ကိုက်ညီရဲ့လား။ ကိုယ်ရဲ့ ဖန်တီးမှုသဘောတရားနဲ့ ကိုယ့်ရဲ့ အကြောင်းအရာ အချက်အလက်တွေအပေါ်မှာ မူတည်ပါတယ်။

သူတို့ရဲ့ ဆန်းစစ်တဲ့လုပ်ငန်းစဉ် ပြီးမြောက် အောင်မြင်ပြီဆိုရင် ကျွန်တော်တို့က စပြီးဖြန့်ချိလို့ရပါပြီ။ ဒါကို ပရိသတ်ကို စတင်ချပြတော့မယ်။ ကိုယ့်ရဲ့ဖန်တီးမှုတွေအတွက် လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှု ရရှိအောင် အားပေးထောက်ခံသူတွေကို တင်ပြမယ်ဆိုရင် Kickstarter မှာ အရေးကြီးတဲ့ အချက်တစ်ချက်ရှိပါတယ်။

ဒါက All – or – Nothing ဆိုတဲ့ သဘောတရားပါ။ ဒါက ကိုယ်လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုကို ကိုယ်က သတ်မှတ်ထားတယ်။ သတ်မှတ်ထားတဲ့ ပမာဏလည်းရှိမယ်။ သတ်မှတ်ထားတဲ့ကာလလည်း ရှိမယ်။ ဒီအတွင်းမှာ မရရှိဘူးဆိုရင် ကိုယ့်အနေနဲ့ ဒီလုပ်ငန်းကို စတင်ဖို့ အာမခံစရာမလိုဘူးဆိုတဲ့ သဘောတရားဖြစ်ပါတယ်။

ဒီတော့ သတ်မှတ်ပမာဏကို သတ်မှတ်ကာလအတွင်း ရပြီဆိုမှ စတင်လို့ အဆင်ပြေတယ်ဆိုတဲ့ သဘောတရားကို Kickstarter ဝက်ဘ်ဆိုက်အနေနဲ့ လက်ခံပေးတယ်။ ကူညီပေးတယ်။ အချက်အလက်တွေနဲ့ တည်ဆောက်ပေးတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြန်ပြီးသုံးသပ်သင့်တာက လူအများစုနဲ့ ကိုယ့်ရဲ့ ဖန်တီးမှု၊ Idea တွေကို ချပြမယ်ဆိုရင် ကိုယ်က အကူအညီရနိုင်တယ်ဆိုတာ ကျွန်တော်တို့အတွက် ထင်သာမြင်သာ ရှိသွားပါတယ်။

**အစီအစဉ်မှူး။ ။ အနုပညာရှင်၊ အတတ်ပညာရှင်၊ Digital Creative အနေနဲ့ မိမိရဲ့ တစ်ပိုင်တစ်နိုင် လုပ်ငန်းစဉ်တွေကို စုပေါင်းဆောင်ရွက်ခြင်းစနစ်နဲ့ အခြားချဉ်းကပ်နည်းတွေ ရှိနေသလားဆိုတာကိုလည်း ဆွေးနွေးပေးပါဦး။**

**ဦးသက်နိုင်စိုး။** ။ နောက်တစ်ခုက Patreon ဆိုတဲ့ ဝက်ဘ်ဆိုက်ပါ။ သူတို့ရဲ့ ဝက်ဘ်ဆိုက်မှာ Creator တွေ နှစ်သိန်းကျော်ရှိတယ်ဆိုတာကို မြင်ရပါတယ်။ ကိုယ်က ဒီဝက်ဘ်ဆိုက်မှာ ပါဝင်ချင်တယ်။ ကိုယ့်ဖန်တီးမှုတွေကို အများကို ချပြချင်တယ်။ ပရိသတ်က ကိုယ့်ကို ထောက်ခံအားပေးစေချင်တယ်ဆိုရင် www.patreon.com ဝက်ဘ်ဆိုက်မှာလာပြီး Sign up လုပ်မယ်။ အကောင့်ဖွင့်ပြီးတာနဲ့ ကိုယ့်ကို Subscribe လုပ်တယ်။ အားပေးလို့ရပါပြီ။

ဒီမှာ အရေးကြီးတဲ့အချက်က Kickstarter မှာ Onetime တစ်ကြိမ်ပဲဆိုတဲ့ သဘောတရားကို သူတို့က အကောင်အထည်ဖော်တယ်။ ကျွန်တော်တို့က ပရောဂျက်တစ်ခုရှိတယ်ဆိုရင် ဒီပရောဂျက်ကို Campaign တစ်ခုအနေနဲ့ တည်ဆောက်လိုက်မယ်။ နောက်ဖန်တီးမှုတစ်ခု၊ နောက်ပရောဂျက် တစ်ခုရှိမယ်ဆိုရင်လည်း နောက် Campaign တစ်ခုအနေနဲ့ ကျွန်တော်တို့က ချဉ်းကပ်လိုက်လို့ ရပါတယ်။

Patreon ကျတော့ ဘယ်လိုသဘောတရားကို ကူညီပေးချင်တာလဲဆိုတော့ လစဉ်၊ လစဉ် အားပေးသွားချင်တယ်ဆိုတဲ့ သဘောမျိုးပါ။ ဥပမာ – သတင်းစာတွေ၊ မဂ္ဂဇင်းတွေ ကိုယ်က တစ်ခါဝယ်ဖတ်လို့ရတယ်။ ဒါမှမဟုတ် အပတ်စဉ်၊ လစဉ်အားပေးချင်တယ်ဆိုတဲ့ သဘောတရားနဲ့ ဆင်တူယိုးမှားရှိပါတယ်။ ကိုယ့်ရဲ့ Fan တွေ၊ ထောက်ခံအားပေးသူတွေ၊ မိသားစုဝင်တွေ၊ မိတ်ဆွေ သူငယ်ချင်းတွေ၊ ပရိသတ်တွေက ကိုယ့်ကိုအားပေးချင်တဲ့ ကာလတစ်လျှောက်လုံး ပုံမှန်အားပေးနိုင်တယ်ဆိုတဲ့ သဘောတရားနဲ့ တည်ဆောက်ထားပါတယ်။

သဘောတရားက ရှင်းပါတယ်။ ကိုယ့်ကို ပုံမှန်အားပေးတဲ့သူကို အများနဲ့မတူ တစ်မူထူးခြားတဲ့ စီစဉ်မှုတွေကို ချပြချင်တာဖြစ်ပါတယ်။ ပုံမှန်အားပေးနေတဲ့ ပရိသတ်ဆိုရင် Public Social Media Platform တွေမှာချပြတဲ့ ရုပ်သံဗီဒီယိုတွေဆိုရင် ပုံမှန်တစ်ပတ်တစ်ခါ၊ တစ်ပတ်နှစ်ခါချပြရင် ကိုယ်ချပြတဲ့အချိန်မှာ ကိုယ့်ရဲ့ ပရိသတ်က ပုံမှန်အားပေးလို့ရပါတယ်။

ဥပမာ – တစ်လကို ငါးဒေါ်လာသော်လည်းကောင်း၊ မြန်မာကျပ်ငွေ ခုနစ်ထောင် ဝန်းကျင်လောက်ဖြင့် Patreon မှာ ကိုယ့်ရဲ့ Package ကို ယူထားတဲ့ ပရိသတ်က ရုပ်သံဗီဒီယိုတွေကို စောပြီးကြည့်ရှုနိုင်တယ်။ ဒါကိုလည်း Limited Access အနေနဲ့ထားတာဖြစ်ပါတယ်။ ဥပမာ– မြန်မာကျပ်ငွေ တစ်သောင်းလောက်နဲ့ လစဉ်အားပေးရတယ်ဆိုရင် Special Content လို့ခေါ်တဲ့ အထူးရုပ်သံဗီဒီယိုတွေကို Package ယူထားတဲ့ ပရိသတ်တွေကပဲ ကြည့်ရှုနိုင်တယ်ဆိုတဲ့ သဘောတရားကို တည်ဆောက်ထားတယ်။

မြန်မာကျပ်ငွေ တစ်သောင်းခွဲ၊ နှစ်သောင်း သတ်မှတ်ထားတဲ့ ဈေးအကြီးဆုံး Package ကို ယူထားတဲ့သူတွေကပဲ Digital Creative တွေနဲ့ တိုက်ရိုက်ကို ပြောဆိုနိုင်မယ်။ ဒီအားပေးသူ အရေအတွက်ကလည်း အလွန်ကို နည်းနိုင်ပါတယ်။ Special Access သီးသန့်ဆိုတဲ့ သဘောတရားကို ဆောင်ပါတယ်။

Facebook, YouTube, Twitter , Instagram တို့မှာ ဒီလိုစုပေါင်းစပ်ပေါင်း Crowd Sourcing ဆိုတဲ့ သဘောတရားတွေ ပါတယ်ဆိုပေမယ့် တစ်နေရာတည်းမှာ၊ ဝက်ဘ်ဆိုက်တစ်ခုတည်းမှာ ဒီအင်္ဂါရပ်တွေကို အပြည့်အစုံနဲ့ စီစဉ်ပေးထားတယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဖန်တီးသူတွေ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေပဲဖြစ်ဖြစ်၊ တစ်နိုင်တစ်ပိုင် တင်ပြချင်တဲ့ အတတ်ပညာရှင်တွေ၊ အသိပညာရှင်တွေ၊ အနုပညာရှင်ဖြစ်ဖြစ် ဒါမှမဟုတ် အဖွဲ့အစည်းတွေ ကိုယ်တိုင်က ဒါတွေကိုအသုံးပြုပြီး ကိုယ့်ရဲ့ တီထွင်မှုတွေ၊ ဖန်တီးမှုတွေ၊ ကိုယ့်ရဲ့ ထုတ်ကုန်တွေ၊ Idea တွေကို အများသူငါထံ ချပြတဲ့အခါမှာ ကိုယ့်ဘက်က ပရိသတ်နဲ့ အနေနီးအောင် အလွယ်တကူ ကြိုးစားလို့ရပါတယ်။

ဒီသဘောတရားက ဘာလဲဆိုတော့ Kickstarter, Patreon အစရှိတဲ့ ဝက်ဘ်ဆိုက်တွေက ဒီစနစ်တွေကို စီစဉ်ပေးတဲ့အတွက် ကိုယ့်အနေနဲ့ ကိုယ့်ရဲ့ကျွမ်းကျင်မှု Profession ကို Focus ထားလို့ ရပါတယ်။ အကယ်၍ ကျွန်တော် အနုပညာရှင်တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် နည်းပညာကို ကိုယ်တိုင် အနေဝေးတယ်ထားဦး၊ ဒီလို ဝက်ဘ်ဆိုက်တွေကို အသုံးပြုပြီး ကိုယ့်ရဲ့ ပရိသတ်တွေ၊ ထောက်ခံအားပေးသူတွေနဲ့ အနေနီးအောင် နေလို့ရပါတယ်။ ကိုယ့်ရဲ့ဖန်တီးမှုတွေကို အလွယ်တကူ ချပြလို့ရတယ်။ ရေရှည်တည်တံ့တဲ့ စီးပွားရေးစနစ်တစ်ခုကို တည်ဆောက်လို့ရတယ်ဆိုတဲ့ သဘောတရားရှိတဲ့အတွက် ဒီဝက်ဘ်ဆိုက်တွေကို သုံးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

○ ကျော့ဖုံးမှ

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း(test positivity rate)မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | ၂၂-၁၂-၂၀ | ၂၃-၁၂-၂၀ | ၂၄-၁၂-၂၀ | ၂၅-၁၂-၂၀ | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၄.၁ | ၄.၀ | ၄.၃ | ၃.၉ | ၃.၆ | ၃.၇ | ၃.၄ | ၃.၄ | ၃.၅ | ၃.၇ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၂–၁၂–၂၀၂၀) ရက်နေ့မှ (၃၁–၁၂–၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး(၁၆,၆၀၇)ခုမှ အများဆုံး(၂၄,၀၀၇)ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၀,၂၅၉) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့်နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

### မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
### (၃၁–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၄,၁၀၇) ဦး | (၁,၈၁၈,၂၆၀) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၈၃၀) ဦး | (၁၂၄,၆၃၀) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၉၄၈) ဦး | (၁၀၇,၀၆၉) ဦး |
| သေဆုံးသူများ | (၁၈) ဦး | (၂၆၈၂) ဦး |

- ယနေ့ သေဆုံးသူ(၁၈)ဦးအနက် ရောဂါအခံရှိသူ(၁၄)ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၉၄၈)ဦးတွင် –
  - ပြည်သူ့ဆေးရုံများ – (၅၉၇) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၃၅၁) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း(၁,၀၇၁)ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဂျပန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် ဒီဇင်ဘာ ၃၁

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျပန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၅ ဦးအား တိုကျိုမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် All Nippon Airways လေကြောင်း(ANA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့ထိ ဂျပန်နိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် (၁၇)ကြိမ်တိုင် ပျံသန်း ပြေးဆွဲပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၀၂၁၆၉၉၁ | ၁၁၉၉၈၇၉၄ | ၃၅၀၇၇၈ |
| ၂။ | အိန္ဒိယ | ၁၀၂၆၇၂၈၃ | ၉၈၆၀၂၈၀ | ၁၄၈၇၇၄ |
| ၃။ | ဘရာဇီး | ၇၆၁၉၉၇၀ | ၆၇၀၇၇၈၁ | ၁၉၃၉၄၀ |
| ၄။ | ရုရှား | ၃၁၅၉၂၉၇ | ၂၅၅၄၃၄၀ | ၅၇၀၁၉ |
| ၅။ | ပြင်သစ် | ၂၆၀၀၄၉၈ | ၁၉၃၀၄၅ | ၆၄၃၈၁ |
| ၆။ | ဗြိတိန် | ၂၄၃၂၈၈၈ | စိစစ်ဆဲ | ၇၂၅၄၈ |
| ၇။ | တူရကီ | ၂၁၉၄၂၇၂ | ၂၀၇၈၆၂၉ | ၂၀၆၄၂ |
| ၈။ | အီတလီ | ၂၀၈၃၆၈၉ | ၁၄၄၅၆၉၀ | ၇၃၆၀၄ |
| ၉။ | စပိန် | ၁၉၂၁၁၁၅ | စိစစ်ဆဲ | ၅၀၆၈၉ |
| ၁၀။ | ဂျာမနီ | ၁၇၁၉၈၂၉ | ၁၃၀၂၆၀၀ | ၃၃၄၈၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၇၄၃၁၉၈ | ၆၁၁၀၉၇ | ၂၂၁၃၈ |
| ၂။ | ဖိလစ်ပိုင် | ၄၇၄၀၆၄ | ၄၃၉၇၉၆ | ၉၂၄၄ |
| ၃။ | မြန်မာ | ၁၂၄၆၃၀ | ၁၀၇၀၆၉ | ၂၆၈၂ |
| ၄။ | မလေးရှား | ၁၁၃၀၁၀ | ၈၈၉၄၁ | ၄၇၁ |
| ၅။ | စင်ကာပူ | ၅၈၅၉၉ | ၅၈၄၁၁ | ၂၉ |
| ၆။ | ထိုင်း | ၆၈၈၄ | ၄၂၄၀ | ၆၁ |
| ၇။ | ဗီယက်နမ် | ၁၄၅၆ | ၁၃၂၃ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၆၆ | ၃၆၁ | ၀ |
| ၉။ | ဘရူနိုင်း | ၁၅၇ | ၁၄၉ | ၃ |
| ၁၀။ | လာအို | ၄၁ | ၄၀ | ၀ |




ကိုရိုနာဗိုင်းရပ်စ် (COVID– 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်



## နည်းနည်းတော့ ကျလာပြီဆိုတော့ များများကျလာအောင်လို့ လုပ်ရမယ်



ကျွန်မတို့ပြည်သူတွေ ဒီကြားထဲမှာ ကာကွယ်ဆေးမရောက်ခင်ပေါ့။ ဒါလပိုင်းနဲ့ ချီပြီးတော့ ကြာနိုင်ပါတယ်လို့ ကျွန်မ ထပ်ပြောပါရစေ။ ဒီကြားထဲမှာ ရောဂါမကူးစက်အောင်လို့ ကိုယ့်ဆီကလည်း သူများမကူးစက်အောင်လို့ သူများဆီကလည်း မကူးစက်အောင်လို့ သတိနဲ့နေကြပါလို့ ကျွန်မထပ်လောင်းပြီးတော့ မေတ္တာရပ်ခံချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုစပြီးတော့လည်း နည်းနည်းတော့ ကျလာပြီ။ နည်းနည်းတော့ ကျလာပြီဆိုတော့ များများကျလာအောင်လို့ ကျွန်မတို့လုပ်ရမယ်။ ဆက်ပြီးတော့ ကျရမယ်။ အားလုံးတစ်ခါတည်း ပျောက်ကင်းသွားအောင်လို့ ကျွန်မတို့ကြိုးစားရမယ်။ နောက်ပြီးတော့ ကာကွယ်ဆေးနဲ့ တစ်ဖက်ကထိန်းသွားမယ်ဆိုရင် ကျွန်မတို့နိုင်ငံအနေနဲ့ ပုံမှန်ပြန်ပြီးတော့ လည်ပတ်လို့ရမှာပါ။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၄-၁၂-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၁-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ**

၁။ (၃၀-၁၂-၂၀၂၀)ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ(၅၈၇) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး | ၃၀ |
| | | မင်္ဂလာဒုံ | ၂၆ |
| | | သင်္ဃန်းကျွန်း | ၂၃ |
| | | မြောက်ဥက္ကလာပ | ၂၀ |
| | | အင်းစိန် | ၁၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၄ |
| | | ထန်းတပင် | ၁၃ |
| | | သာကေတ | ၁၂ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁ |
| | | မှော်ဘီ | ၁၀ |
| | | ပုဇွန်တောင် | ၁၀ |
| | | ကမာရွတ် | ၁၀ |
| | | လှိုင်သာယာ | ၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၈ |
| | | ဒေါပုံ | ၈ |
| | | ဗဟန်း | ၇ |
| | | တာမွေ | ၆ |
| | | တောင်ဥက္ကလာပ | ၅ |
| | | ရွှေပြည်သာ | ၅ |
| | | သန်လျင် | ၅ |
| | | မရမ်းကုန်း | ၄ |
| | | တိုက်ကြီး | ၅ |
| | | ရန်ကင်း | ၄ |
| | | ဒဂုံဆိပ်ကမ်း | ၄ |
| | | ခရမ်း | ၄ |
| | | အလုံ | ၃ |
| | | လှိုင် | ၂ |
| | | စမ်းချောင်း | ၂ |
| | | မင်္ဂလာတောင်ညွန့် | ၂ |
| | | ကျောက်တံတား | ၂ |
| | | သုံးခွ | ၂ |
| | | ဒဂုံ | ၂ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | ဗိုလ်တထောင် | ၁ |
| | | [illegible] | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | စုစုပေါင်း | ၂၈၇ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၄၇ |
| | | သာယာဝတီ | ၄ |
| | | ဖြူး | ၃ |
| | | မိုးညို | ၃ |
| | | ကြို့ပင်ကောက် | ၂ |
| | | တောင်ငူ | ၂ |
| | | ရေတာရှည် * | ၂ |
| | | ထန်းတပင် | ၁ |
| | | ကဝ | ၁ |
| | | ကျောက်တံခါး | ၁ |
| | | အုတ်ဖို | ၁ |
| | | ဇီးကုန်း | ၁ |
| | | စုစုပေါင်း | ၆၈ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကိုင် | ၉ |
| | | ချမ်းမြသာစည် | ၇ |
| | | မြင်းခြံ | ၇ |
| | | မဟာအောင်မြေ | ၅ |
| | | အောင်မြေသာစံ | ၄ |
| | | ပြည်ကြီးတံခွန် | ၃ |
| | | ချမ်းအေးသာဇံ | ၃ |
| | | အမရပူရ | ၂ |
| | | တံတားဦး | ၂ |
| | | ပုသိမ်ကြီး | ၁ |
| | | ကျောက်ဆည် | ၁ |
| | | ညောင်ဦး | ၁ |
| | | နွားထိုးကြီး | ၁ |
| | | မိတ္ထီလာ | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | စဉ့်ကူး | ၁ |
| | | စုစုပေါင်း | ၄၉ |
| ၄။ | နေပြည်တော် | ဇေယျာသီရိ | ၃၀ |
| | | ဇမ္ဗူသီရိ | ၃ |
| | | ပုဗ္ဗသီရိ | ၁ |
| | | စုစုပေါင်း | ၃၄ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၁၀ |
| | | မော်လမြိုင်ကျွန်း | ၁၀ |
| | | ဓနုဖြူ | ၅ |
| | | ပုသိမ် | ၄ |
| | | အင်္ဂပူ | ၁ |
| | | ကျောင်းကုန်း | ၁ |
| | | လပွတ္တာ | ၁ |
| | | စုစုပေါင်း | ၂၄ |
| ၆။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၆ |
| | | မကွေး | ၈ |
| | | ပခုက္ကူ | ၂ |
| | | မြိုင် | ၁ |
| | | ပေါက် | ၁ |
| | | ဆင်ပေါင်ဝဲ | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | ရေစကြို | ၁ |
| | | စုစုပေါင်း | ၂၄ |
| ၇။ | မွန်ပြည်နယ် | မော်လမြိုင် * | ၁၃ |
| | | ပေါင် | ၄ |
| | | ကျိုက်ထို | ၂ |
| | | သထုံ | ၂ |
| | | သံဖြူဇရပ် | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ဟုမ္မလင်း | ၅ |
| | | မုံရွာ | ၄ |
| | | မြောင် | ၂ |
| | | စစ်ကိုင်း | ၂ |
| | | ယင်းမာပင် | ၂ |
| | | ကလေး | ၁ |
| | | ကျွန်းလှ | ၁ |
| | | ရွှေဘို | ၁ |
| | | တမူး | ၁ |
| | | တန့်ဆည် | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၉။ | ကရင်ပြည်နယ် | ဘားအံ | ၁၃ |
| | | ကော့ကရိတ် | ၃ |
| | | လှိုင်းဘွဲ့ | ၁ |
| | | ကြာအင်းဆိပ်ကြီး | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၁၀။ | ရှမ်းပြည်နယ် | လားရှိုး | ၃ |
| | | ကလော | ၃ |
| | | ပင်လောင်း | ၃ |
| | | တောင်ကြီး | ၂ |
| | | နမ္မတူ | ၁ |
| | | ကျိုင်းတုံ | ၁ |
| | | ဆီဆိုင် | ၁ |
| | | ဖယ်ခုံ | ၁ |
| | | ရွာငံ | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၁၁။ | ကချင်ပြည်နယ် | ဗန်းမော် | ၁၀ |
| | | မြစ်ကြီးနား | ၂ |
| | | စုစုပေါင်း | ၁၂ |
| ၁၂။ | ရခိုင်ပြည်နယ် | အမ်း | ၁ |
| | | မောင်တော | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၃၀-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၅၈၇) ဦး |

* ရေတာရှည်မြို့နယ်မှ (၁)ဦးနှင့် မော်လမြိုင်မြို့နယ်မှ (၁)ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# အယုံလွယ်သူများထံမှ ငွေကြေးလိမ်လည်ရယူသည့် နိုင်ဂျီးရီးယားနိုင်ငံသားများနှင့်ဆက်စပ်ပတ်သက်သူများ ထပ်မံဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ငွေကြေးလိမ်လည်ရယူသည့် နိုင်ဂျီးရီးယားနိုင်ငံသားများနှင့် ဆက်စပ်ပတ်သက်သောဂိုဏ်းကို လိမ်လည်ပုံနည်းလမ်း MPU ကတ်များ၊ ဖုန်း SIM Card များ၊ ငွေကြေးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးပြီးနောက် ဆက်လက်ခြေရာခံမှုများပြုလုပ်ခဲ့ရာ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်နှင့် သန်လျင်မြို့နယ်နေ မြန်မာနိုင်ငံသား နှစ်ဦး၊ အမျိုးသမီးငါးဦးတို့ကို ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထပ်မံဖော်ထုတ်ရရှိသူများထံမှ MPU ကတ်မျိုးစုံ ၅၂ ကတ်၊ ဘဏ်စာအုပ်မျိုးစုံ ၆၈ အုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု ၃၉ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၄၃ ခု၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် လေးခု၊ နိုင်ဂျီးရီးယားနိုင်ငံ Passport စာအုပ်သုံးအုပ်၊ Memory Stick ငါးခု၊ တံဆိပ်တုံး အတုမျိုးစုံ ၂၇ခု၊ လက်ကိုင်ဖုန်းရှစ်လုံးနှင့် SIM Card မျိုးစုံ ၇၃ခု၊ ipad တစ်လုံး၊ BMW အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် ငွေကျပ်သိန်း ၈၀ ကျော်တို့အား ထပ်မံသိမ်းဆည်းရမိပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထွက်ဆိုချက်များအရ ပစ်မှတ်များကို ဖေ့စ်ဘွတ် မက်ဆင်ဂျာမှတစ်ဆင့် ဆက်သွယ်၍ လိမ်လည်သည့် ပြောစကားများမှာ လက်ဆောင်ပစ္စည်းများ ပို့ထားကြောင်း၊ ဒေါ်လာနှင့် ရွှေချောင်းများပို့ထားကြောင်း၊ နိုင်ငံခြားငွေနှင့် အသုံးအဆောင်ပစ္စည်းများ၊ အဖိုးတန်စိန်ထည်နှင့် လက်ဝတ်ရတနာပစ္စည်းများပေးပို့ထားကြောင်း၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် အမေရိကန်ဒေါ်လာများ ပေးပို့လိုက်ကြောင်းစသည်ဖြင့် ပြောဆိုကာ အဆိုပါပစ္စည်းများနှင့် ဒေါ်လာများအတွက် အခွန်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် ငွေလွှဲခိုင်းခြင်း၊ နိုင်ငံခြားသားတစ်ဦး မြန်မာနိုင်ငံတွင်နေထိုင်ရန် နေအိမ်နှင့်ကား ကြိုတင်ဝယ်ယူပေးထားရန်အတွက် အမေရိကန်ဒေါ်လာများ ပေးပို့လိုက်သဖြင့် ဝန်ဆောင်ခငွေလွှဲပေးရန် ငွေလွှဲခိုင်းခြင်း၊ ဟောင်ကောင်ထီပေါက်သည်ဟု ပြောဆို၍ ထီဖိုးငွေအဖြစ် ငွေလွှဲခိုင်းခြင်းစသည်ဖြင့် ပြောဆိုလိမ်လည်မှု ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ငွေလိမ်လည်မှုကို ဦးဆောင်ပြုလုပ်သည့် နိုင်ဂျီးရီးယားနိုင်ငံသားများသည် ၎င်းတို့နှင့်အတူနေ မြန်မာအမျိုးသမီးများနှင့် ရပ်ကွက်များအတွင်း အိမ်ငှားနေထိုင်ပြီး အိမ်ငှားရာတွင်လည်း အတည်တကျမငှားဘဲ ခြောက်လခန့်သာ ငှားရမ်း၍ မကြာခဏနေရာ ရွှေ့ပြောင်းနေထိုင်ကြောင်း။

ပြည်သူများအနေဖြင့် မသင်္ကာဖွယ် နိုင်ဂျီးရီးယားနိုင်ငံသားနှင့် မြန်မာနိုင်ငံသူတို့ အိမ်ငှားနေထိုင်ပါက သက်ဆိုင်ရာ မြို့နယ်/ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ သတင်းပေးပို့ကြပါရန် အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**






# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇၂ စီး ၊ သွင်းကုန် အစီး ၃၁၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးကျပ် သုည ဒသမ ၄၅၀ သန်းရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် V-vision 32'' LED TV(5U) အား (ပိုင်ရှင်မဲ့) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့နယ်၌ ငွေကျပ် ခြောက်ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်အဖက်တမင်း)များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ငွေကျပ် ခြောက်ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်အဖက်တမင်း)များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။


**သိမ်းဆည်းရမိ**


မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးပမာဏအများအပြား သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီခွဲခန့်တွင် ဒိုက်ဦးမြို့ ဒိုက်ဦး - စစ်တောင်းသွားကားလမ်း မိုင်တိုင်အမှတ်(၂၁/၃)အနီး ပူးပေါင်းစစ်ဆေးရေးစခန်းတွင် စောင့်ဆိုင်းနေစဉ် ဒိုက်ဦးမြို့ဘက်မှ စစ်တောင်းမြို့ဘက်သို့ ကိုကိုဦး မောင်းနှင်လာသည့် Toyota Wish အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်းရှိ ဆာလာအိတ်များအတွင်းမှ အိုက်စ် ၁၀၀ ကီလို (ငွေကျပ် ခြောက်ဘီလီယံတန်ဖိုး)ကို သိမ်းဆည်းရမိခဲ့သဖြင့် ကိုကိုဦး ၄၆ နှစ်အား ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူ ကိုကိုဦးအား သိမ်းဆည်းရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။



နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# နှစ်သစ်ဖြင့် လွှတ်တော်အသစ်များကိုကြို



မောင်စာဂ

ယနေ့သည် ၂၀၂၀ ပြည့်နှစ်ကုန်ဆုံး၍ ၂၀၂၁ ခုနှစ်သို့ ကူးပြောင်းသည့် ပထမဦးဆုံးနေ့ရက်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားခဲ့ကြရသည်။ ယနေ့နှစ်သစ်မင်္ဂလာအခါတွင် ကမ္ဘာနှင့်အဝန်း ဆုမွန်ကောင်းများတောင်း၍ ကြိုဆိုဂုဏ်ပြုကြသည်။ မြန်မာနိုင်ငံတွင် နှစ်သစ်ကူးသည့် ၂၀၂၁ ခုနှစ် နှစ်ဦးအစမှာပင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းပြီးဆုံး၍ တတိယအကြိမ် လွှတ်တော်အသစ်တွေ ဖွဲ့စည်းကြပါမည်။ လွှတ်တော်တွေ မည်သို့ဖွဲ့စည်းသည်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုကိုးကား၍ အနှစ်ချုပ်မျှဝေပါရစေ။

### လွှတ်တော်များဖွဲ့စည်းထားရှိခြင်း

ပြည်ထောင်စုအဆင့် (ဗဟိုအဆင့်) တွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဟူ၍ ဖွဲ့စည်းထားရှိသည်။ တိုင်းဒေသကြီးများတွင် တိုင်းဒေသကြီးတစ်ခုစီ၌ တိုင်းဒေသကြီးလွှတ်တော်တစ်ရပ်စီထားရှိပြီး ပြည်နယ်များတွင် ပြည်နယ်တစ်ခုစီ၌ ပြည်နယ်လွှတ်တော်တစ်ရပ်စီ ထားရှိသည်။

### လွှတ်တော်များဖွဲ့စည်းထားရှိပုံ

ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း၍ ဖွဲ့စည်းထားရှိသည်။ (ပုဒ်မ ၇၄)

ပြည်သူ့လွှတ်တော်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံး ၄၄၀ ဦးဖြင့် ဖွဲ့စည်းသည်။ ဤသို့ဖွဲ့စည်းရာတွင် မြို့နယ်ကိုအခြေခံ၍ လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့်မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့်ပူးပေါင်း၍လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းသည်။ ( ပုဒ်မ ၁၀၉)

အမျိုးသားလွှတ်တော်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် ဖွဲ့စည်းသည်။ ထိုသို့ဖွဲ့စည်းရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး သက်ဆိုင်ရာပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးတို့ဖြင့် ဖွဲ့စည်းသည်။ (ပုဒ်မ ၁၄၁)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များကို ယင်းတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ထိုသို့ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့်ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းသည်။ (ပုဒ်မ ၁၆၁)

### လွှတ်တော်အသီးသီး၏ အကြီးအမှူးများနှင့် ဒုတိယအကြီးအမှူးများ

လွှတ်တော်အသီးသီး၏ အကြီးအမှူးများ၊ ဒုတိယအကြီးအမှူးများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ လွှတ်တော်သက်တမ်း တစ်ခုစီအတွက် လွှတ်တော်ပထမအစည်းအဝေး စတင်ကျင်းပသည့်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုနိုင်ရန်နှင့် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ပေးရန်ကျင်းပသော လွှတ်တော်အစည်းအဝေးကို ကြီးမှူးကြီးကြပ်ပေးရမည့် အကြီးအမှူးအား သဘာပတိဟုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်အကြီးအမှူးနှင့် ဒုတိယအကြီးအမှူးကို နာယကနှင့် ဒုတိယနာယကဟုလည်းကောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အကြီးအမှူးနှင့် ဒုတိယအကြီးအမှူးများကို ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌဟုလည်းကောင်း ခေါ်ဝေါ်သည်။ (ပုဒ်မ ၇၅)

### အစည်းအဝေးများကျင်းပခြင်း

ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် ပထမအစည်းအဝေး စတင်ကျင်းပသည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကျင်းပရသည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယက က ခေါ်ယူကျင်းပသည်။ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယက က တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ် ကျင်းပသည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်အကြာဆုံးကာလသည် ၁၂ လထက် မပိုစေရပါ။ (ပုဒ်မ ၇၈နှင့် ၇၉)

ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရပြီး ပြည်သူ့လွှတ်တော်၏ နောက်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရသည်။ (ပုဒ်မ ၁၂၃ နှင့် ၁၂၄)

အမျိုးသားလွှတ်တော် သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်။ အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ကျင်းပရသည်။ အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပခြင်းကို ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရသည်။ (ပုဒ်မ ၁၅၄ နှင့် ၁၅၅)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော် သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့ရက်မှ ၁၅ ရက်အတွင်း ကျင်းပရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရသည်။ (ပုဒ်မ ၁၇၁ နှင့် ၁၇၂)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် အနည်းဆုံး ခေါ်ယူကျင်းပရသည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား ၁၂ လထက် မပိုစေရပါ။ (ပုဒ်မ ၁၇၄)

### သဘာပတိရွေးချယ်တင်မြှောက်ခြင်း

ပြည်သူ့လွှတ်တော်သက်တမ်းတစ်ရပ်၏ ပြည်သူ့လွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်အခါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရသည်။ သဘာပတိသည် ပြည်သူ့လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြုရသည်။ သဘာပတိသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရသည်။ (ပုဒ်မ ၁၁၀)

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တို့၏ သဘာပတိတင်မြှောက်ခြင်းကို ပြည်သူ့လွှတ်တော် သဘာပတိတင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။ (ပုဒ်မ ၁၄၂ နှင့် ၁၆၂ )

### ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

ပြည်သူ့လွှတ်တော်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာလစ်လပ်လျှင် အနီးကပ်ဆုံးကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရသည်။ (ပုဒ်မ ၁၁၁)

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရသည်။ ( ပုဒ်မ ၁၄၃ နှင့် ၁၆၃)

### လွှတ်တော်ဟူသည်

လွှတ်တော်ဟူသည်ပြည်ထောင်စု၏ဒီမိုကရေစီပန်းဥယျာဉ်ကြီးနှင့် အလားသဏ္ဌာန်တူ၏။ ဒီမိုကရေစီရှင်သန်စေရေး၊ ဒီမိုကရေစီသင်းရနံ့တွေ ထုံသင်းကြိုင်လှိုင်နေစေရေး၊ ဒီမိုကရေစီအဖူးအငုံ၊ အပွင့်အသီးတွေ ဝေဆာနေစေရေး ထိုသို့သောပန်းဥယျာဉ်ကြီး အစဉ်တစိုက်ရှင်သန်ဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်ပေးကြရပါမည်။

လွှတ်တော်ဟူသည် နိုင်ငံတော်၏ရှေ့ဆောင် မီးရှူးတန်ဆောင်ဖြစ်၏။ ပြည်သူအများစုရုံးရာ နေရာဖြစ်သည်ဟုလည်း ဆိုနိုင်၏။ ထို့ကြောင့် ပြည်သူ့အသံသည် လွှတ်တော်အသံဖြစ်ရမည်။ ပြည်သူတို့၏လိုလားချက်ကို လွှတ်တော်က ဆောင်ရွက်ပေးရမည်။ လွှတ်လပ်ခြင်း၊ မျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ လွှမ်းခြုံထားသော နိုင်ငံတော်ကြီးအဖြစ် တည်တံ့ဖြစ်ထွန်းစေရေး လွှတ်တော်များ စဉ်ဆက်မပြတ် အားကောင်းခိုင်မာနေရပါမည်။

### နှစ်သစ်ဖြင့် လွှတ်တော်အသစ်များကိုကြို

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြီးစီးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ပြည်သူ့လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပရပါမည်။ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းသည်လည်း ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကုန်ဆုံးပါမည်။ ထို့ကြောင့် တတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် လွှတ်တော်အသစ်များသည် ၂၀၂၁ ခုနှစ် နှစ်ဦးပိုင်းတွင် ပေါ်ပေါက်လာကြပါမည်။

၂၀၂၀ ပြည့်နှစ်တွင် ပြည်သူတို့တာဝန်ကျေခဲ့ကြပါပြီ။ ၂၀၂၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီရှေ့ခရီး တတိယခြေလှမ်းသစ် စတင်လျှောက်လှမ်းရပါမည်။ ပြည်သူတို့လိုလားတောင့်တသော စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး အဆင်ပြေတိုးတက်ကောင်းမွန်သော အခြေအနေကောင်းများကို ဖော်ဆောင်ပေးကြရပါမည်။ ၂၀၂၁ နှစ်သစ် နှစ်ဦးတွင် ဒီမိုကရေစီရှေ့ခရီးကို အားအင်သစ်များဖြင့် ဆက်လက်လျှောက်လှမ်းကြမည့် လွှတ်တော်အသစ်များအား ကမ်းလင့်ကြိုဆိုလိုက်ရကြောင်းပါဗျာ။

- **၂၀၂၁ နှစ်သစ်မှစ၍ နိုင်ငံနှင့်ပြည်သူတို့အတွက် ကောင်းကျိုးချမ်းသာများသယ်ဆောင်ပေးနိုင်ပါစေ၊**
- **ဒီမိုကရေစီ၏ရှေ့ခရီးအတွက် တတိယခြေလှမ်းကို အားအင်သစ်များဖြင့် လျှောက်လှမ်းနိုင်ပါစေ၊**
- **ပြည်သူများ၏ လိုလားချက်ကို စွမ်းစွမ်းတမံ ဖော်ဆောင်ပေးနိုင်ကြပါစေ။**

**လွှတ်တော်ဟူသည်**
**ပြည်ထောင်စုဒီမိုကရေစီ**
**ပန်းဥယျာဉ်ကြီးနှင့်**
**အလားသဏ္ဌာန်တူ . . .**
**လွှတ်တော်ဟူသည်**
**နိုင်ငံတော်၏ရှေ့ဆောင်**
**မီးရှူးတန်ဆောင် . . .**

Sweety

# " နှစ်သစ်ဆုမွန်လွှာ "

မြန်မာပြည်သူ ပြည်သားအပေါင်းနှင့်

Sweety ၏ ထုတ်ကုန်များကို ချစ်ခင်ယုံကြည်စွာ သယ်ယူအားပေးကြသော မိတ်ဖြည့်သူများ ၊

တစ်ဆင့်ဖြန့်သည် ရောင်းချပေးပါသော မိတ်ဆွေဖောက်သည်ကြီးများအားလုံး

2020 ခုနှစ်တွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော Covid-19 ကပ်ရောဂါဆိုးကြီးကြောင့်

ကျန်းမာရေး ထိခိုက်မှုများ ၊ စီးပွားရေး ကျပ်တည်းမှုများ ၊ ပညာရေး နှောင့်နှေးမှုများ စသဖြင့်

အဆင်မပြေမှုများအားလုံး ကင်းစင်ပပျောက်ပြီး 2021 နှစ်သစ်မှစ၍ အဆင်ပြေချောမွေ့ပါစေ

Sweety နှင့်အတူ ပိုမိုကောင်းမွန်သော အနာဂတ်များဆီသို့

ရွှေရောင်လွှမ်းခြုံနိုင်စွာ အတူတကွ လျှောက်လှမ်းရင်း အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ကြပါစေကြောင်း

Sweety မိသားစုမှ လှိုက်လှိုက်လှဲလှဲ ဆုတောင်းမေတ္တာပို့သအပ်ပါသည်

2021

HAPPY NEW YEAR

# SolaRiseSys

LIVE RIGHT. LIVE BRIGHT

Building (16), Room (101), Myanmar ICT Park, Universities' Hlaing Campus, Hlaing Township, Yangon, Myanmar.
Phone: 01 – 230 519 2 , 01 - 230 519 6

[illegible] SolaRiseSys Company Limited [illegible]

၂၀၂၂ [illegible]

SolaRiseSys Company Limited မှ ၂၀၂၂ [illegible]

[illegible]

| | | | |
|---|---|---|---|
| 1. | HR Manager | M/F | (1) Post |
| 2. | Sales Manager | M/F | (1) Post |
| 3. | PMO Manager | M/F | (1) Post |
| 4. | O&M Manager | M | (1) Post |
| 5. | QHS Manager | M | (1) Post |
| 6. | Logistics Manager | M/F | (1) Post |
| 7. | Assistant PMO Manager | M/F | (1) Post |
| 8. | Assistant Marketing Manager | M/F | (1) Post |
| 9. | Assistant Accounting Manager | F | (1) Post |
| 10. | Systems Design Engineer (MV/LV/Civil) | M/F | (4) Posts |
| 11. | Safety Engineer | M | (2) Posts |
| 12. | QHS Engineer | M | (2) Posts |
| 13. | PV Engineer | M/F | (3) Posts |
| 14. | O&M Engineer | M | (2) Posts |
| 15. | Senior Engineer / Junior Engineer | M | (4) Posts |
| 16. | Field Engineer (Project Base) | M | (5) Posts |
| 17. | QS Engineer | M/F | (2) Posts |
| 18. | QA/QC Engineer | M/F | (2) Posts |
| 19. | Senior Accountant | F | (2) Posts |
| 20. | Accountant | F | (2) Posts |
| 21. | Graphic Designer | M/F | (2) Posts |
| 22. | Marketing Executive | M/F | (2) Posts |
| 23. | Senior Sales Engineer | M/F | (2) Posts |
| 24. | Sales Engineer/ Junior Sales Engineer | M/F | (4) Posts |
| 25. | HR Assistant (or) Admin Assistant | M/F | (2) Posts |
| 26. | IT | M | (2) Posts |

hr@solarisesys.com [illegible]

# 2021 HAPPY NEW YEAR နှစ်သစ်ဆုတောင်းလွှာ

## GRAND WYNN ENTERPRISES LTD & GRAND FOOD MART

Grand Wynn Group of Companies မှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသော စားသောက်ကုန်ပစ္စည်းများကို ၁၉၉၀ ခုနှစ် မှ ၂၀၂၀ ခုနှစ်အထိ နှစ်ပေါင်း (၃၀) ပုလဲရတု တိုင်အောင် ဝယ်ယူအားပေးသုံးစွဲကြသည့် မိဘပြည်သူများ၊ စီးပွားဖက် မဟာမိတ်လုပ်ငန်းရှင်ကြီးများ၊ ဖြန့်ဖြူးရောင်းချပေးခဲ့ကြသည့် အရောင်းကိုယ်စားလှယ်ကြီးများအားလုံး ၂၀၂၁ ခုနှစ် နှစ်သစ်ကူး နှစ်ဦးမင်္ဂလာ အခါသမယမှစ၍ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကာ စီးပွားဥစ္စာ ဒီရေအလား ဆတက်ထမ်းပိုးတိုးတက်ကာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှစ်သစ်ကူးဆုတောင်း မေတ္တာပို့သအပ်ပါသည်။ ကျွန်တော်များ Grand Wynn Group of Companies အနေဖြင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားကောင်းမွန်သော လူမျိုးမရွေး ဘာသာမရွေး စားသုံးနိုင်သည့် အသား၊ ငါး နှင့် စားသောက်ကုန်ပစ္စည်းများ၊ Dairy-Product နို့ နှင့်နို့ထွက်ကုန်ပစ္စည်းများ၊ Pastry & Bakery မုန့်လုပ်ငန်းသုံး ပစ္စည်းများ၊ Ready For Cook အသင့်ချက်ပြုတ်စားနိုင်သော စားသောက်ကုန်အမျိုးမျိုး နှင့် ကုမ္ပဏီပိုင် စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြု HACCP လက်မှတ်ရ Twin Brothers Seafood Cold Storage မှ ထုတ်လုပ်သော Export Quality ရေချို/ရေငန်ငါး/ပုစွန် အရိုးလွတ် ငါးအသားလွှာ (Fish Fillet) နှင့် ငါးခြောက်မျိုးစုံကို ဖုန်းတစ်ချက်ဆက်ရုံဖြင့် မှာယူသည့်နေရာသို့ အရောက်ပေးပို့သည့် Door to Door delivery Service ဖြင့်ရောင်းချပေးနေပါသည်။ Right Weight-Right Size - Right Quality ဆိုသည့် ဆောင်ပုဒ်အတိုင်း အမှန်တကယ် အရည်အသွေး စစ်မှန်ကောင်းမွန်သော စားသောက်ကုန်များကိုသာ ဖြန့်ဖြူးရောင်းချပေးနေသည့်အတွက် ၁၀၀% အရည်အသွေး အာမခံပါသည်။ အရည်အသွေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာမှားယွင်း လွဲချော်မှုရှိပါကအချိန်မရွေး လာရောက် ပြန်လည်လဲလှယ်နိုင်ပါသည်။ မိဘပြည်သူများအနေဖြင့် မိသားစုအတွက် လိုအပ်သည့် စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် ဆန်၊ ဆီ များကို တစ်နေရာထဲတွင် ပြီးပြည့်စုံစွာ အလွယ်တကူဝယ်ယူနိုင်ရန်အတွက် Grand Food Mart ဆိုင်များတွင် ရောင်းချပေးနေပါသည်။ ဆိုင်သို့မလာနိုင်သူများအနေဖြင့်လည်း အိမ်တိုင်ရာရောက် Delivery စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် www.grandfoodmart.net မှ အလွယ်တကူမှာယူနိုင်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။

**Grand Wynn Group of Companies** မိသားစု

**မိဘပြည်သူများ အလွယ်တကူဝယ်ယူ နိုင်ရန် အတွက် Grand Food Mart ဆိုင်ခွဲများဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ကိုယ်တိုင်လာရောက်ကြည့်ရှု့ဝယ်ယူအားပေးနိုင်ပါသည်။**




### နှစ်သစ်ကူးမေတ္တာလက်ဆောင်အထူးအစီအစဉ်

Grand Food Mart မှ နှစ်သစ်ကူးအထိမ်းအမှတ်အနေဖြင့် 2021 New Year Live Sales အစီအစဉ်ကို Grand Food Mart Facebook Page မှာ နှစ်ဆန်းတစ်ရက်နေ့ (၁.၁.၂၀၂၁) ညနေ (၆း၀၀) နာရီ မှည (၁၀း၀၀) နာရီ အချိန်တွင် အထူးလျှော့ဈေးနှုန်းများ၊ စိတ်လှုပ်ရှားစရာ ကံစမ်းမဲများ၊ ဂိမ်းအစီအစဉ်များ နှင့် ရောင်းချသွားမည့်အပြင် Live Sales အစီအစဉ်တွင် အတူတကွလာရောက်ပါဝင်ပြီး Like & Share ပြုလုပ်သူများအား New Year Present အနေဖြင့် နှစ်သစ်ကူးအချိန်ခါတွင် မိသားစု နှင့် အတူတကွ ပျော်ရွှင်စွာ စားသုံးနိုင်ရန် အတွက် ဘရာဇီးနိုင်ငံ မှ တင်သွင်းသော Sadia အမှတ်တံဆိပ်ကြက်ကောင်လုံး တစ်ကောင်အားအခမဲ့ (FOC) နှစ်သစ်ကူးမေတ္တာလက်ဆောင်ပေးသွားမည် ဖြစ်ပါသဖြင့် Grand Food Mart New Year Live Sales အစီအစဉ်တွင် ဝင်ရောက်ပြီး မိမိစိတ်ကြိုက် ရွေးချယ်ဝယ်ယူရင်း Like & Share ပြုလုပ်ကာ နှစ်သစ်ကူးဆု လက်ဆောင်များကို ရယူလိုက်ပါ။

www.grandfoodmart.net




အထူးအစီအစဉ်တရပ် အနေဖြင့် Grand Food Mart မှ ဖြန့်ဖြူးရောင်းချသည့် စားသောက်ကုန်ပစ္စည်းများအား ကျပ် (၃) သိန်း နှင့် အထက်ဝယ်ယူပါက Gold Card Member အနေဖြင့်လည်းကောင်း၊ ကျပ်(၂)သိန်းနှင့် အထက် ဝယ်ယူပါက Silver Card Member အနေဖြင့် အကျိုးခံစားခွင့် ရမည်ဖြစ်ပြီး Grand Food Mart ဆိုင်တိုင်းတွင် Gold Card Member များအနေဖြင့် 3% Discount, Silver Card Member များအနေဖြင့် 2% Discount ခံစားခွင့်ရရှိမည်ဖြစ်ပါသည်၊ ၎င်းအပြင် အခါအားလျော်စွာ Grand Food Mart Member များအတွက်သာ အထူးပြုလုပ်သည့် Special Sales & Event Promotion များလည်း ထပ်မံခံစားခွင့် ရရှိမည်ဖြစ်ပါသည်၊

အသေးစိတ်သိရှိမေးမြန်းလိုပါက **Hot Line : 01 291319, 9010277** ၊ ဒေါ်အိအိဟန် ၀၉ ၉၆၉၇၇၅၅၆၀၇၊ ဒေါ်အိအိထွန်း ၀၉၉၆၉၉၅၂၀၅၃၊ ဒေါ်အိသူ ၀၉ ၉၆၉၇၇၅၅၆၂၆၊

**Promotion အစီအစဉ်များကို Facebook Page များတွင်ကြည့်ရှုနိုင်ပါသည်။**

facebook.com/easytocookmm, facebook.com/pascualmyanmar, facebook.com/grandfoodmart, facebook.com/momschoicevegetableoil,facebook.com/grandtwinbrothers,facebook.com/arlamyanmar, facebook.com/motherschoicemyanmar,,facebook.com/zadeoilmyanmar,

## ဦးလေးမြင့်
**အသက်(၇၄)နှစ်**
**ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း (ငြိမ်း)**
**အင်းစိန် GTI (ငြိမ်း)**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်း (၅)လမ်း၊ အမှတ်(၇၈၄)နေ ဒေါ်မြမြညွန့်(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း-ငြိမ်း)၏ ခင်ပွန်း၊ ဦးဝေဠုဖြိုး (လဝက)၊ ဦးသိန်းထွန်းအောင်-Dr.ခင်သဥ္ဇာ(MRTV)၊ ဦးရဲရင့်ကျော်-ဒေါ်ဆွေသက်မာတို့၏ ဖခင်၊ မောင်ကောင်းဆင့်သာ၊ မောင်ကောင်းပြည့်ကို၊ မောင်မြတ်ထွဋ်ခေါင်တို့၏အဘိုး ဦးလေးမြင့်သည် ၃၁-၁၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃:၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၂၁ (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြသက်တင်(ခ)ဒေါ်ပိုက်ပိုက်
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၁၅၈)၊ ခြောက်လွှာ၊ အခန်း(၄၆)နေ ဦးခင်မောင်မြင့် (M.P.P.E၊ ခနိတော) ၏ဇနီး၊ (ဦးတင်အောင်-ဒေါ်တင်ချစ်)တို့၏ သမီးကြီး၊ (ဦးလှရွှေ-ဒေါ်မြဝင်း)တို့၏ သမီးချွေးမ၊ ဦးထွန်းလှိုင်ဝင်း၊ ဦးတင်ထက်ကျော်-ဒေါ်ခင်သူဇာ၊ ဦးမြတ်သူထွန်း-ဒေါ်ခင်မူယာတို့၏ မိခင်ကြီး၊ မောင်သော်ဇင်ညီမ်း (MAEU)၊ မောင်အောင်ခန့်မြတ်(အထက-၅၊ ဗိုလ်တထောင်)၊ မောင်ဟိန်းထက်သူတို့၏အဘွား ဒေါ်မြသက်တင်(ခ)ဒေါ်ပိုက်ပိုက်သည် ၃၁-၁၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၁ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ချစ်**
**အသက်(၉၀)**

ပါမောက္ခ ဒေါက်တာဦးမြင့်စိုးဝင်းနှင့် ဒေါ်လှလှဌေးတို့၏ မိခင်ကြီး ဒေါ်ခင်ချစ် အသက်(၉၀)သည် ၃၀-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာကျော်မြင့်နှင့် ဇနီး ဒေါ်နီလာသော် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ညွန့်ညွန့်မေ**
**အသက်(၇၈)နှစ်**

ဦးသက်ဝေအောင် [လက်ထောက်ညွှန်ကြားရေးမှူး၊ တံတားအထူးအဖွဲ့(၁၁)]၏ ချစ်လှစွာသောမိခင် ဒေါ်ညွန့်ညွန့်မေသည် ၃၁-၁၂-၂၀၂၀ ရက် နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အင်ဂျင်နီယာချုပ်နှင့် ဝန်ထမ်းမိသားစု**
**သန်လျင်တံတား အမှတ်(၃)PMU**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ညွန့်ညွန့်မေ**
**အသက်(၇၈)နှစ်**

ဦးသက်ဝေအောင် [လက်ထောက်ညွှန်ကြားရေးမှူး၊ တံတားအထူးအဖွဲ့(၁၁)]၏ ချစ်လှစွာသောမိခင် ဒေါ်ညွန့်ညွန့်မေသည် ၃၁-၁၂-၂၀၂၀ ရက် နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တံတားအထူးအဖွဲ့(၁၁)**
**ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ညွန့်ညွန့်မေ**
**အသက်(၇၈)နှစ်**

ဦးသက်ဝေအောင် [လက်ထောက်ညွှန်ကြားရေးမှူး၊ တံတားအထူးအဖွဲ့(၁၁)]၏ချစ်လှစွာသောမိခင် ဒေါ်ညွန့်ညွန့်မေသည် ၃၁-၁၂-၂၀၂၀ ရက် နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တံတားအထူးအဖွဲ့(၁၂)**
**ဝန်ထမ်းမိသားစု**

**မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)**

## ဦးတင်သိန်း
**အသက်(၈၉)နှစ်**
**ဂုဏ်ထူးဆောင်နာယက အပူဇော်ခံသက်ကြီး**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်နေ (ဦးထွန်းဖေ-ဒေါ်ရွှေစိန်)တို့၏ သား၊ ပန်းပဲတန်းမြို့နယ်၊ အမှတ်(၂၁၇)၊ အနော်ရထာလမ်းနေ (ဒေါ်မြမြစေ)၏ခင်ပွန်း ဦးတင်သိန်း (TM-ခတ်ပုံဘောင်လုပ်ငန်း)သည် ၂၇-၁၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/သားများအား သိစေအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ညို
**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၃)ရပ်ကွက်၊ ခိုင်မာလာလမ်း၊ အမှတ်(၁၄၄)နေ (ဦးဝင်းသော်)၏ ဇနီး၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး(ငြိမ်း)(အထွေထွေမန်နေဂျာ၊ ကစလ-၃၊ MOPFI)-ဒေါ်နွယ်နွယ်ဦး၊ ဒေါ်ခင်စောယု (ဒုတိယအထွေထွေမန်နေဂျာ၊ ကစလ-၁၊ MOPFI)၊ ဒေါ်ခင်စောနု (SAT-အထက-၇၊ ရွှေပြည်သာ)၊ ဒေါက်တာခင်စောအေး (ဒုတိယညွှန်ကြားရေးမှူး၊ အမျိုးသားမော်ကွန်းတိုက်)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မောင်ထက်အောင်ခန့်၊ မောင်ထက်အောင်သန့်တို့၏အဘွားသည် ၃၀-၁၂-၂၀၂၀ ရက် နံနက် ၁၀:၂၆ နာရီတွင် တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံကြီး၌ ၈၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရယင်းနေ့ညနေ ၃ နာရီတွင် ကျူချောင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်မေ
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ (ဦးစိန်မောင်-ဒေါ်ကြင်ကြင်)တို့၏ သမီး၊ တောင်ငူမြို့နေ (ဦးဘာဟိုက်-ဒေါ်စိန်)တို့၏ သမီးချွေးမ၊ (ဦးကျော်ဝင်း)-ဒေါ်လှလှဌေးတို့၏ ညီမ၊ ဒေါက်တာရဲဝင်း-ဒေါက်တာခင်မျိုးချစ်၊ ဦးခင်မောင်တင့်-ဒေါ်ခင်မျိုးမြင့်၊ (ဦးဇော်မြင့်)၊ (ဒေါ်ခင်ချိုချို)တို့၏ အစ်မ၊ (ဦးအောင်ကြည်)၏ ဇနီး၊ ဦးသက်ဝေအောင် [လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၁)]-ဒေါ်သင်းသင်းမျိုးတို့၏ မိခင်၊ မောင်သီဟန်လင်းသက်၏ အဘွား၊ တူ/တူမ လေးယောက်တို့၏အဒေါ် ဒေါ်ညွန့်ညွန့်မေသည် ၃၁-၁၂-၂၀၂၀ ရက် နံနက် ၆:၁၀ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ဖေ(ကျွန်းလှမြို့)
**ဒု-ဦးစီးမှူး (သ/မ) အငြိမ်းစား (သန်လျင်)**
**အသက်(၇၇)နှစ်**

(ဦးသာဖြိုး-ဒေါ်လေးသူ)တို့၏ သား၊ (ဦးဘိုဒွေး-ဒေါ်မြစိန်)တို့၏ သားသမက်၊ အမှတ်(၃၀)၊ မင်္ဂလာလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့နေ ဒေါ်တင်ကြည် (အထက-၂၊ သန်လျင်-ငြိမ်း)၏ ခင်ပွန်း၊ ဦးတင်ထွန်းအောင်-ဒေါ်ဝါဝါဆွေ၊ ဒေါ်လတ်လတ်မွန်၊ ဦးအောင်မျိုးတို့၏မွေးသဖခင်၊ မောင်လင်းထက်အောင်၊ မောင်ရန်ပိုင်ဦးတို့၏အဘိုး ဦးတင်ဖေ သည် ၃၁-၁၂-၂၀၂၀ ရက် ညနေ ၃:၀၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းလင်းအောင်
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၄၃)၊ သုံးလွှာနေ ဦးဌေးအောင်(ဒုရဲမှူးကြီး-ငြိမ်း)-ဒေါ်သန်းသန်း တို့၏ သားကြီး၊ ဒေါ်ယဉ်ယဉ်ကြည်၏ခင်ပွန်း၊ မဝေဦးလွင်၊ မောင်စိုးထက်ဇေယျာတို့၏ ဖခင်၊ ဦးဘိုဘို-ဒေါ်ဝင်းပပအောင်တို့၏ အစ်ကို၊ မောင်သုတဘိုဘို၏ ဦးကြီးသည် ၃၀-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၂၁ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်နိုင်ဦး(ခ)ကိုဖိုးနိုင်
**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၈၅)နေ ဦးအုန်းကျော်-ဒေါ်အေးအေးကြည် (ဖိုးလမင်း-ရေခဲချောင်း၊ ရေခဲမုန့်)တို့၏ သား၊ ဒေါ်ဟီရာဟာရမိအဲ၏ ခင်ပွန်း၊ တိုမိုကီ၊ မီဟိုကျန်၊ မဆုမြတ်ကျော်နိုင်တို့၏ ဖခင်၊ ဦးညီညီမောင်-ဒေါ်ဇာခြည်နွယ်တို့၏ အစ်ကို/မောင်၊ ဖြူစင်မောင်(ခ) ဖောင်းဖောင်း၏ ဘကြီး၊ (ဦးမောင်မောင်ဦး-ဒေါ်စန်းစန်းမြင့်)၊ ဦးတင်ထူး-ဒေါ်နွဲ့နွဲ့ဝင်းတို့၏တူ ဦးကျော်နိုင်ဦး(ခ)ကိုဖိုးနိုင်သည် ၃၁-၁၂-၂၀၂၀ ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂-၁-၂၀၂၁ ရက် နံနက် ၁၁ နာရီတွင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း အလှူဒါယကာကြီး**

## ဦးစံရွှေမောင် (ပြည်နယ်ပညာရေးမှူး-ငြိမ်း)
**ရွှေမြစတိုး**
**အသက်(၈၄)နှစ်**
**စစ်တွေမြို့၊ မြောက်ဦးခရိုင်**

ရန်ကုန်မြို့၊ တိုက်(၂)၊ အခန်း(၂)၊ သံသုမာလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးနှောင်းဘော်-ဒေါ်ဒါလှ)တို့၏ သား၊ (ဦးဘထွန်း-ဒေါ်နော်ဇာ)တို့၏ သားသမက်၊ [ဒေါ်လှသိန်း(ခ)ဒေါ်ရီမေ]၏ချစ်လှစွာသောခင်ပွန်း၊ [ဒေါ်သန္တာအေး (သရုပ်ပြ၊ ရုပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)]၊ ဒေါ်လှဲ့လှဲ့ဝင်း(အလပြ)-ရဲမှူးခင်မောင်ဖြူ၊ ဒေါ်ခင်အေးနွယ်-ဦးတင်အောင်စော(လ/ထ ညွှန်မှူး ဆ/မ)၊ ဦးမြင့်မောင် (ရွှေမြစတိုး)-ဒေါ်လှသူဇာခိုင်၊ ဒေါ်ဖြူဖြူဝင်း (အထပြ၊ အထက-၁၊ သင်္ဃန်းကျွန်း)-ဦးဝင်းထွန်း (ဝင်းဆေးနှင့်စတိုး)၊ ဒေါ်အေးအေးလှိုင်-ဦးသိန်းဇော် တို့၏ ချစ်ရစွာသောဖခင်၊ [မောင်စံလင်းကျော်(ခ )မောင်ရီဝေယံလင်းထက်]၊ မအိကေဇင်အောင်(BBM.First year)၊ မောင်စံလင်းဖြိုး(BE.Mechatronic, First year)၊ မောင်ဇင်မင်းသန့် (B.Eng Civil, First year)၊ မောင်စောဝဏ္ဏအောင် (Grade-10၊ စနစ်သစ်၊ မလှိုင်မိသားစုကျောင်း)၊ မောင်စံလင်းနိုင်(Grade-5)၊ မခင်စန္ဒီထက်(Grade-4)၊ မောင်လှမောင်သိန်း၊ မောင်စံမင်းခိုင်(ခ)မောင်အောင်ဘုန်းမြတ်တို့၏ ချစ်လှစွာသောအဘိုးသျှင်သည် ၂၇-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၇:၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ပြောင်းသွားပါ၍ ၂၈-၁၂-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေ၊ တပည့် တူ/သားသမီးများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ဇရပ် ဒါယကာကြီး**

## ဦးအောင်သွင်
**အသက်(၆၆)နှစ်**
**ရန်ကုန်မြို့**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စပယ်ဖြူအိမ်ရာ၊ တိုက်(B)၊ အခန်း(၆၀၁)နေ ဦးသန်းမောင်-(ဒေါ်လှမြင့်)တို့၏ သားကြီး၊ (ဦးစိန်လျှန်း-ဒေါ်ရှုတင်)တို့၏ သားသမက်၊ ဒေါ်ဥမ္မာအေး (FNIG Co.,Ltd)၏ ခင်ပွန်း၊ ဦးကျော်ကျော်အုန်း-ဒေါ်မြင့်မြင့်အေး၊ ဦးရဲမြင့် (YOMA Bank)-ဒေါ်ခင်စိုးစိုးလှိုင်၊ ဦးမျိုးမြင့်(ခေတ္တ-USA)-ဒေါ်အေးသင်းစီ၊ ဒေါက်တာသန်းနိုင်မင်း (ထားဝယ်ပြည်သူ့ဆေးရုံကြီး)-ဒေါ်ခင်အေးမြင့် တို့၏ အစ်ကိုကြီး၊ ဦးခင်မောင်ဝင်း-ဒေါ်သင်းသင်းသွယ်တို့၏ မောင်၊ ကိုသန်းထိုက်စိုး(KBZ Life)-မခင်မာလာ(မြန်မာ့အာမခံလုပ်ငန်း)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၃၀-၁၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂:၄၄ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ည ၇ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဝင်းမြင့်(ခ)ဦးငယ်လေး
**အသက်(၆၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၅)လမ်း၊ အမှတ် (၁၉၉)နေ (ဦးကျော်ညွန့်)-ဒေါ်လှတင်တို့၏သား၊ (ဦးလှရီ-ဒေါ်ဝင်းကြည်)တို့၏သားသမက်၊ ဒေါ်ခင်ရီမြင့်(ခ)အန်တီမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝေယံဟိန်း (Rainbow Bridge Distribution Co.,Ltd.)-ဒေါ်စုလှဲ့ဝင်း(edotco Myanmar Ltd)၊ ဦးကျော်မင်းဟန် (GYCT Co., Ltd)-ဒေါ်အေးစုငြိမ်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဦးအောင်မြင့်၏ ညီ၊ ဦးစိုးသိန်း-ဒေါ်သန်းအေး(ခ)ဒေါ်ဘေဘီ၊ ဦးကြည်လင်(ခ)တုတ်ပေါ်-ဒေါ်သင်းသင်းခိုင်၊ (ဦးကျော်ဇေယျ)-ဒေါ်သန်းထွေး(ခ)ဒေါ်ဒေစီ၊ ဦးကျော်ဆွေ-ဒေါ်အေးအေးမြင့်၊ (ဦးချစ်ထွေး)-ဒေါ်တင်တင်အေးတို့၏ အစ်ကို၊ တူ/တူမ ၂၇ ယောက်တို့၏ ဦးလေး၊ မြေးတစ်ယောက်၏ အဘိုးသည် ၂၉-၁၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အနိစ္စ**

**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ ဦးသက်ဝေအောင် [လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၁)၊ တံတားဦးစီးဌာန]၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ညွန့်ညွန့်မေသည် ၃၁-၁၂-၂၀၂၀ ရက် နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ**
**နှင့် တံတားဦးစီးဌာန မိသားစု**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးကျော်နိုင်ဦး(ခ)ဖိုးနိုင်**
**အသက်(၄၉)နှစ်**
**(ဖိုးလမင်း) ရေခဲမုန့်နှင့်နို့အေးချောင်း**
**သူငယ်ချင်းဖိုးနိုင် အကြွေစောလွန်းတယ်**

စိတ်သဘောထား အလွန်ကောင်းမွန်ပြည့်ဝသော ငယ်သူငယ်ချင်း ဖိုးနိုင်သည် ၃၁-၁၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် အလွန့်အလွန် ဝမ်းနည်းကြေကွဲရပါတယ်။ ဖိုးနိုင် ကောင်းရာသုဂတိလားပါစေ။

**အထက(၂) ဗိုလ်တထောင်မှ**
**ငယ်သူငယ်ချင်းများ**

# ဒီဇင်ဘာ ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၈၉၀ တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၃၁-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၃၀-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၀၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၈၉၀) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၃၁-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၂၉၄) ခု | (၁၀၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၅၉၆) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၈၉) ခု | (၅၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၄၉၄) ခု | (၂၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၄၅) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မုံရွာ) | (၃၀၄) ခု | - |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၉၀) ခု | (၂၅) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၂) ခု | (၂၂) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၁၉၄) ခု | (၃၇) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၆) ခု | (၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၅၇) ခု | (၁၀၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇,၃၈၀) ခု | (၄၉၁) ဦး |
| စုစုပေါင်း | (၂၄,၀၀၇) ခု | (၈၉၀) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍



## မိုင်းဖြတ်၌ နှာခေါင်းစည်းနှင့် မျက်နှာအကာများ အခမဲ့ဖြန့်ဝေ

**မိုင်းဖြတ် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၃၁ ရက် နံနက် ၇နာရီခွဲခန့်က ယာယီပျံကျဈေး၊ မြို့မဈေးနှင့် ပြည်ထောင်စုလမ်းမကြီးပေါ် သွားလာနေကြသည့် ပြည်သူများကို အသိပညာပေး၍ နှာခေါင်းစည်း၊ မျက်နှာအကာများကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

**အခမဲ့ဖြန့်ဝေ**

ရှေးဦးစွာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်၊ အတွင်းရေးမှူး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်မျိုးဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယာယီပျံကျဈေးရှိ ဈေးရောင်း၊ ဈေးဝယ်များကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေး၍ နှာခေါင်းစည်းနှင့် မျက်နှာအကာများကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့သည် မြို့မဈေးနှင့် မြို့မဈေးရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သွားလာနေသူများကို အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခြင်းတို့ ဆောင်ရွက်ကြပြီး ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို အသိပညာပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## လက်ရွေးစင်အသင်းလေးသင်း ဇန်နဝါရီလ ဒုတိယပတ်တွင် စတင်လေ့ကျင့်နိုင်ရန် ကြိုးပမ်းနေ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အသင်းများအနက် အသင်းလေးသင်းအား နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်သည့်အနေဖြင့် ဇန်နဝါရီလ ဒုတိယပတ်တွင် စတင်လေ့ကျင့်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကိုရိုနာဗိုင်းရပ်စ်ကာလဖြစ်သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များအတိုင်းလေ့ကျင့်နိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း၊ ယူ-၂၂ အမျိုးသားအသင်း၊ ဖူဆယ်လက်ရွေးစင်အမျိုးသားအသင်းတို့ စတင်လေ့ကျင့်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒




# နှစ်သစ်ဆုမွန်လွှာ

နှစ်သစ်မင်္ဂလာ အခါသမယတွင် မြန်မာ ပြည်သူ/ပြည်သားအပေါင်း၊ ကမ္ဘာသူ/ကမ္ဘာသားအပေါင်း ဘေးဘယာ ဝေးကွာ ကျန်းမာရွှင်လန်း၍ စီးပွားလာဘ်လာဘများ တိုးတက်ကြပါစေကြောင်း မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် KS DIAMOND Diamonds & Jewellery စိန်ရတနာဆိုင် မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။